# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၂)ရက် ၊ တနင်္လာနေ့ ၊ (28-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၅၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ⚐

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆေးတက္ကသိုလ်(၁) ရန်ကုန်ဝင်းအတွင်း ရှေးယခင်က တည်ရှိခဲ့သည့် လိပ်ခုံးပုံ(MULTI–PURPOSE ASSEMBLY HALL)အဆောက်အအုံကို မူလပုံစံမပျက် ခေတ်မီဆန်းသစ်သည့်အသွင်ဖြင့် အသစ်ပြန်လည်တည်ဆောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

## ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ခတ္တာလမ်း အမှတ်(၂၃)ရှိ ရှိုင်ရယ်ခတ္တာဟိုတယ် ဓာတ်အားခိုးယူသုံးစွဲနေကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၇**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တရားမဝင် ဓာတ်အားခိုးယူသုံးစွဲမှုများကို စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးဖော်ထုတ်လျက်ရှိရာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ရုံးချုပ်၊ ခရိုင်၊ မြို့နယ်ပါဝင်သော အဖွဲ့ဖြင့် စက်တင်ဘာ ၂၄ ရက်တွင် စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ခတ္တာလမ်း အမှတ်(၂၃) ရှိုင်ရယ်ခတ္တာဟိုတယ်သည် လျှပ်စစ်မီးခိုးယူသုံးစွဲထားကြောင်းစစ်ဆေးပေါ်ပေါက်သဖြင့် မီတာကို ချက်ချင်းဖြုတ်ယူသိမ်းဆည်းခဲ့ပြီး နိုင်ငံတော်က နစ်နာဆုံးရှုံးခဲ့သည့် ငွေကျပ် ၁၃၈ ဒသမ ၂၃၆ သန်းကို ပြန်လည်ပေးသွင်းစေရေးနှင့်

စာမျက်နှာ ၂၀ ကော်လံ ၁ ✱




ရှိုင်ရယ်ခတ္တာဟိုတယ်၏ စီတီမီတာ အမှတ် (YCB–001232) အတွင်း Control Circuit နှင့် relay တပ်ဆင်ပြီး တရားမဝင် ဓာတ်အားသုံးစွဲခဲ့မှုကို စစ်ဆေးတွေ့ရှိစဉ်။

## တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှု ဖြစ်ပွားသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်တွင် စက်တင်ဘာ၂၆ ရက် ညနေပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပလောက်ချောင်းရေမြင့်တက်၍

စာမျက်နှာ ၂၀ ကော်လံ ၁ ❑



သရက်ချောင်းမြို့ပေါ် ရပ်ကွက်များတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နယ်မြေခံ တပ်မတော်သားများက ရေဘေး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။



## အားကောင်းသော လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် စက်တင်ဘာ ၂၇**

ယနေ့ည ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မွန်–တနင်္သာရီကမ်းရိုးတန်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် မြောက်–အနောက်မြောက်ဘက်သို့ ဖြည်းညှင်းစွာရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ

စာမျက်နှာ ၂၀ ကော်လံ ၁ ●

ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၈ ရက်
အယ်ဒီတာ့အာဘော်

# ကြိုတင်ကာကွယ် ခွေးရူးရောဂါအန္တရာယ်

ခွေးရူးရောဂါကာကွယ်ဆေးကို ပထမဆုံးရှာဖွေဖော်ထုတ်ခဲ့သော သိပ္ပံပညာရှင် Louis Pasteur ၏ တွေ့ရှိချက်နှင့် ဆောင်ရွက်ချက်ကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် စက်တင်ဘာ ၂၈ ရက်ကို "ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ (World Rabies Day) အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က သတ်မှတ်ထားပြီး ထိုနေ့ရောက်တိုင်း အသိပညာပေးဆောင်ပုဒ်များထုတ်ပြန်၍ ခွေးရူးရောဂါအကြောင်း လှုံ့ဆော်အသိပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ယခုနှစ် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့အတွက် ချမှတ်ထားသည့်ဆောင်ပုဒ်မှာ "လက်တွဲညီညီပူးပေါင်းလို့ ခွေးရူးရောဂါတိုက်ဖျက်စို့" ဟူ၍ဖြစ်သည်။

ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့၏ ရည်ရွယ်ချက်များမှာ ခွေးရူးရောဂါနှင့်ပတ်သက်သော အသိပညာတိုးပွားစေရန်၊ ခွေးရူးရောဂါကြောင့် နှစ်စဉ်လူဦးရေပေါင်း မည်မျှသေဆုံးနေရကြောင်း သတိပေးရန်၊ ခွေးရူးရောဂါကာကွယ်ရန်အတွက် အိမ်မွေးတိရစ္ဆာန်များကို ကာကွယ်ဆေးထိုးနှံခြင်း၏ အရေးကြီးပုံကို မီးမောင်းထိုးပြရန်၊ ခွေးကိုက်ခံရပါက ချက်ချင်းဆေးကုသမှုခံယူရန်လိုအပ်ကြောင်း ပညာပေးရန် စသည်တို့ဖြစ်သည်။

ခွေးရူးရောဂါသည် Rhabdo ခေါ် ကျည်ဆန်ပုံဗိုင်းရပ်ကြောင့်ဖြစ်ပွားရပြီး ဦးနှောက်နှင့် အာရုံကြောအဖွဲ့အစည်းတို့ကို အဓိကတိုက်ခိုက်သည်။ အဆိုပါဗိုင်းရပ်သည် လူအပါအဝင် သွေးနွေးသတ္တဝါအားလုံးကို ကူးစက်စေနိုင်သည်။ ယနေ့ကမ္ဘာပေါ်တွင် အဆိုပါဗိုင်းရပ်အဖြစ်များသော သတ္တဝါများမှာ ခွေး၊ ကြောင်၊ လင်းနို့ စသည့်တိရစ္ဆာန်များဖြစ်ကြသည်။ အာရှနှင့်အာဖရိကနိုင်ငံများတွင် ခွေးနှင့်ကြောင်တို့ကြောင့် ခွေးရူးရောဂါဖြစ်ပွားကြပြီး တောင်အမေရိကတိုက်များတွင် လင်းနို့များမှတစ်ဆင့် ခွေးရူးရောဂါအများဆုံး ပြန့်ပွားလေ့ရှိသည်။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) ၏ စစ်တမ်းအရ လူများတွင် ခွေးရူးရောဂါဖြစ်ရခြင်း၏ ၉၉ ရာခိုင်နှုန်းအထက်မှာ ခွေးကိုက်ခံရခြင်းကြောင့်ဖြစ်သည်။

အိမ်မွေးခွေးများ အမူအရာပြောင်းသွားခြင်း၊ ထိုင်းမှိုင်းပြီး အစာမစားခြင်း၊ အလိုလိုနေရင်း ရန်လိုကာ ကိုက်ခြင်း၊ တုတ်ချောင်း၊ စက္ကူ စသည့်မြင်မြင်သမျှကို ကိုက်ခြင်း၊ ဝါးခြင်း၊ ကြောက်ရွံ့အားငယ်ခြင်း၊ ဦးတည်ရာမဲ့ပြေးလွှားခြင်း၊ အသံအက်ဖြင့်အူခြင်း၊ ဟောင်ခြင်း၊ အစာနှင့်ရေမျိုချရန် ခက်ခဲခြင်း၊ နောက်ဘက်ခြေထောက်များ ဆိုင်းသွားခြင်း၊ အလင်းရောင်ကို ကြောက်ခြင်း၊ မျက်စိသူငယ်အိမ်ကျယ်ခြင်း၊ ခက်ခက်ခဲခဲ အသက်ရှူခြင်း၊ မေးရိုးများဟနေပြီး သွားရည်များ အများအပြားကျနေခြင်း စသည်တို့ကို တွေ့မြင်ပါက ခွေးရူးရောဂါဖြစ်နေပြီဟု သိရှိကြရန်လိုပေသည်။

မြန်မာနိုင်ငံအနေဖြင့် ခွေးရူးရောဂါဖြစ်ပွားမှု လျှော့ချနိုင်ရန်အတွက် အမျိုးသားစီမံကိန်း (၂၀၁၈-၂၀၃၀) ကို ရေးဆွဲထားပြီး ထိုစီမံကိန်းအရ ခွေးများကို ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံခြင်းများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဆောင်ရွက်နေသကဲ့သို့ လူတိုင်းလူတိုင်းအနေဖြင့်လည်း မိမိတို့၏ အိမ်မွေးခွေး၊ ကြောင် တို့ကို ခွေးရူးရောဂါကာကွယ်ဆေး မှန်မှန်ထိုးနှံပေးခြင်းသည် မိမိနှင့် မိသားစုကိုသာမကဘဲ ပတ်ဝန်းကျင်ရှိ အခြားသူများကိုလည်း ခွေးရူးရောဂါအန္တရာယ်ကနေ ကာကွယ်နေခြင်းဖြစ်ပေရာ ကြိုတင်ကာကွယ်နိုင်သည့် ခွေးရူးရောဂါကြောင့် သေဆုံးမှုမရှိစေရန် ကျန်းမာရေးအသိသတိတို့ဖြင့် နေထိုင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ကနီမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၃၅၂၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

**ကနီ စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၃၅၂၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၃၅၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ ကြက်သွန်နီ ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ကြက်သွန်နီ စိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကို ကွင်းဆင်း ဆောင်ရွက်ပေးသွားမှာပါ"ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ကနီမြို့နယ်တွင် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီစိုက် တောင်သူများကို အထွက်နှုန်းကောင်းမွန်ရန်၊ မျိုးကောင်းမျိုးသန့်များ သုံးစွဲနိုင်ရန်၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ရေချိုဘူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျှော့ကျစေရန်ရည်ရွယ်၍ ရေချိုဘူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၅ ဒသမ ၉၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါရေချိုဘူတာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၂၃ ဒသမ ၄၅ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၂၅ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၅ ဒသမ ၅၅ သန်းနှင့် အခြားလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၈ ဦးကို စီမံကိန်း ရန်ပုံငွေကျပ် ၅၅ ဒသမ ၉၅သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင် ထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် တိုင်ထောင်ပဲသီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



**မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် တိုင်ထောင်ပဲသီးများ ဝယ်ယူမှု အားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် တိုင်ထောင်ပဲသီးများ ကုန်စိမ်းဈေးကွက်တွင် ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှု ကောင်းလာပြီး တစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိဿာ ၄၀၀၀ မှ ပိဿာ ၅၅၀၀ ထိ အရောင်းအဝယ် ကောင်းမွန်လာကြောင်း သိရသည်။

''ဒီဘက်ကနေထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေတာပါ။ အခုလို ဒေသထွက် တိုင်ထောင်ပဲသီးတွေ ဝယ်ယူမှုကောင်းလာတော့ တိုင်ထောင်ပဲသီးစိုက် တောင်သူတွေ အလုပ်အကိုင် အဆင်ပြေလာပါတယ်''ဟု မော်လမြိုင်ကျွန်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် တိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၇၈၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၌ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက် ကမ္ဘာကျော်မွေ့ရာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးဆန်းမောင်၊ မြို့တော်စည်ပင်သာယာရေးကော်မတီ အုပ်ချုပ်ရေးမှူး ဦးဇေယျာငြိမ်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငြိမ်းမြတ်နှင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ဒေါ်အေးအေးမျိုးတို့က ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

# စဉ့်ကိုင်မြို့နယ် ဇော်ဂျီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇော်ဂျီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ဇော်ဂျီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၁ ဒသမ ၄၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၂၀ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၅ ဦးကို ငွေကျပ် ၃၀ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၁ ဒသမ ၄၅ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးထံမှ သိရသည်။

**အောင်ရဲကျော်**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၁၀၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကန့်ဘလူ စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၁၀၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၅၃၁၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို စက်တင်ဘာလပထမပတ်မှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၁၀၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲတီစိမ်း ၅၅၃၁၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၂၁၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ကျင်းသာ(ရှေ့) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျင်းသာ(ရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျင်းသာ(ရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၃ ဒသမ ၇ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ကျင်းသာ (ရှေ့) ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၉ ဦးကို ရန်ပုံငွေကျပ် ၆၃ ဒသမ ၇သန်းထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်ထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဧယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဧယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးများ တင်ပို့ရောင်းချလျက်ရှိရာ ဇူလိုင်လအတွင်း ဧယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ဧယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ဝါးခယ်မမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဧယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဝါးခယ်မမြို့နယ်က ဆန်စပါးအပြင် လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ဧယာဆန်အမျိုးအစားက စားကောင်းတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဧယာဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ဧယာဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ဧယာဆန်က အရောင်းအဝယ် ပိုဖြစ်နေပါတယ်"ဟု ဝါးခယ်မမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဧယာဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဧယာဆန်အိတ်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေသည့်အတွက် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# သမိုင်းစာမျက်နှာ

**ချစ်နိုင်(စိတ်ပညာ)**

**"စစ်ပွဲဆင်နွှဲရာတွင် ရန်သူတို့ရှုံးနိမ့်လိမ့်မည်ဟူသော အချက်အပေါ်တွင် အခြေမပြုရ၊ ရန်သူကို တိုက်ခိုက်ရန် အဆင်သင့်ဖြစ်နေမှုအပေါ်တွင်သာ အခြေပြုဆောင်ရွက်ရမည်။ ရန်သူက တိုက်ခိုက်လာမှု မပြုသေးသည့်အပေါ် အခြေပြုဆောင်ရွက်ခြင်းမပြုဘဲ တိုက်ခိုက်လာလျှင် ခုခံနိုင်မှုစွမ်းရည် မိမိတို့ပြည့်ဝနေရေးအပေါ်တွင်သာ အခြေပြုဆောင်ရွက်ရမည်"**

**ဆွန်ဇု(ဘီစီ ၅၄၄-၄၉၆)**

**(ဘီစီ လေးရာစု တရုတ်စစ်သူကြီး)**

**(Art of War)**

**နိဒါန်း**

လူငယ်များသည် အတိတ်သမိုင်းကို စိတ်ဝင်စားကြပါ၏လောဟူသော မေးခွန်းကို စာရေးသူမဖြေနိုင်ပေ။ ဘယ်မြို့ ဘယ်ရွာရှိ လူငယ်ပေါင်းဦးရေ တစ်ထောင်ခန့်ကို မြန်မာ့သမိုင်းထဲက ဖြစ်ရပ်နှင့် အခြေအနေအချို့ကို နမူနာမေးခွန်း ၁၀ ခုလောက် မေးမြန်းထားသည့် အဖြေစစ်တမ်း ၁၀ ခုလောက်က ထွက်ပေါ်သောရလဒ်ကို မှုတည်သုံးသပ်မှသာ အနီးကပ်ဆုံး အဖြေမှန်ကို မြေပြင်အခြေအနေသက်သေနှင့်တကွ ရရှိနိုင်ပေလိမ့်မည်။ စနစ်ကျသော သုတေသနရလဒ်သဘော။

ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်စသည့် ကျောင်းတော်ကြီးများတွင် ဘွဲ့ယူရန် သမိုင်းဘာသာအဓိကဖြင့် တက်ရောက်သင်ယူနေသော ကျောင်းသား၊ ကျောင်းသူ ဦးရေသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒစသော ဝိဇ္ဇာ၊ သိပ္ပံဘာသာ အဓိကဘာသာများထက် သိသိသာသာ ဦးရေနည်းနေကြသည်ဟုကား ကြားဖူးနေသည်။ မည်မျှမှန်သည်ကိုတော့ အတိအကျမသိပေ။ ရှိပါစေတော့။

သမိုင်းဆိုသည်မှာ မြန်မာ့သမိုင်းဖြစ်စေ၊ ကမ္ဘာ့သမိုင်းဖြစ်စေ အတိတ်ကာလ ဖြစ်ရပ်ဖြစ်စဉ်များကို သုံးသပ်လျက် သင်ခန်းစာဖော်ထုတ်ချက်နှင့်တကွ လေ့လာမှတ်သားသော ဘာသာရပ်၊ ပညာရပ်ဖြစ်ပေသည်။ စာရေးသူက သမိုင်းကို စိတ်ဝင်စားခဲ့သည်။ လေ့လာရန် ဝါသနာပါပါသည်။

**သမိုင်း**

သမိုင်းပညာကို အခြေခံပညာကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားအောင် သင်ကြားပြသနိုင်သည့် ဆရာဦးရေ သိသိသာသာနည်းပါးသွားသည့် နောက်ပိုင်းတွင် ကျောင်းသင်ပညာရေးသည် သမိုင်းအသိအမြင် တိုးပွားရေးသည် အားနည်းသွားခဲ့ပုံရပေသည်။ ကျောင်းစာသင်ခန်းမှာ သမိုင်းကို မသင်ယူချင်၊ စိတ်မဝင်စားဟု ဆိုကြစေဦး။ ကိုယ်ပိုင်အချိန်တွင် အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်၊ ဌာနဆိုင်ရာစာကြည့်တိုက်၊ ပြန်ကြားရေး မြို့နယ်စာကြည့်တိုက်များသို့သွားရောက်၍ အနည်းဆုံး အောက်ပါစာအုပ်မျိုးလောက်တော့ လူငယ်များသည် ဗဟုသုတအလို့ငှာ ဖတ်ရှုသင့်ကြလေသည်။ နမူနာအနေနှင့် အနည်းငယ်ဖော်ပြပါရစေ–

(ကုန်းဘောင်မင်းဆက်၊ ပထမဘုရင် ဦးအောင်ဇေယျ နန်းတက်သော ၁၇၅၂ ခုနှစ်မှ ၁၁ ဆက်မြောက် ရတနာပုံဘုရင် မောင်မျိုးဆက် (ခ) သီပေါမင်းနန်းကျခဲ့ရှာသော ၁၈၈၅ ခုနှစ်ထိ ကာလအားဖြင့် ၁၃၃ နှစ်ကြာခဲ့သည့် ကုန်းဘောင်ခေတ်သည် ဗြိတိသျှနယ်ချဲ့က ၆၂ နှစ်ကြာမျှ ကျားကုတ်ကျားခဲ စစ်ပွဲသုံးကြိမ်ဆင်နွှဲကာ သိမ်းပိုက်အုပ်ချုပ်ခဲ့သော မြန်မာ့ရေးခေတ်သည် စိတ်ဝင်စားဖွယ်အကောင်းဆုံးအပိုင်း ဖြစ်ပါသည်။ မယုံလျှင် အောက်ပါစာအုပ်အချို့ကို ဖတ်ရှုကြည့်နိုင်ပါသည်။ သမိုင်း၊ မှတ်တမ်း၊ ဆောင်းပါး၊ ဝတ္ထု မှတ်မိသမျှ ဖော်ပြပါသည်။)

| | |
|---|---|
| ၁။ ဦးကုလား | ရာဇဝင် |
| ၂။ – | မှန်နန်းရာဇဝင်တော်ကြီး၊ |
| ၃။ ဒေါက်တာကျော်သက် | ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း (၁၉၆၂)၊ |
| ၄။ ဇေယျ | ကျောက်မြောင်းတိုက်ပွဲ၊ |
| ၅။ ညိုမြ | ကုန်းဘောင်ရှာပုံတော်(၁၉၈၃)၊ |
| ၆။ ဦးဖိုးကျား | မြန်မာ့ဂုဏ်ရည် (၁၉၇၀)၊ |
| ၇။ မောင်သော် | ကုန်းဘောင်ခေတ်စစ်တမ်း(၁၉၇၆) |
| ၈။ – | အလောင်းမင်းတရားကြီးအရေးတော်ပုံ၊ |
| ၉။ – | အရေးတော်ပုံလေးစောင်တွဲ၊ |
| ၁၀။ မြသန်းတင့် | တောင်သမန်ရွှေအင်းက လေညင်းဆော်တော့ |
| ၁၁။ ဒေါက်တာမတင်ဝင်း | ကုန်းဘောင်ကိုဆန်၍၊ |
| ၁၂။ – | အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း၊ (လမ်းစဉ်ပါတီ) (၁၉၆၈) |
| ၁၃။ ရန်ကုန်ဘဆွေ | မြန်မာပြည်သား (၁၉၆၆) |
| ၁၄။ ရန်ကုန်ဘဆွေ | သေသော်မှတည့်သြော်ကောင်း၏၊ (၁၉၆၄) |
| ၁၅။ ရွှေစကြာဦးစိုးမြင့် | နားခံတော်(၁၉၃၆) |
| ၁၆။ ရွှေစကြာဦးစိုးမြင့် | ကုန်းဘောင်ပြည်သစ်၊ |
| ၁၇။ ရွှေစကြာဦးစိုးမြင့် | ကုန်းဘောင်နန်းတွင်းရေး၊ |
| ၁၈။ ရွှေဘိုမိမိကြီး | ရွှေပြည်၊ လှေသင်း၊ မင်းလက်ဝါး (၂၀၀၈)၊ ရာပြည့်စာပေ) |
| ၁၉။ လှသမိန် | မြန်မာရာဇဝင်မှတ်စုပေါင်းချုပ်၊ |
| ၂၀။ ဒေါ်နီနီမြင့် | တိုင်းရင်းသားလူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေး သမိုင်း၊ |

**❖ ကျွန်ုပ်တို့မြန်မာ့အရေးသည် ကမ္ဘာနှင့်ချီ၍ အာရုံစိုက်ခံရလောက်အောင်ပင် ကျယ်ဝန်းလေးနက်နေပေသည်။ နေပြည်တော်၊ ရန်ကုန်၊ လားရှိုး၊ မြဝတီ အဆင့်မျှသာမဟုတ်တော့ဘဲ ဝါရှင်တန်၊ ပေကျင်း၊ နယူးဒေလီ၊ မော်စကို၊ ဗန်ကောက်၊ စင်ကာပူအထိ နေ့နေ့ညည အရေးပါသည့် ယှဉ်တွဲဆက်စပ်နေသော "ကစားကွက်ကြီးအဆင့်" ဖြစ်လာခဲ့ပြီကို သဲကွဲထင်ရှားစွာ ပေါ်လွင်လာခဲ့လေပြီ။ ကျွန်ုပ်တို့နိုင်ငံသားတစ်ဦးချင်းစီ၏ နိုင်ငံရေးအမြင် ရေချိန်မြင့်ဖို့ လိုအပ်နေကြောင်းကို အထူးဖော်ပြနေစရာ လိုမည်မထင်ပေ။ ❖**

**အတိတ်**

တကယ်တော့ ၁၈ ရာစု ပဒေသရာဇ်ခေတ် မြန်မာနိုင်ငံတော် အခြေအနေနှင့် ၂၁ ရာစု ပြည်ထောင်စုမြန်မာနိုင်ငံတော် လက်ရှိကာလမှာ အများကြီးပြောင်းလဲခဲ့ပါပြီ။ နှစ်ပေါင်း ၂၀၀-၂၅၀ ကျော်အချိန်မှာ ရေးမင်းများ၏လက်ထက်တော်ထက် တိုးတက်မှုတွေ များစွာရှိပါ သော်လည်း အခက်အခဲ၊ စိန်ခေါ်မှုများနှင့် အန္တရာယ်တို့ကား ပိုမိုကြီးမား ရှုပ်ထွေးနေပါ၏။

ရှေးကလို စစ်ရေးတစ်ခုတည်းသာမက စီးပွားရေး၊ ကုန်သွယ်ရေး၊ အဆင့်မြင့်နည်းပညာ၊ သတင်းမီဒီယာလွှမ်းမိုးမှု၊ လူဦးရေ၊ ပထဝီနိုင်ငံရေး စသည့် အထွေထွေဘက်ပေါင်းစုံက စစ်ဆင်ခြင်းမျိုးဖြစ်နေပေသည်။ သတင်းနည်းပညာ(ကွန်ပျူတာ မိုက်ကရိုချစ်) ဆန်းသစ်တိုးတက်မှုများ အံ့မခန်း လျှင်မြန်နေလေသည်။

အတိတ်က သမိုင်းသင်ခန်းစာများကို စနစ်တကျလေ့လာ၍ လက်တွေ့ဖြတ်သန်းနေဆဲ သမိုင်းမှာ အသုံးချကြရပါမည်။ အနာဂတ်သည် အတိတ်နှင့် တစ်ထပ်တည်းမကျဘဲ အကြီးအကျယ်ပြောင်းလဲခဲ့ပြီဖြစ်သဖြင့် အခြေခံဥပဒေသတို့ နိယာမတို့မှအပ ဆန်းသစ်စွာ ပြောင်းလဲနိုင်ကြရပါမည်။ နည်းပညာခေတ်နောက်ကျ ကျန်ရစ်ခဲ့ပါက အလွန်ပင် အန္တရာယ်များလှပေမည်။

**ယနေ့**

ယနေ့ခေတ်အင်အားကြီးနိုင်ငံများ၏ အားပြိုင်ဗိုလ်လုပွဲမှာ ဘယ်သူက စစ်နိုင်သနည်းဟူသော အဖြူအမည်း အဖြေမျိုးမဟုတ်တော့ဘဲ အောက်ပါအချက်များသည်လည်း ပို၍အရေးကြီးလာပြီဟု နိုင်ငံရေးသုံးသပ်ရေးသားသူ ဆရာနေဇင်လတ်က ဖော်ထုတ်မျှဝေခဲ့ပေသည်။

၁။ ဘယ်သူက ကမ္ဘာ့ရေလမ်းကို ထိန်းချုပ်သလဲ။

၂။ ဘယ်သူက ထောက်ပံ့ရေးကွင်းဆက်များကို ချုပ်ကိုင်ထားသလဲ။

၃။ ဘယ်သူက သတင်းအချက်အလက် ကွန်ရက်ကို ထိန်းထားသလဲဟူသော အရာများက အဓိက အရေးပါလှပါသည်။

လက်ရှိ မြန်မာနိုင်ငံ၏အခြေအနေသည် ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခအခြေအနေရှိသော နိုင်ငံသဘောမှ မလက္ကာရေလက်ကြား၏ ဘေးနံမှ အခြားပထဝီနိုင်ငံရေး ဆက်သွယ်မှုလမ်းကြောင်း အနေနှင့်ပါ အဓိကကျစွာ အရေးပါနေပါတော့သည်။

**အနာဂတ်**

ထို့ကြောင့် ကျွန်ုပ်တို့မြန်မာ့အရေးသည် ကမ္ဘာနှင့်ချီ၍ အာရုံစိုက်ခံရလောက်အောင်ပင် ကျယ်ဝန်းလေးနက်နေပေသည်။ နေပြည်တော်၊ ရန်ကုန်၊ လားရှိုး၊ မြဝတီ အဆင့်မျှသာ မဟုတ်တော့ဘဲ ဝါရှင်တန်၊ ပေကျင်း၊ နယူးဒေလီ၊ မော်စကို၊ ဗန်ကောက်၊ စင်ကာပူအထိ နေ့နေ့ညည အရေးပါသည့် ယှဉ်တွဲဆက်စပ်နေသော **"ကစားကွက်ကြီးအဆင့်"** ဖြစ်လာခဲ့ပြီကို သဲကွဲထင်ရှားစွာ ပေါ်လွင်လာခဲ့လေပြီ။

ကျွန်ုပ်တို့နိုင်ငံသားတစ်ဦးချင်းစီ၏ နိုင်ငံရေးအမြင် ရေချိန်မြင့်ဖို့ လိုအပ်နေကြောင်းကို အထူးဖော်ပြနေစရာ လိုမည်မထင်ပေ။ မျက်မမြင်ပုဏ္ဏားအချို့ ဆင်ကြီးကိုမိမိလက်ဖြင့် ထိတွေ့စမ်းသပ်ပြီး ကိုယ်ထင်ရာကို ပြောဆိုနေသည့် အဆင့်မျိုး လက်ကိုင်ဖုန်းပေါ်တွင် (အရှက်မရှိ၊ အခြေအနေမှန်တကယ်မသိဘဲ) ရေးချင်ရာရေးခြင်းများကို ဆင်ခြင်သင့်ကြသည်။ ဆိတ်ဆိတ်နေခြင်းသည် အကျိုးမယုတ်ပေ။ တိတ်တိတ်နေခြင်းက တစ်ထောင်တန်ဖိုးရှိသည်ဆို၏။ အမြင်မကျယ်ဘဲနှင့် ကိုယ်ထင်ရာမြင်ရာ စကားမကျယ်သင့်။

မြောက်ဘက်က အိမ်နီးချင်းနိုင်ငံအတွက် မိမိတို့နိုင်ငံသည် သာမန်ဘေးရံထွက်ပေါက်တစ်ခုသာမက မဟာဗျူဟာအရ အရေးပါလှသော အိန္ဒိယသမုဒ္ဒရာထွက်ပေါက်( အတိုဆုံး၊ အဖြောင့်ဆုံး၊ အကောင်းဆုံး) ရေလမ်းဖြစ်နေခဲ့ပေသည်။

**အခက်အခဲ**

မြန်မာနိုင်ငံအတွက် အနာဂတ်သည် အန္တရာယ်များသော၊ အတားအဆီး၊ အခက်အခဲ၊ ရင်ဆိုင်ကျော်လွှားစရာများသော ခရီးမျိုးဖြစ်နိုင်သည်။ စိန်ခေါ်မှုများသည်ပင် ကြီးမားသော အခွင့်အရေး၊ အခွင့်အလမ်းနှင့် ထူးခြားသော အောင်မြင်မှု၊ အောင်ပွဲများလည်း ငံ့လင့်ကြိုဆိုနေကြသည်ဟု ဆိုနိုင်ပါ၏။ မြင်ရသော အခွင့်အရေးများရှိသကဲ့သို့ မမြင်ရသော အခွင့်အလမ်းများကလည်း ကမ်းလင့်နေကြောင်း သုံးသပ်မိပါ၏။

နိုင်ငံတစ်နိုင်ငံ ထူထောင်ရာတွင် စစ်အင်အားတောင့်တင်းရုံမျှဖြင့် ယနေ့ခေတ်၏ အခြေအနေမျိုးမှာ မပြည့်စုံသေးပါ။ စိတ်ဓာတ်ရေးရာ၊ အမျိုးသားရေးရာ၊ ယဉ်ကျေးမှုနှင့်သမိုင်းဆိုင်ရာတို့အပြင် သိပ္ပံနှင့်နည်းပညာ၊ ပညာရေးအရည်အဆင့်၊ တရားဥပဒေစိုးမိုးမှု၊ အဖျက်အမှောင့်ကင်းရှင်းလုံခြုံမှု၊ ပြည်သူပြည်သားများကိုယ်တိုင်က မိမိတို့မဲပေးရွေးချယ်ထောက်ခံခဲ့သော အစိုးရ၏ဆောင်ရွက်ချက်များကို စိတ်အားထက်သန်စွာ ပါဝင်လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည့် အခြေအနေအချိန်အခါမျိုးဖြစ်နေပါသည်။

**အခွင့်အလမ်း**

အထူးသဖြင့် ယနေ့လူငယ်များ၏ အရေးအတွက်နှင့် အရည်အသွေးသည် အမိနိုင်ငံတော်ကြီး၏ အနာဂတ်ကို ဆုံးဖြတ်ဖန်တီးကြမှာဖြစ်၏။ လူငယ်မျိုးဆက်သစ်များ၏ ဗဟုသုတအမြော်အမြင်သည် မြန်မာပြည်၏ အနာဂတ်ပင်ဖြစ်ပေသည်။ အထူးသဖြင့် လူငယ်ထု၏ စွမ်းဆောင်ရည်ကို မြှင့်တင်ကြရပေလိမ့်မည်။

မြန်မာနိုင်ငံ၏ အားသာချက်များမှာ လူကြီး၊ ကလေး၊ လူဦးရေထက် လူငယ်ထုဦးရေ အချိုးအဆက (သန်းခေါင်စာရင်း ၂၀၂၄ အရ) သိသိသာသာများကြောင်း အခြေအနေပေးထားချက် ကောင်းနေသည်။ (တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံတို့မှာပင် လူအို ဦးရေက များပြားပြီး လူငယ်ဦးရေ အချိုး ကျဆင်းသော ပြဿနာမျိုးရှိနေကြပေသည်။) မြန်မာပြည်က သဘာဝသယံဇာတ အရင်းအမြစ်များ ကြွယ်ဝ၏။ ပထဝီအနေအထား၊ ရေမြေတောတောင်၊ အားသာချက်များလည်း ပိုင်ဆိုင်ထား၏။ ဒေသကြီးများ၏ ဈေးကွက်အချက်အချာမှာ နီးကပ်စွာထိစပ်နေသေးသည်။

**နိဂုံး**

အားကောင်းအောင် ကြိုးပမ်းဆောင်ရွက်ကြရမည့်အချက်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖြစ်ပါ၏။ နိုင်ငံသားတိုင်းက "ပြည်ထောင်စုသားစိတ်ဓာတ်" ရှင်သန်ထွန်းကားဖို့ အရေးကြီးလှ၏။ မိသားစုပမာ တစ်စိတ်တစ်ဝမ်းညီညွတ်စည်းလုံးကြမှသာ အခွင့်အရေးများ ရနိုင်ပါမည်။ သူတစ်လူ ငါတမင်းလုပ်နေ၍ အမြင်ကျဉ်းမြောင်းမှုကြောင့် ဘေးအန္တရာယ်များကို ဖိတ်ခေါ်ရာ ရောက်နိုင်ပေသည်။ သမိုင်းစာမျက်နှာသစ်များကို ကောင်းစွာရေးနိုင်ကြပါစေ။

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၃၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

ကျွန်းလှ စက်တင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၂၃၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် နေကြာ ၁၂၃၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ နေကြာ ၁၂၃၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ပြည်ပကနေ စားအုန်းဆီ တင်သွင်းမှုကို လျှော့ချနိုင်ဖို့ နေကြာကိုတိုးချဲ့ စိုက်ပျိုးရေး ဆောင်ရွက် ပေးသွားပါမယ်။ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျွန်တဲ့ မြေပဲ၊ နှမ်းတွေထက်ပိုများတယ်"ဟု ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံ နေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက်ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် နေကြာသီးနှံစိုက်ပျိုးမည့် တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။ (၂၀၆)

# မကွေးမြို့နယ် ဘုရားပြို(တောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မကွေး စက်တင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားပြို(တောင်)ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ယခင်က စီမံကိန်းကျေးရွာများတွင် ရန်ပုံငွေထုတ်ချေးခြင်း၊ အရင်းအတိုး ပြန်လည်ပေးဆပ်ခြင်းလုပ်ငန်းစဉ်များကို Manual Cash-based စနစ်ဖြင့်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ လုပ်ငန်းစဉ်များ ပိုမိုအဆင်ပြေ ချောမွေ့စေရန် အတွက် မြန်မာနိုင်ငံသားများ ဘဏ် (Citizens Pay)နှင့် ပူးပေါင်း၍ Mobile Financial Payment စနစ်သို့ ပြောင်းလဲအသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံသားများဘဏ် (Citizens Pay)မှ တာဝန်ရှိသူများနှင့် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက Citizen Pay ဖြင့် Digital နည်းပညာကို အသုံးပြု၍ Mobile Phone မှတစ်ဆင့် ဘုရားပြို(တောင်)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၄ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၈၀ ကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အတွေး**

# လူငယ်စွမ်းအား

\- လူငယ်တွေ ခရီးလမ်း
မညည်းတမ်း ရှေ့ဆက်မယ်၊
ရင်ဆိုင်ကာ အခက်ခဲ
ဆင်နွှဲဖို့ရှယ်၊
အောင်မြင်မှု ပန်းတိုင်ရယ်
လှမ်းကိုင်မယ် စိတ်ကူး၊
လူငယ်တွေ စွမ်းအားထုတ်
နောက်မဆုတ်ဘူး။

\- ပညာကို ကြိုးစားလှမ်း
ဂုဏ်ရည်လွှမ်း တိုးတက်မည်၊
နိုင်ငံ့ဂုဏ် ဆောင်ဖို့ရေး
တွေးတောကြသည်၊
နိုးကြားလျက် စွမ်းအားချီ
ပန်းတိုင်ဆီ ရောက်မည်ဖို့၊
ထာဝစဉ် ယုံကြည်ချက်နဲ့
ရှေ့ဆက်ပါစို့။

\- ယနေ့လူငယ် နောင်လူကြီး
စည်းကမ်းနည်း လိုက်နာပါ၊
တို့နိုင်ငံ မျိုးဆက်သစ်
ထုဆစ်စွမ်းရာ၊
နိုင်ငံ့အတွက် ပါဝင်ကာ
မြဲသစ္စာ အဓိဋ္ဌာန်ပြု၊
ထူးချွန်စေ နိုင်ငံအကျိုးကို
သယ်ပိုးရေးရှု။ ။

မောင်စစ်သွေး

# ဖျာပုံမြို့နယ် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ အခြေခံစက်ချုပ်သင်တန်းဆင်း

ဖျာပုံ စက်တင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထက်အောင်က အဖွင့်အမှာစကား ပြောကြားကာ ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်က သင်တန်းသူများအား သင်တန်းမှသင်ကြားပေးခဲ့သည့် အတတ်ပညာများကို စနစ်တကျ ပြန်လည်အသုံးချ၍ ဝင်ငွေရရှိအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်က သင်တန်းထူးချွန်ဆု အပ်ချုပ်စက်တစ်လုံးကို လည်းကောင်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်မမစိုးနှင့် မြို့နယ်ဥပဒေအရာရှိ ဦးသိန်းထွန်းဝင်း တို့က သင်တန်းသူများအတွက် ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း အသီးသီးပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းကာလတွင် လက်တွေ့သင်ကြား ချုပ်လုပ်ထားသည့် အထည်များအားလှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ခဲ့ကြပြီး ကျွမ်းကျင် သင်တန်းနည်းပြ ဆရာမများဖြင့် ဩဂုတ် ၁၃ ရက်မှ စက်တင်ဘာ ၂၆ရက်ထိ သင်တန်းကာလ ၄၅ ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။ **တေဇာလင်း**

# ကုလသမဂ္ဂ အထွေထွေညီလာခံ၌ တရုတ်ဒုတိယသမ္မတ မိန့်ခွန်းပြောကြား



**နယူးယောက် စက်တင်ဘာ ၂၇**

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပနေသည့် ၈၁ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ တရုတ်ဒုတိယသမ္မတ ဟန်ကျန်းက စက်တင်ဘာ ၂၆ရက်တွင်မိန့်ခွန်း ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကျူးဘားနိုင်ငံကို ခြိမ်းခြောက်မှုများရပ်တန့်ရန်၊ ချမှတ်ထားသည့် ကုန်သွယ်ရေးပိတ်ဆို့မှုများ ပြန်လည် ရုပ်သိမ်းပေးရန်လည်း တရုတ်ဒုတိယသမ္မတ ဟန်ကျန်းက သက်ဆိုင်ရာနိုင်ငံများကို တိုက်တွန်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် ပင်လယ်ကွေ့ဒေသရှိ နိုင်ငံများ၏ အချုပ်အခြာအာဏာ ပိုင်စိုးမှုကို လေးစားမှုထားကြရန် တရုတ်ဒုတိယသမ္မတ ဟန်ကျန်းက ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားစဉ် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားချိန်တွင် တရုတ်ဒုတိယသမ္မတ ဟန်ကျန်းသည် အမေရိကန်နိုင်ငံကို အမည်အားဖြင့် တိုက်ရိုက်ထည့်သွင်းခဲ့ခြင်းမရှိကြောင်းသိရသည်။

အမေရိကန် နိုင်ငံသည် ကျူးဘားနိုင်ငံအပေါ် စီးပွားရေးအရ ဖိအားပေးလျက်ရှိပြီး ကျူးဘားသို့ လောင်စာဆီတင်ပို့မှုကို ပိတ်ဆို့ထားသည်။

အဓိက ကမ္ဘာ့နိုင်ငံကြီးများအနေဖြင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အထူးတာဝန်ရှိပြီး ဥပဒေစည်းမျဉ်းများကို ကိုယ်တိုင်လိုက်နာခြင်းဖြင့် စံပြရပ်တည်သင့်သည်ဟု တရုတ်ဒုတိယသမ္မတက အထွေထွေညီလာခံမိန့်ခွန်း၌ ပြောကြားခဲ့ကြောင်းသိရသည်။ **Ref : Xinhua**

**Trs : KKO**

# အေအိုင်နည်းပညာဆိုင်ရာ ဆက်သွယ်ရေးလမ်းကြောင်းသစ်ဖွင့်လှစ်ရန် တရုတ်နှင့် အမေရိကန်နိုင်ငံတို့သဘောတူ

**ပေကျင်း စက်တင်ဘာ ၂၇**

လူ့ဉာဏ်ရည်တု (အေအိုင်) နည်းပညာဆိုင်ရာများ အတွက် ဆက်သွယ်ရေး လမ်းကြောင်းသစ် ဖွင့်လှစ်ရန် တရုတ်နှင့် အမေရိကန်နိုင်ငံတို့က သဘောတူထားကြောင်း နှစ်ဖက်တာဝန်ရှိသူများက စက်တင်ဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



တရုတ်သမ္မတ ရှီကျင့်ဖျင်၏ သုံးရက်ကြာ ဝါရှင်တန်ခရီးစဉ်ကာလအတွင်း အေအိုင်နည်းပညာဆိုင်ရာ များအတွက် ဆက်သွယ်ရေး လမ်းကြောင်းသစ် ဖွင့်လှစ်ရန် တရုတ်နှင့်အမေရိကန် တာဝန်ရှိသူများက သဘောတူခဲ့ကြခြင်းဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် စက်တင်ဘာ ၂၄ ရက်တွင် ဝါရှင်တန်မြို့၌ ထိပ်သီးဆွေးနွေးပွဲ ကျင်းပခဲ့ကြသည်။

ဝါရှင်တန် ထိပ်သီးဆွေးနွေးပွဲတွင် တရုတ်နှင့်အမေရိကန် ခေါင်းဆောင်များသည် အေအိုင်နည်းပညာနှင့် ကုန်သွယ်ရေးကိစ္စများမှသည် အီရန်စစ်ရေးပဋိပက္ခထိပါဝင်သော အကြောင်းအရာအမျိုးမျိုးကို ဆွေးနွေးခဲ့ကြသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် ယခုနှစ်အတွင်း တရုတ်နှင့်အမေရိကန်နိုင်ငံတို့၌ ကျင်းပမည့် နိုင်ငံတကာညီလာခံများတွင် တတိယနှင့် စတုတ္ထအကြိမ်မြောက် ထပ်မံတွေ့ဆုံဆွေးနွေးရန်လည်း သဘောတူထားသည်။

စက်တင်ဘာ ၂၄ ရက် ဝါရှင်တန် ထိပ်သီးဆွေးနွေးပွဲတွင် တရုတ်နှင့် အမေရိကန်နိုင်ငံတို့သည် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ တန်ဖိုးရှိ ပို့ကုန်စည်းကြပ်မှုများကိုလည်း အပြန်အလှန်လျှော့ချရန် သဘောတူခဲ့ကြကြောင်းသိရသည်။

**Ref : Xinhua**

**Trs : KKO**

# ရုရှားနှင့် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးတို့ နယူးယောက်မြို့၌ တွေ့ဆုံဆွေးနွေး

**နယူးယောက် စက်တင်ဘာ ၂၇**

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့် ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ယိုဟန်ဗာဒီဖူးလ်တို့သည် စက်တင်ဘာ ၂၆ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဆွေးနွေးပွဲသည် ယူကရိန်း စစ်ရေးပဋိပက္ခစတင်ခဲ့ပြီးနောက်ပိုင်း ရုရှားနှင့် ဂျာမနီနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ၏ ပထမဆုံးလူချင်းတွေ့ဆုံ ဆွေးနွေးပွဲဖြစ်သည်။

စက်တင်ဘာ ၂၆ ရက်ဆွေးနွေးပွဲတွင် ရုရှားနှင့် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးတို့သည် နှစ်နိုင်ငံဆက်ဆံရေးကိစ္စများနှင့် ယူကရိန်းစစ်ရေးပဋိပက္ခတို့ကို ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် ၈၁ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မိန့်ခွန်း မပြောကြားမီ ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ယိုဟန်ဗာဒီဖူးလ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ရုရှားနှင့် ဂျာမနီနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးမှာ ယူကရိန်းစစ်ရေးပဋိပက္ခစတင်ခဲ့သည့် ၂၀၂၂ ခုနှစ် နောက်ပိုင်းမှစ၍ တင်းမာခဲ့သည်။

ထို့ပြင် ယခုနှစ်ဩဂုတ်လအတွင်း ဂျာမနီအရှေ့ပိုင်း လိုက်ပဇစ်ဟေးလ် လေဆိပ်၌ မောင်းသူမဲ့ ဒရုန်းယာဉ်ကိစ္စပေါ်ပေါက်ခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတင်းမာလာခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ကနေဒါနိုင်ငံ၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျ လူလေးဦး သေဆုံး

**မွန်ထရီရယ် စက်တင်ဘာ ၂၇**

ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့ အရှေ့တောင်ပိုင်း၌ စက်တင်ဘာ ၂၆ ရက်က ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လူလေးဦးသေဆုံးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ရဟတ်ယာဉ်သည် မွန်ထရီရယ်မြို့ အရှေ့တောင်ဘက် မိုင် ၃၀ ခန့်အကွာ စိန့်ဘရစ်ဒီဘာဗီးလ်ဒေသ၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ကနေဒါတာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ ရဟတ်ယာဉ်သည် ပျက်မကျမီ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း ကနေဒါတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ထိုရဟတ်ယာဉ်သည် ပျက်ကျခဲ့ပြီးနောက် မီးလောင်ခဲ့ရာ မီးသတ်သမားများက တစ်နာရီမျှ အချိန်ယူ ငြိမ်းသတ်ခဲ့ရကြောင်း ကနေဒါတာဝန်ရှိသူများက ပြောကြားထားသည်။

ရဟတ်ယာဉ် ပျက်ကျမှု အကြောင်းရင်းနှင့် သေဆုံးသူများ၏ မျိုးရိုးဇာတိများကို ကနေဒါရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

လက်ရှိတွင် ရဟတ်ယာဉ် ပျက်ကျမှု အကြောင်းရင်းကို စုံစမ်းစစ်ဆေးရေး အတွက် အခင်းဖြစ်ပွားရာနေရာသို့ စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို ကနေဒါအစိုးရ သယ်ယူပို့ဆောင်ရေး ဘေးကင်းလုံခြုံမှု ဘုတ်အဖွဲ့က စေလွှတ်ထားကြောင်းသိရသည်။

**Ref : Xinhua**

**Trs : KKO**

# ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား လူ ၁၁ ဦးသေဆုံး၍ ဦးရေ ၃၀ ဒဏ်ရာရ




**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၇**

ပါကစ္စတန် အနောက်မြောက်ပိုင်း ဒါရာအစ္စမေးလ်ခန်းဒေသ၌ ပေါက်ကွဲမှုတစ်ခု စက်တင်ဘာ ၂၆ ရက်က ဖြစ်ပွားခဲ့ရာ လူ ၁၁ ဦးသေဆုံး၍ဦးရေ၃၀ ဒဏ်ရာရခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဒါရာအစ္စမေးလ်ခန်း ဒေသသည် ပါကစ္စတန် နယ်စပ်ပြည်နယ်တစ်ခုဖြစ်သော ခိုင်ဘာပွတ်ခ်ျ တွန်ဝါပြည်နယ်၌ တည်ရှိပြီး အစ္စလာမ္မစ် လက်နက်ကိုင်အဖွဲ့များ ထကြွနေသည့် နယ်မြေတစ်ခုဖြစ်သည်။

စက်တင်ဘာ ၂၆ ရက် ဗုံးခွဲတိုက်ခိုက်မှုအတွက် ၎င်းတွင် တာဝန်ရှိကြောင်း တီရစ်ခ်အီး တာလီဘန် ပါကစ္စတန်လက်နက်ကိုင်အုပ်စုက သတင်းထုတ်ပြန်ထားသည်။

ဒါရာအစ္စမေးလ်ခန်း ဒေသတွင် တီရစ်ခ်အီး တာလီဘန်ပါကစ္စတန်အဖွဲ့အပါအဝင် လက်နက်ကိုင်အဖွဲ့များက ပါကစ္စတန်ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထား၍ မကြာခဏ တိုက်ခိုက်လေ့ရှိသည်။

စက်တင်ဘာ ၂၆ ရက် တိုက်ခိုက်မှုတွင် တီရစ်ခ်အီးတာလီဘန်ပါကစ္စတန်အဖွဲ့သည် ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ်တစ်စီးကို အသုံးပြုခဲ့ကြကြောင်းသိရသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုအတွင်း သေဆုံးသူများထဲတွင် အမျိုးသမီးနှစ်ဦးနှင့် ကလေးတစ်ဦးပါဝင်သည်ဟု ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# စပေ့စ်အိတ်ကုမ္ပဏီက Starship -14 မစ်ရှင်အတွက် လွှတ်တင်ရေးအစီအစဉ်ဆက်တိုက်လေ့ကျင့်မှု အပြီးသတ်ပြုလုပ်



**ဝါရှင်တန် စက်တင်ဘာ ၂၇**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် Starship -14 မစ်ရှင်အတွက် လွှတ်တင်ရေး အစီအစဉ် ဇာတ်တိုက်လေ့ကျင့်မှုကို စက်တင်ဘာ ၂၆ ရက်က အပြီးသတ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ရေးအစီအစဉ် ဇာတ်တိုက်လေ့ကျင့်မှုအပြီးသတ်နိုင်ခဲ့မှုကြောင့် စပေ့စ်အိတ်ကုမ္ပဏီ အနေဖြင့် Starship -14 မစ်ရှင်ကို မူလစီစဉ်ထားသည့်အတိုင်း လွှတ်တင်နိုင်ရန် အခြေအနေကောင်းနေပြီဖြစ်သည်။

စပေ့စ်အိတ်ကုမ္ပဏီသည် Starship -14 မစ်ရှင်ကို စက်တင်ဘာ ၂၈ ရက်တွင် ဆောက်သ်တက္ကဆက်ဒေသ စတားဘေ့စ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားသည်။

အဆိုပါမစ်ရှင်အတွင်း Starship ဒုံးပျံသည် စတားလင့်ခ်ဗွီ-၂ အမျိုးအစား အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၆ စင်းကို သယ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် Starship ဒုံးပျံသည် ကမ္ဘာဂြိုဟ်ကို အပတ်ရေခြောက်ပတ် လှည့်ပတ်ပျံသန်းပြီးနောက် ချီလီနိုင်ငံ ကမ်းရိုးတန်းကမ်းလွန် ပစိဖိတ် သမုဒ္ဒရာရေပြင်အတွင်းသို့ ပြန်လည် ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် အင်္ဂါဂြိုဟ်နှင့် လကမ္ဘာမစ်ရှင်များအတွက် Starship ဒုံးပျံများကို ၂၀၂၃ ခုနှစ် ဧပြီလမှစ၍ စမ်းသပ်လွှတ်တင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# ပြုပြင်ထားသည့် HIV ဗိုင်းရပ်တိုက်ဖျက်ရေးဆေးက MS ရောဂါလူနာများ၌ အမြင်အာရုံဆုံးရှုံးမှုနှင့် အကြောသေမှုများကို တားဆီးပေးနိုင်ဖွယ်ရှိ

**နယူးယောက် စက်တင်ဘာ ၂၇**

ပြုပြင်ပြောင်းလဲထားသည့် အိတ်ချ်အိုင်ဗွီ (HIV)ဗိုင်းရပ် တိုက်ဖျက်ရေးဆေးတစ်မျိုးသည် ဗဟိုအာရုံကြောစနစ် ပြိုကွဲမှုရောဂါ (MS) လူနာများ၌ အမြင်အာရုံဆုံးရှုံးမှုနှင့် အကြောသေမှုများကို တားဆီးပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် Kamuvudine-9 (K-9) ခေါ် အထက်ပါဆေးကို MS ရောဂါရှိနေသော ကြွက်များဖြင့် လက်တွေ့ စမ်းသပ်ခဲ့ကြကြောင်း သိရသည်။

စမ်းသပ်မှုမှပေါ်ထွက်လာသည့် ရလဒ်များအရ K-9 အိတ်ချ်အိုင်ဗွီဗိုင်းရပ် တိုက်ဖျက်ရေးဆေးသည် MS ရောဂါကြောင့် အမြင်အာရုံဆုံးရှုံးမှုနှင့် အကြောသေမှုများကို တားဆီးပေးနိုင်သည်ကို တွေ့ရှိရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

K-9 အိတ်ချ်အိုင်ဗွီဗိုင်းရပ် တိုက်ဖျက်ရေးဆေးသည် Inflammasome ခေါ် ပရိုတင်းတစ်မျိုး သက်ဝင်လာမှုကို တားဆီးပေးခြင်းဖြင့် MS ရောဂါလက္ခဏာများကို တားဆီးနိုင်ဖွယ်ရှိကြောင်း သိရသည်။

ထို့ပြင် K-9 အိတ်ချ်အိုင်ဗွီဗိုင်းရပ် တိုက်ဖျက်ရေးဆေးသည် အာရုံနှာဇ်ဆဲလ်မျှင်များနှင့် ၎င်းတို့၏ ပရိုတင်းအကာအကွယ်များ ပျက်စီးမှုကိုလည်း ကာကွယ်နိုင်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# Geely လျှပ်စစ်ကားကုမ္ပဏီက ငါးမိနစ်မပြည့်မီ လျှပ်စစ်ဓာတ်အား အပြည့်အဝဖြည့်တင်းပေးနိုင်မည့် ဘက်ထရီစနစ်ကို ထုတ်ဖော်ပြသ

**ပေကျင်း စက်တင်ဘာ ၂၇**

တရုတ်နိုင်ငံအခြေစိုက် Geely လျှပ်စစ်ကားကုမ္ပဏီသည် ငါးမိနစ်မပြည့်မီကာလအတွင်း လျှပ်စစ်ဓာတ်အားအပြည့်အဝ ဖြည့်တင်းပေးနိုင်မည့် ဘက်ထရီစနစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း စက်တင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

Geely ကုမ္ပဏီသည် လျှပ်စစ်ဓာတ်အား ဖြည့်တင်းပေးနိုင်စွမ်းကို မြှင့်တင်ရေးအတွက် အထက်ပါ ဘက်ထရီစနစ်၌ လူ့ညဏ်ရည်တုနည်းပညာ(အေအိုင်) ကို ထည့်သွင်းထားကြောင်း သိရသည်။

လက်တွေ့စမ်းသပ်မှုများအရ အထက်ပါ ဘက်ထရီစနစ်သည် လေးမိနစ် စက္ကန့် ၃၀ အတွင်း လျှပ်စစ်ဓာတ်အားကို ၁၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းထိ ဖြည့်တင်းပေးနိုင်သည်ဟု Geely ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။



Xingrui Powermind အမည်ရှိ အထက်ပါဘက်ထရီစနစ်တွင် တပ်ဆင်ထားသည့် အေအိုင်ဆော့ဝဲသည် ဘက်ထရီအပူချိန်မြင့်တက်လာနိုင်မှုကို စက္ကန့် ၃၀ ကြိုတင်ခန့်မှန်းနိုင်ပြီး ဓာတ်အားဖြည့်သွင်းမှုကို အလိုအလျောက်ထိန်းညှိပေးနိုင်ကြောင်း သိရသည်။

Xingrui Powermind ဘက်ထရီစနစ်သည် ပြိုင်ဘက်ဘီဝိုင်ဒီကုမ္ပဏီ၏ အားသွင်းမှုအမြန်ဆုံး ဘက်ထရီထက် ဓာတ်အားဖြည့်တင်းမှုပိုမြန်ကြောင်း Geely ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Xingrui Powermind ဘက်ထရီစနစ်သည် ဓာတ်အားသွင်းနေစဉ်အတွင်း ဘက်ထရီ၏ အပူချိန်ကို ၅၅ ဒီဂရီဆဲလ်စီယပ်တွင် ထိန်းပေးထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# လေထုညစ်ညမ်းမှုအဆင့်မြင့်မားသည့်နေရာများ၌ နေထိုင်သူများ အသက်အရွယ်နှင့် ဆက်စပ်နေသော မျက်လုံးရောဂါနှစ်မျိုး ဖြစ်နိုင်ခြေမြင့်တက်နိုင်

**လန်ဒန် စက်တင်ဘာ ၂၇**

လေထုညစ်ညမ်းမှုအဆင့်မြင့်မားသည့် နေရာများ၌ နေထိုင်သူများ အသက်အရွယ်နှင့် ဆက်စပ်နေသော မျက်လုံးရောဂါနှစ်မျိုး ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လေထုညစ်ညမ်းမှုအဆင့် မြင့်မားသည့်နေရာများ၌ နေထိုင်သူများတွင် မျက်လုံးရေတိမ်ရောဂါ (Glaucoma)နှင့် မျက်လုံးအတွင်း တိမ်ရောဂါ (Cataracts) တို့ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် လူသန်းနှင့်ချီ ပါဝင်သော လေ့လာချက်ပေါင်း ၄၁ ခုတို့မှရရှိလာသော အချက်အလက်များကို ပြန်လည်စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ လေထုညစ်ညမ်းမှုအဆင့် မြင့်မားသည့်နေရာများ၌ နေထိုင်သူများသည် လေထုညစ်ညမ်းမှု အနည်းဆုံးနေရာများတွင် နေထိုင်သူများထက် မျက်လုံးရေတိမ်ရောဂါဖြစ်နိုင်ခြေ ၇၀ ရာခိုင်နှုန်း ပိုမြင့်မားသည်ကို တွေ့ရှိရကြောင်း သိရသည်။

ထို့ပြင် လေထုညစ်ညမ်းမှုအဆင့် မြင့်မားသောနေရာများ၌ နေထိုင်သူများ မျက်လုံးအတွင်း တိမ်ရောဂါ ဖြစ်နိုင်ခြေမှာလည်း သိသိသာသာ မြင့်မားနေတတ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# ပရောဂျက်ဆန်းကတ်ချာ လူ့ညဏ်ရည်တုနည်းပညာ ဂြိုဟ်တုကွန်ရက်အတွက် ရှေ့ပြေးပုံစံဂြိုဟ်တုတစ်စင်း လွှတ်တင်ရန် ဂူဂဲလ်ကုမ္ပဏီ စီစဉ်ထား

**ဝါရှင်တန် စက်တင်ဘာ ၂၇**

ပရောဂျက်ဆန်းကတ်ချာ အမည်ရှိ လူ့ညဏ်ရည်တု နည်းပညာ(အေအိုင်)ဂြိုဟ်တုကွန်ရက်အတွက် ရှေ့ပြေးပုံစံ ဂြိုဟ်တုတစ်စင်းကို အောက်တိုဘာ ၁ ရက်တွင် လွှတ်တင်ရန် ဂူဂဲလ်နည်းပညာကုမ္ပဏီက စီစဉ်ထားကြောင်း စက်တင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

ပရောဂျက်ဆန်းကတ်ချာ အေအိုင်ဂြိုဟ်တုကွန်ရက် ရှေ့ပြေးပုံစံဂြိုဟ်တုကို စပေ့စ်အိတ်ကုမ္ပဏီ၏ ထရန်စပေါ်တာ-၁၈ မစ်ရှင်ဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုကို ဆန်ဖရန်စစ္စကိုအခြေစိုက် Planet ဂြိုဟ်တုနည်းပညာကုမ္ပဏီက တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း ဂူဂဲလ်နည်းပညာ ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

လွှတ်တင်ပြီးချိန်တွင် ပရောဂျက် ဆန်းကတ်ချာအေအိုင် ဂြိုဟ်တုကွန်ရက် ရှေ့ပြေးပုံစံဂြိုဟ်တုသည် ကမ္ဘာဂြိုဟ်ကို တစ်နှစ်တာမျှ လှည့်ပတ်၍ တပ်ဆင်ထားသည့် အေအိုင်ဆော့ဝဲများ၏ စွမ်းဆောင်ရည်ကို စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။

ဂူဂဲလ်နည်းပညာ ကုမ္ပဏီသည် ပရောဂျက်ဆန်းကတ်ချာ အေအိုင်နည်းပညာသုံး ဂြိုဟ်တုကွန်ရက်၏ ပထမဆုံး ဂြိုဟ်တုနှစ်စင်းကို ၂၀၂၇ ခုနှစ်တွင် စတင်လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုနှစ်စင်းကိုလည်း Planet ဂြိုဟ်တု နည်းပညာကုမ္ပဏီကပင် တည်ဆောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်၏ WFM Title ဆုကို မြန်မာနိုင်ငံမှ မင်းအမရာဝတီ ဆွတ်ခူး



**ရန်ကုန် စက်တင်ဘာ ၂၇**

မြန်မာနိုင်ငံမှ စစ်တုရင်ကစားသမား မင်းအမရာဝတီသည် ကမ္ဘာ့ စစ်တုရင်အဖွဲ့ချုပ်(FIDE) က စက်တင်ဘာ ၂၆ ရက်က ချီးမြှင့်ပေးအပ်သည့် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်၏အထူးဆု(WFM Title) ကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်က ပြိုင်ပွဲများတွင် အသက်အငယ်ဆုံးဖြင့် စွမ်းဆောင်ရည် ကောင်းများ ပြသနိုင်ခဲ့သူများကို အဖွဲ့ချုပ်၏ အထူးဆုကို ပေးအပ်ချီးမြှင့်ခြင်း ဖြစ်သည်။

မင်းအမရာဝတီသည် ဥဇဘက်ကစ္စတန်နိုင်ငံ၌ ကျင်းပနေသည့် ၄၆ကြိမ်မြောက် ကမ္ဘာ့စစ်တုရင်ပြိုင်ပွဲ (46th FIDE Chess Olym–piad 2026)တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ကိုးပွဲကစားပြီးချိန်တွင် ခြောက်မှတ်ရရှိခဲ့ပြီးနောက် WFM Title ဆုကိုဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

မင်းအမရာဝတီသည် အသက် ၁၅ နှစ်သာ ရှိသေးသည့်အတွက် ၄၆ ကြိမ်မြောက် ကမ္ဘာ့စစ်တုရင်ပြိုင်ပွဲတွင် အသက်အငယ်ဆုံးဖြင့် WFM Title ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် မင်းအမရာဝတီသည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်ကလည်း မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် အာရှလူငယ် စစ်တုရင်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အာဆီယံဒေသတွင်း ကစားသမားများအနက် အဆင့်(၁)နေရာ၌ရပ်တည်ခဲ့သကဲ့သို့ ယခုအခါတွင်လည်း ကမ္ဘာ့စစ်တုရင်ပြိုင်ပွဲ၌ စံချိန်တင်အဖြစ် WFM Title ဆုကို ဆွတ်ခူးခဲ့သည့်အတွက် Women Grandmaster စစ်တုရင်ပြိုင်ပွဲအဆင့်သို့ ဝင်ရောက်ကစားခွင့်ရရှိရန် နီးစပ်နေကြောင်း သိရသည်။ STA

# အန်သိုနီဂျိုရှူအာက မိမိနှင့်ထိုးသတ်မည့် ပွဲစဉ်ကိုဖျက်သိမ်းရန် ကြိုးပမ်းနေဟု တိုင်ဆန်ဖြူရီ ပြောကြား

**လန်ဒန် စက်တင်ဘာ ၂၇**

ဗြိတိန် ထိပ်တန်းလက်ဝှေ့သမားများဖြစ်သည့် တိုင်ဆန်ဖြူရီက အန်သိုနီဂျိုရှူအာနှင့် ၎င်း၏ ပွဲစီစဉ်သူ (Promoter) တို့သည် မိမိနှင့် ထိုးသတ်မည့်ပွဲစဉ်ကို ဖျက်သိမ်းရန် ကြိုးပမ်းနေသည်ဟု ပြောကြားခဲ့ကြောင်း Source Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အန်သိုနီဂျိုရှူအာနှင့် တိုင်ဆန်ဖြူရီတို့သည် Super fight ပွဲစဉ်ထိုးသတ်ရန် ကာလရှည် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် လာမည့် ဒီဇင်ဘာ ၁၁ ရက်တွင် ဝေးလ်နိုင်ငံ ကာဒစ်ဖ်မြို့၌ ထိုးသတ်ရန် သဘောတူညီမှုရရှိထားခြင်းဖြစ်သည်။

သို့သော် သဘောတူညီမှုရရှိခဲ့ပြီးနောက် တိုင်ဆန်ဖြူရီက ၎င်း၏ ပွဲစီစဉ်သူအဖြစ် UFC အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေနာဒါဝိုက်ဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက် အန်သိုနီဂျိုရှူအာ၏ ပွဲစီစဉ်သူက အဆိုပါအချက်သည် စာချုပ်နှင့် ကိုက်ညီမှုမရှိသည့်အတွက် သဘောတူညီမှုကို ဖျက်သိမ်းရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

တိုင်ဆန်ဖြူရီက "အန်သိုနီဂျိုရှူအာနဲ့ သူ့ရဲ့ပွဲစီစဉ်သူတို့က ကျွန်တော်နဲ့ ထိုးသတ်မဲ့ပွဲစဉ်ကို ဖျက်သိမ်းဖို့ ကြိုးပမ်းနေပါတယ်။ ပွဲစီစဉ်သူကြောင့်ပွဲစဉ်ကို ဖျက်သိမ်းရမယ့် အနေအထားပါ။ သူတို့ဘက်က အတည်ပြုထားတာ မရှိသေးဘူးဆိုပေမဲ့ အန်သိုနီဂျိုရှူအာက မထိုးတော့ဘူးလို့ကြားပါတယ်။ ကျွန်တော် ဝေးလ်မှာ အန်သိုနီဂျိုရှူအာကို အနိုင်ယူဖို့ ပြင်ဆင်ပြီးသားပါ"ဟု ပြောကြားခဲ့ကြောင်းသိရသည်။

Ref : Source Boxing

Trs : STA

# 2026 Elite Road Race အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲ ချန်ပီယံဆုကို နယ်သာလန်နိုင်ငံသူ ဗိုလာရင်း ဆွတ်ခူး

**မွန်ထရီရယ် စက်တင်ဘာ ၂၇**

ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့၌ ယနေ့ကျင်းပခဲ့သည့် 2026 Elite Road Race အမျိုးသမီးစက်ဘီးစီးပြိုင်ပွဲတွင် နယ်သာလန်နိုင်ငံသူ ဗိုလာရင်းက ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း UCI သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။



2026 Elite Road Race အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲသည် တောင်တက်လမ်းနှင့် အတက်အဆင်း လမ်းကြောင်းများသည့် ပြိုင်ပွဲတစ်ခုဖြစ်ကာ ပြိုင်ပွဲဝင်ကစားသမားများအတွက် ခက်ခဲသည့်ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး Road World Championship ပြိုင်ပွဲအမျိုးအစားတစ်ရပ်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ကီလိုမီတာ ၁၈၀ ပြိုင်ပွဲအဖြစ် ကျင်းပခဲ့ပြီး ပန်းတိုင်ရောက်ရှိရန် ၃၈ ကီလိုမီတာခန့်တွင် ဗိုလာရင်းက ထိပ်ဆုံးမှ တစ်ဦးတည်းဦးဆောင်ခဲ့ပြီး ပန်းတိုင်ရောက်ရှိရန်နီးကပ်လာသည့်အချိန်တွင် ပြိုင်ဘက်ကစားသမားနှစ်ဦးက အနီးကပ်ဆုံးနေရာမှ ဖိအားပေးနိုင်ခဲ့သော်လည်း ဗိုလာရင်းက ၎င်းတို့ထက် စက္ကန့်အနည်းငယ် အသာဖြင့် ပန်းဝင်ခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ ဗိုလာရင်းသည် ၄ နာရီ ၄၅ မိနစ် ၉ စက္ကန့်ဖြင့် ပန်းဝင်ခဲ့ပြီးနောက် ချန်ပီယံဆုဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ၎င်း၏နောက်တွင် ပိုလန်နိုင်ငံသူပန်နေးက ၄နာရီ ၄၅ မိနစ် ၁၁ စက္ကန့်ဖြင့် ဒုတိယဆုဆွတ်ခူးခဲ့ကာအီတလီနိုင်ငံသူ ဘိုဂီနီက ၄ နာရီ ၄၅ မိနစ် ၁၅ စက္ကန့်ဖြင့် တတိယဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref : UCI

Trs : STA

# ကမ္ဘာ့ဖူဆယ်အဆင့်သတ်မှတ်ချက်၌ မြန်မာအမျိုးသားအသင်း ကမ္ဘာ့အဆင့်(၇၂)နှင့် အမျိုးသမီးအသင်း ကမ္ဘာ့အဆင့်(၄၉)နေရာတွင်ရပ်တည်

**ရန်ကုန် စက်တင်ဘာ ၂၇**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) က စက်တင်ဘာ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည့် စက်တင်ဘာလအတွက် လက်ရွေးစင်ဖူဆယ်အသင်းများ ကမ္ဘာ့အဆင့်သတ်မှတ်ချက်၌ မြန်မာအမျိုးသားအသင်းက ကမ္ဘာ့အဆင့်( ၇၂)နှင့် အမျိုးသမီးအသင်းက ကမ္ဘာ့အဆင့်(၄၉) နေရာတို့တွင် အသီးသီး ရပ်တည်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာလအတွက် ကမ္ဘာ့ဖူဆယ် အဆင့်သတ်မှတ်ချက်တွင် မြန်မာအမျိုးသား အသင်းသည် ၉၈၆ ဒသမ ၂ မှတ်ဖြင့် တစ်ဆင့်မြင့်တက်လာခဲ့ပြီး အမျိုးသမီးအသင်းသည်လည်း ၉၅၅ ဒသမ ၅ မှတ်ဖြင့် တစ်ဆင့်မြင့်တက်ခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ စက်တင်ဘာလအတွက် လက်ရွေးစင်ဖူဆယ်အသင်းများ၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက်မှ အာဆီယံဇုန်တွင် ထိုင်းအသင်းက ကမ္ဘာ့အဆင့်(၁၁)ဖြင့် အာဆီယံအဆင့်(၁)၊ အင်ဒိုနီးရှားအသင်းက ကမ္ဘာ့အဆင့်(၁၄)ဖြင့် အာဆီယံအဆင့် (၂)၊ ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့်(၂၀)ဖြင့် အာဆီယံအဆင့်(၃)၊ မြန်မာအသင်းက ကမ္ဘာ့အဆင့်(၇၂)ဖြင့် အာဆီယံအဆင့်(၄)၊ မလေးရှားအသင်းက ကမ္ဘာ့အဆင့်(၇၉)ဖြင့် အာဆီယံအဆင့်(၅)၊ တီမောလက်စ်တေအသင်းက ကမ္ဘာ့အဆင့်(၁၀၁)ဖြင့် အာဆီယံအဆင့်(၆)၊ ကမ္ဘောဒီးယားအသင်းက ကမ္ဘာ့အဆင့် (၁၂၁)ဖြင့် အာဆီယံအဆင့်(၇)၊ ဘရူနိုင်းအသင်းက ကမ္ဘာ့အဆင့် (၁၂၃)ဖြင့် အာဆီယံအဆင့် (၈) နေရာတွင် ရပ်တည်ခဲ့ပြီး လာအိုအသင်း၊ ဖိလစ်ပိုင်အသင်း၊ စင်ကာပူအသင်းတို့မှာ ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် မဝင်ရောက်နိုင်သေးခြင်းဖြစ်သည်။

အလားတူ အမျိုးသမီးကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင်လည်း အာဆီယံဇုန်၌ ထိုင်းအသင်းက ကမ္ဘာ့အဆင့်(၇)ဖြင့် အာဆီယံအဆင့်(၁)၊ ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့်(၁၁)ဖြင့် အာဆီယံအဆင့်(၂)၊ အင်ဒိုနီးရှားအသင်းက ကမ္ဘာ့အဆင့်(၂၁)ဖြင့် အာဆီယံအဆင့်(၃)၊ မလေးရှားအသင်းက ကမ္ဘာ့အဆင့်(၃၀)ဖြင့် အာဆီယံအဆင့်(၄)၊ မြန်မာအသင်းက ကမ္ဘာ့အဆင့်(၄၉)ဖြင့် အာဆီယံအဆင့် (၅)၊ ဖိလစ်ပိုင်အသင်းက ကမ္ဘာ့အဆင့်(၆၆)ဖြင့် အာဆီယံအဆင့်(၆)နေရာတွင် ရပ်တည်ခဲ့ပြီး ဘရူနိုင်းအသင်း၊ ကမ္ဘောဒီးယားအသင်း၊ လာအိုအသင်း၊ စင်ကာပူအသင်း၊ တီမောလက်စ်တေအသင်းတို့က ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် မဝင်ရောက်နိုင်သေးကြောင်းသိရသည်။

STA

# ကိုရီးယားအိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ကင်ဘာလိုင်ဘိုင်ယဲ ဆွတ်ခူး

**ဆိုးလ် စက်တင်ဘာ ၂၇**

တောင်ကိုရီးယား နိုင်ငံတွင် ကျင်းပခဲ့သည့် ကိုရီးယားအိုးပင်း အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့တွင် ဩစတြေးလျ တင်းနစ်မယ်များဖြစ်သည့် ကင်ဘာလိုင်ဘိုင်ယဲက မာယာဂျွိုင့်ကို အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း WTA သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။





မာယာဂျွိုင့်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ပြိုင်ပွဲ၏ချန်ပီယံဆုဆွတ်ခူးနိုင်ခြေ အဆင့်(၁)သတ်မှတ်ခံထားရသည့် ရုရှားတင်းနစ်မယ် ကိုနီဗာကိုအနိုင်ရပြီး ဗိုလ်လုပွဲစဉ်တက်ရောက်နိုင်ခဲ့သော်လည်း ဗိုလ်လုပွဲစဉ်တွင် ကင်ဘာလိုင်ဘိုင်ယဲကိုရှုံးနိမ့်ပြီး ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

အဆိုပါ ဗိုလ်လုပွဲစဉ်တွင် ကင်ဘာလိုင်ဘိုင်ယဲက ဖိအားပေးကစားခဲ့ပြီး ပထမပွဲငယ်တွင်(၆-၄) ရလဒ်ဖြင့် အနိုင်ရခဲ့သကဲ့သို့ ဒုတိယပွဲငယ်တွင်လည်း (၆-၂) ရလဒ်ဖြင့် ထပ်မံအနိုင်ရခဲ့သည့်အတွက် နှစ်ပွဲပြတ်ဖြင့် အနိုင်ရခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အလားတူ ကိုရီးယားအိုးပင်း အမျိုးသမီးနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင်လည်း တရုတ်(တိုင်ပေ) တင်းနစ်မယ်များဖြစ်သည့် ချန်ဟိုချင်းနှင့် ဝူဖန်ဇင်းတို့အတွဲက ရီကွီယူနှင့် ယာဇင်းလီတို့အတွဲကို အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : WTA

Trs : STA

# အင်္ဂလန်အသင်းကိုအနိုင်ရပြီးနောက် စပိန်အသင်း ပြိုင်ပွဲစုံ ၃၉ ပွဲဆက်ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်း



မက်ဒရစ် စက်တင်ဘာ ၂၇

ဥရောပ နေးရှင်းလိဂ်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ကစားခဲ့သည် စပိန်အသင်းနှင့် အင်္ဂလန်အသင်းတို့ပွဲစဉ်တွင် စပိန်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရပြီးနောက် ပြိုင်ပွဲစုံ ၃၉ ပွဲဆက်ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် စပိန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် နှစ်မိနစ်တွင် လမိုင်းယာမယ်၊ ပွဲချိန် မိနစ် ၆၀ တွင် ဘေနာ၊ ပွဲချိန် ၇၄ မိနစ်တွင် အိုယာဇာဘယ်တို့က သွင်းယူခဲ့ပြီး အင်္ဂလန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၆ မိနစ်တွင် ဂေါ်ဒွန်နှင့် ပွဲချိန် မိနစ် ၄၀ တွင် ဟယ်ရီကိန်းတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းသည် ၂၀၂၄ ခုနှစ် မတ်လက နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ်ကစားခဲ့သည့် ကိုလံဘီယာအသင်းနှင့်ပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း နှစ်နှစ်ကျော်ကြာအတွင်း ပြိုင်ပွဲစုံ ၃၉ ပွဲထိရှုံးပွဲမရှိအောင် စွမ်းဆောင်ခဲ့သည့်အတွက် လက်ရွေးစင်အသင်းများတွင် ရှုံးပွဲမရှိပွဲဆက်အများဆုံး အသင်းအဖြစ် ဆက်လက်ရပ်တည်ခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းသည် ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်အသင်းကို အနိုင်ရခဲ့ပြီးနောက် လက်ရွေးစင် အသင်းများတွင် ရှုံးပွဲမရှိ ပွဲဆက်အများဆုံးအဖြစ် ၃၇ ပွဲဖြင့် ရပ်တည်နေသည့်အီတလီအသင်းစံချိန်ကို လိုက်မီခဲ့သည်။

ထို့နောက် ဗိုလ်လုပွဲစဉ်အဖြစ် ကစားခဲ့သည့် အာဂျင်တီးနားအသင်းနှင့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့ကာ ၃၈ ပွဲဖြင့် လက်ရွေးစင်အသင်းများတွင် ရှုံးပွဲမရှိ ပွဲဆက်အများဆုံးအသင်းအဖြစ် စတင်ရပ်တည်ခဲ့ပြီး ယခုအခါ ၃၉ ပွဲဆက်ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : 365 Scores

Trs : STA

# စင်ကာပူအိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဖာနန်ဒက်ဆွတ်ခူး

စင်ကာပူ စက်တင်ဘာ ၂၇

စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် စင်ကာပူအိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ကနေဒါတင်းနစ်မယ် ဖာနန်ဒက်က ဩစတြေးလျတင်းနစ်မယ် ဂစ်ဆွန်ကို အနိုင်ရပြီး ချန်ပီယံဆု ဆွတ်ခူးခဲ့ကြောင်း WTA သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဖာနန်ဒက်က အကောင်းဆုံးလက်စွမ်းပြသခဲ့ကာ ပထမပွဲငယ်တွင် (၇-၅)၊ ဒုတိယပွဲငယ်တွင် ရမှတ်ပြတ်သားခဲ့ပြီး (၆-၀)ရလဒ်ဖြင့် အနိုင်ရကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဖာနန်ဒက်က "သိပ်ကောင်းတဲ့ အနိုင်ရလဒ်တစ်ခုပါ။ ဒုတိယပွဲစဉ်လက်စွမ်းက အားရဖို့ အကောင်းဆုံးပါပဲ။ အခုထိပ်တန်းဆုတစ်ခုကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ ပထမပွဲငယ်မှာ နည်းနည်းခက်ခဲခဲ့တယ်ဆိုပေမဲ့ ဒုတိယပွဲငယ်မှာတော့ ကျွန်မအကောင်းဆုံး လုပ်ဆောင်နိုင်ခဲ့လို့ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တာပါ" ဟု ပြောကြားခဲ့သည်။

ဖာနန်ဒက်သည် စင်ကာပူအိုးပင်းတင်းနစ် ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ် ကစားသမားဘဝ ခြောက်ကြိမ်မြောက်ဆုဖလားကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အလားတူ စင်ကာပူအိုးပင်း အမျိုးသမီးနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင်လည်း ဩစတြေးလျတင်းနစ်မယ် ရှော့လီဖီနှင့် အင်ဒိုနီးရှားတင်းနစ်မယ် ဆုဂျိုင်ဒီတို့အတွဲက တရုတ်တင်းနစ်မယ်များဖြစ်သည့် ကွမ်ဟိုင်းတန်နှင့် ယီဖန်းဇူတို့အတွဲကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်းသိရသည်။

Ref : WTA

Trs : STA



# ရီးရဲလ်မက်ဒရစ်အသင်းက မန်စီးတီးအသင်း၏ ဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်မှုပြဿနာကိုစောင့်ကြည့်ပြီး ထိပ်တန်းကစားသမားများကိုခေါ်ယူရန်ပြင်ဆင်

မက်ဒရစ် စက်တင်ဘာ ၂၇

ရီးရဲလ်မက်ဒရစ် အသင်းက မန်စီးတီးအသင်း၏ ဘဏ္ဍာရေး စည်းမျဉ်း ချိုးဖောက်မှုကြောင့် ပြင်းထန်သည့် ပြစ်ဒဏ်ချမှတ်ခံရမည့်အရေးနှင့် ရင်ဆိုင်နေရမှုကို အခွင့်ကောင်းယူပြီး တိုက်စစ်မှူးဟာလန်းအပါအဝင် ထိပ်တန်း ကစားသမားများကို ခေါ်ယူရန် ပြင်ဆင်နေကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးအသင်းသည်နည်းပြနှင့်ကစားသမားများကို လုပ်ခလစာပေးချေရာတွင် စာရင်းအတိအကျမတင်သွင်းနိုင်မှု၊ ကလပ်အသင်းနှင့် ဆက်နွှယ်နေသည့် ကုမ္ပဏီများထံမှ စပွန်ဆာငွေကြေးရယူမှု အစရှိသည့်ဘဏ္ဍာရေး စည်းမျဉ်းချိုးဖောက်သည့် အချက် ၁၁၄ ချက်တွင် ပြစ်မှုထင်ရှားသည့်အတွက် ပရီးမီးယားလိဂ်အဖွဲ့ချုပ်၏ ပြင်းထန်သည့် အရေးယူမှုနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က မန်စီးတီးအသင်း၏ ဘဏ္ဍာရေး စည်းမျဉ်း ချိုးဖောက်သည့်အချက် ၁၁၅ ချက်ကို လေးနှစ်ကျော်ကြာ စုံစမ်းစစ်ဆေးခဲ့ပြီးနောက် ၁၁၄ ချက်မှာ ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်ခဲ့ပြီး မကြာမီအပြီးသတ်ပြစ်ဒဏ်ချမှတ်မည်ဖြစ်သည်။

မန်စီးတီးအသင်းက အဆိုပါဖြစ်ရပ်များအတွက် အယူခံဝင်ရောက်ရန်ကြိုးပမ်းနေသော်လည်း အမြင့်ဆုံးပြစ်ဒဏ်အဖြစ် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ လိဂ်-၂ ပြိုင်ပွဲထိ တန်းဆင်းရနိုင်သည့်အခြေအနေတွင် ရှိနေသည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက အခွင့်ကောင်းယူပြီး မန်စီးတီးအသင်းမှ ဟာလန်း၊ ချာကီ၊ ဂဗာဒီရော၊ အန်ဇိုဖာနန်ဒက် အစရှိသည့် ထိပ်တန်း ကစားသမားကို ခေါ်ယူရန် စောင့်ကြည့်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

# FIFA-ASEAN Cup ဘောလုံးပြိုင်ပွဲတွင် ကမ္ဘောဒီးယားအသင်းကိုရှုံးနိမ့်ပြီး မြန်မာအသင်း ဗိုလ်လုပွဲအဆင့်တက်ရောက်ရန် မျှော်လင့်ချက်နည်းပါး



ရန်ကုန် စက်တင်ဘာ ၂၇

ဟောင်ကောင်တွင် ကျင်းပနေသည့် FIFA–ASEAN Cup ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲက မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ကစားခဲ့ရာ မြန်မာအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ဗိုလ်လုပွဲအဆင့်တက်ရောက်ရန် မျှော်လင့်ချက် နည်းပါးနေကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းသည် အနိုင်ရရှိလျှင် ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်မည်ဖြစ်သော်လည်း ရှုံးနိမ့်ခဲ့သည့်အတွက် အုပ်စုအဆင့်မှ ထွက်ခွာရရန်နီးစပ်လာခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ရန်နီးစပ်ခဲ့ကာ ပွဲချိန် မိနစ် ၉၀ ထိ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုလေးမိနစ်တွင် လူစားဝင် ကွင်းလယ်ကစားသမား ကာကာဒါဆင်က ကမ္ဘောဒီးယားအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲပြီးဆုံးချိန်တွင် ကမ္ဘောဒီးယားအသင်းက မြန်မာအသင်းကိုအနိုင်ရကာ ဗိုလ်လုပွဲအဆင့်တက်ရောက်ရန် နီးစပ်နေခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲစဉ်တွင် တီမောလက်စ်တေအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ကမ္ဘောဒီးယားအသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှ ထွက်ခွာရရန်နီးစပ်နေပြီး စက်တင်ဘာ ၃၀ ရက်တွင် ကစားမည့် ကမ္ဘောဒီးယားအသင်းနှင့် တီမောလက်စ်တေအသင်းတို့ပွဲစဉ်ရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်ကြောင်းသိရသည်။ STA

# Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များ ဆက်လက်ကျင်းပ

မန္တလေး စက်တင်ဘာ ၂၇

မန္တလေးတိုင်း ဒေသကြီး ဖူဆယ်ဆပ်ကော်မတီက ကြီးမှူးကျင်းပနေသည့် Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၆) ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှ စတင်ပြီး မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းရှိ Multipurpose Stadiumတွင် ဆက်လက်ကျင်းပခဲ့ကြောင်းသိရသည်။

Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈နာရီက TG United အသင်းနှင့် Mali Kyal Sin အသင်းတို့ကစားခဲ့ရာ Mali Kyal Sin အသင်းကခုနစ်ဂိုး ငါးဂိုး၊နံနက် ၉ နာရီ ၄၅ မိနစ်က SK အသင်းနှင့် MDY Youth အသင်းတို့ကစားခဲ့ရာSK အသင်းက ခုနစ်ဂိုးလေးဂိုး၊ နံနက် ၁၁ နာရီခွဲက Mogyoအသင်းနှင့် Pyae Sone အသင်းတို့ကစားခဲ့ရာ Pyae Sone အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် အသီးသီးအနိုင်ရခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က Black Wolves အသင်းနှင့် AYA Panpu အသင်းတို့ကစားခဲ့ရာ Black Wolves အသင်းက သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရပြီး ညနေ ၃ နာရီက Glory အသင်းနှင့် KH အသင်းတို့ကစားခဲ့ရာ KHအသင်းက လေးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။

Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များအပြီးတွင် Mali Kyal Sin အသင်းက ရမှတ် ၁၆ မှတ်ဖြင့် အဆင့်(၁) နေရာမှ ဦးဆောင်နေပြီး ပွဲစဉ်(၇) ပွဲစဉ်များကို စက်တင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ STA

# အသား၊ ငါး ဖူလုံဖို့ မွေးမြူရေးလုပ်ငန်းများ ဖော်ဆောင်စို့

မောင်သောင်းဝင်း(တမန်ဟောင်း)

ကမ္ဘာ့လူဦးရေသည် တစ်နေ့တခြားတိုးပွားလျက်ရှိပြီး လက်ရှိအချိန်၌ ၈ ဒသမ ၃ ဘီလီယံကျော် ရှိလာပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံများသည် အနာဂတ်တွင် ဆက်လက်တိုးပွားလာမည့်လူဦးရေ၏ စားရေရိက္ခာလုံခြုံစိတ်ချရေး (Food Security)အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအကျယ်အဝန်းနှင့်လူဦးရေအချိုးအစားမှာမျှတလျက်ရှိပြီး နိုင်ငံလူဦးရေတိုးနှုန်း မြင့်မားမှုမရှိသလို စားနပ်ရိက္ခာဖူလုံသောနိုင်ငံလည်းဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်စီးပွားရေးကိုဆောင်ရွက်သော နိုင်ငံဖြစ်သည်။ နိုင်ငံရှိလူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး ကျန် ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြများတွင် နေထိုင်ကြသည်။ နိုင်ငံရှိလူဦးရေအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်နေကြသူများဖြစ်သည်။

**ဝင်ငွေတိုးတက်လာ**

ထိုသို့သောအခြေအနေတွင် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံစီးပွားရေးမြင့်မားတိုးတက်လာပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝများလည်း လိုက်ပါမြင့်တက်လာမည်ဖြစ်သည်။ အထူးသဖြင့် လူအများစု မှီတင်းနေထိုင်ကြသည့် ကျေးလက်ဒေသစီးပွားရေးကို မြင့်တင်နိုင်လျှင် နိုင်ငံစီးပွားရေးလည်း တိုးတက်မြင့်မားလာပြီး ဆင်းရဲမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရေ၊ မြေ အခြေခံကောင်းများစွာ တည်ရှိနေသည်။ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ဆောင်ရွက်ရာတွင် နိုင်ငံ့စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေနိုင်မည့် ကျေးလက်နေပြည်သူများအကျိုးများစေမည့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မွေးမြူရေးသုတေသနလုပ်ငန်းများဖြင့် ဖော်ထုတ်ဆောင်ရွက်သွားရန်လိုအပ်သည်။

မွေးမြူရေးသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံ၏ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းထွက်ကုန်ပစ္စည်းများမှ ပြည်တွင်း၌ တစ်ဦးချင်း အသား၊ ငါး၊ နို့၊ ဥ စားသုံးနိုင်မှုနှုန်းများ ဖူလုံလာစေမည်ဖြစ်သည်။ ပြည်တွင်းစားသုံးမှုမှ ပိုလျှံသည်များကို ပြည်ပတင်ပို့နိုင်ခြင်းဖြင့် မွေးမြူရေးနှင့်ရေလုပ်ငန်းမှ နိုင်ငံသားတစ်ဦးချင်း ဝင်ငွေတိုးတက်လာစေမည်ဖြစ်သည်။

**ကြိုးပမ်းဆောင်ရွက်**

မြန်မာနိုင်ငံတွင် ရန်ကုန်မြို့သည် လူဦးရေအထူထပ်ဆုံးမြို့ကြီးတစ်မြို့ဖြစ်ပြီး လက်ရှိအချိန်၌ လူဦးရေ ခုနစ်သန်းကျော် ရှစ်သန်းခန့်ထိ နေထိုင်လျက်ရှိသည်။ နောင်တွင်လည်း လူဦးရေဆက်လက်တိုးပွားလာမည်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားရေရိက္ခာလုံခြုံရေးကို သက်ဆိုင်ရာအဖွဲ့အစည်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မွေးမြူရေးဇုန်များ တည်ထောင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

မွေးမြူရေးဇုန်များကို အပိုင်းလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဇုန်များအလိုက် ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား၊ ငါးနှင့် ငုံးများ မွေးမြူထားသည်။ မွေးမြူရေးဇုန်များတွင် အသား၊ ငါးနှင့် ဥများ ထုတ်လုပ်ရောင်းချပေးလျက်ရှိသည်။ မွေးမြူရေးဇုန်များတွင် ရေလုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ရေတင်လုပ်ငန်းများဖြင့် ရေပေးဝေလျက်ရှိသည်။ ဇုန်များအလိုက် လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်ပေးထားပြီး ကုန်ထုတ်လမ်းများနှင့် အရိပ်ရလေကာပင်များ ဆောင်ရွက်ထားသည်။ ဇုန်များအလိုက် တိရစ္ဆာန်အစားအစာ လုံလောက်စွာရရှိရေး အစာစပ်စက်ရုံများဖြင့် ထုတ်လုပ်ဆောင်ရွက်လျက်ရှိသည်။ အလားတူ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ကာ ဒေသခံပြည်သူများ၏ အသား၊ ငါး၊ နို့နှင့် ဥ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။



ပြည်တွင်းအသားတိုးကြက်မွေးမြူထားမှုကို တွေ့ရစဉ်။

စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ထားခြင်းသည် ထုတ်ကုန်များကို ဈေးနှုန်းသက်သက်သာသာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်ရေးအတွက်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် မြေပြင်အခြေခံကိန်းဂဏန်းအချက်အလက်များ ပြည့်စုံမှန်ကန်ရေးသည် အဓိကကျပြီး ၎င်းအချက်အလက်များကို အခြေခံ၍ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သည်။ ပြည်သူများ သက်သာသောဈေးနှုန်းများဖြင့် အသား၊ ငါးနှင့် ဥအမျိုးမျိုး လုံလောက်စွာ ဝယ်ယူစားသုံးနိုင်ရေးကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများက စီမံတွက်ချက်လျာထား ဆောင်ရွက်လျက်ရှိသည်။

မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မွေးမြူသည့် တိရစ္ဆာန်အမျိုးအစားအလိုက် မျိုးကောင်းမှသာ ထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းတွင် တိရစ္ဆာန်အစာကို လုံလောက်အောင်ကျွေးမွေးနိုင်ရန် တိရစ္ဆာန်အစာများကို စဉ်ဆက်မပြတ်ထုတ်လုပ်ရမည်ဖြစ်ပြီး သန့်ရှင်းသောရေ လုံလောက်စွာရရှိရန်လည်း လိုအပ်သည်။ မွေးမြူရေးလုပ်ငန်းများ အထွက်နှုန်းကောင်းမွန်စေရေးအတွက် မွေးမြူမည့်နေရာ၊ ပမာဏ၊ ရေ၊ အစာနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်၊ စဉ်ဆက်မပြတ် မွေးမြူထုတ်လုပ်မှုစသည်တို့ကို စနစ်တကျ စီမံဆောင်ရွက်သွားရန်လိုအပ်သည်။

**ချိတ်ဆက်ဆောင်ရွက်ရန်လို**

လယ်ယာကဏ္ဍသည် စိုက်ပျိုးရေးတစ်ခုတည်းမဟုတ်ဘဲ မွေးမြူရေးကဏ္ဍနှင့်လည်း ပေါင်းစပ်စဉ်းစားသွားရန်လိုအပ်သည်။ ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးနှင့် အခြားမွေးမြူရေးလုပ်ငန်းများတွင် ထုတ်လုပ်မှုစနစ်၊ အစာစရိတ်၊ မွေးမြူရေးနည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် ဈေးကွက်ချိတ်ဆက်မှုတို့ကို တိုးတက်အောင် ဆောင်ရွက်သွားရန်လိုအပ်သည်။ ထိုလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးနှင့်ရင်းနှီးမြှုပ်နှံမှုသည် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည်။ ခေတ်သစ်လယ်ယာကဏ္ဍ အသွင်ကူးပြောင်းရေး၊ MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် Agro-based Industries တည်ထောင်ရေးအတွက် လိုအပ်သည့် အရင်းအနှီးများကို အစိုးရဘဏ္ဍာငွေ၊ ပုဂ္ဂလိကဘဏ္ဍာငွေနှင့် ပြည်သူများ၏ရင်းနှီးမြှုပ်နှံမှုတို့ကိုပေါင်းစပ်ပြီး ဖြည့်ဆည်းပေးနိုင်ရန်လိုအပ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆက်စပ်လုပ်ငန်းများကို သီးခြားစီဆောင်ရွက်ခြင်းထက် တစ်ခုနှင့်တစ်ခု ချိတ်ဆက်ပြီး ထွက်ရှိလာသည့်ထုတ်ကုန်နှင့် ဘေးထွက်ပစ္စည်းများကို အပြည့်အဝ ပြန်လည်အသုံးပြုနိုင်သည့် စနစ်တစ်ခုအဖြစ် ဖော်ဆောင်သွားနိုင်ရန်လိုအပ်ပေသည်။

**ခေတ်မီ စိုက်ပျိုးမွေးမြူရေး**

ထို့ပြင် ကျေးလက်နေပြည်သူများအနေဖြင့် သီးနှံနှင့် အသား၊ ငါး၊ နို့နှင့် ဥ ထုတ်လုပ်မှု ပိုမိုတိုးမြင့်ရန် စက်မှုစိုက်ပျိုးရေးကိုအခြေခံသော ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့ ပြောင်းလဲဖော်ဆောင်သွားရန်လိုအပ်သည်။ ခေတ်မီ စိုက်ပျိုးမွေးမြူရေးစနစ်သို့သွားနိုင်ရန် ပထမဦးစွာ သမားရိုးကျစိုက်ပျိုးမွေးမြူရေးစနစ်များအစား စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်ရန် လိုအပ်သည်။ ထိုသို့ဖော်ဆောင်နိုင်ရန် စိုက်ပျိုးမွေးမြူရေးကို ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးသွားရန်လိုအပ်သည်။

စင်စစ်အားဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းအတတ်ပညာကျောင်းများကို နိုင်ငံအနှံ့တည်ဆောက်ဖွင့်လှစ်ပေးထားသည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုး၊ မွေးမြူ၊ စက်မှုဆိုင်ရာ တက္ကသိုလ်ကောလိပ်များကို တည်ဆောက်ထားပြီး နိုင်ငံ၏ပညာရေးအပေါ်မူတည်၍ ယခုအခါ စိုက်ပျိုး၊ မွေးမြူ၊ စက်မှုအထက်တန်းကျောင်းများကို နိုင်ငံအနှံ့ဖွင့်လှစ်ပေးထားသည်။

ဆိုရလျှင် မြန်မာနိုင်ငံသည်စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရေးအတွက် ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့ တက်လှမ်းနိုင်ရန် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ခေတ်မီ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေး၊ လူမှုဘဝများ အဆင်ပြေချောမွေ့စေရေးတို့အတွက် ပြည်သူအားလုံးဝိုင်းဝန်းပူးပေါင်းကာ ထိထိရောက်ရောက်ဆောင်ရွက်သွားရန်လိုအပ်သည်။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်လာ**

နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုသည် ထုတ်လုပ်မှုမှ စတင်ခြင်းဖြစ်သည်။ လယ်ယာ၊ မွေးမြူရေး၊ သဘာဝအရင်းအမြစ်နှင့် လူ့စွမ်းအားများကိုအခြေခံပြီး ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်သည်။ ထုတ်လုပ်ထားသည့် ကုန်ကြမ်းများကိုလည်း ကုန်ကြမ်းအတိုင်း ရောင်းချခြင်း၊ တင်ပို့ခြင်းမျိုးမဟုတ်ဘဲ ပြုပြင်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် အရည်အသွေးမြှင့်တင်ခြင်းများကို ဆောင်ရွက်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်သွားရန်လိုအပ်သည်။ ထိုသို့ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မှသာ ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးရောင်းချနိုင်သကဲ့သို့ ပြည်ပဈေးကွက်သို့လည်း တင်ပို့နိုင်မည်ဖြစ်သည်။

ထိုသို့ ဈေးကွက်နှင့်ချိတ်ဆက်ပြီး ရောင်းချနိုင်လာသည့်အခါ ထုတ်လုပ်သူများ၏ ဝင်ငွေတိုးလာမည်ဖြစ်သကဲ့သို့ လုပ်ငန်းများ တိုးချဲ့ရင်းနှီးမြှုပ်နှံနိုင်လာမည်ဖြစ်သည်။ လုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ တိုက်ရိုက်အလုပ်အကိုင်များ၊ သွယ်ဝိုက်အလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်သည်။ အလုပ်အကိုင်နှင့် ဝင်ငွေတိုးလာသည့်အခါ ပြည်သူများ၏ စားဝတ်နေရေး ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေးနှင့်လူနေမှုအဆင့်အတန်းများလည်း တိုးတက်လာမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုတိုးတက်လာသည်နှင့်အမျှ နိုင်ငံ၏ အမျိုးသားဝင်ငွေတိုးတက်လာပြီး နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**အသား၊ ငါး ဖူလုံဖို့ မွေးမြူရေးလုပ်ငန်းများ ဖော်ဆောင်စို့**

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ စားနပ်ရိက္ခာဖူလုံရေးအတွက် လိုအပ်ချက်များစွာ ရှိနေသည်။ ထို့ကြောင့် မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်နိုင်ငံများကသာ စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးအပြင် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက်လည်း ရေ၊ မြေ အခြေအနေကောင်းများစွာ ပိုင်ဆိုင်ထားရှိသည်။

အမှန်တော့ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ခြင်းသည် အသား၊ ငါး၊ နို့၊ ဥများ ဖူလုံပိုလျှံလာမည့်အပြင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း များစွာ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။ အထူးသဖြင့် ပြည်သူတို့၏ နေ့စဉ်လူမှုဘဝတွင် အရေးကြီးသည့် စား၊ ဝတ်၊ နေရေး အရေးသုံးပါး၌ စားရေးသည် ပြည်သူများအတွက် နေ့စဉ်နှင့်အမျှ မဖြစ်မနေလိုအပ်သည့် အရေးကြီးကုန်ပစ္စည်းဖြစ်၍ စားရေးတွင် အသား၊ ငါး၊ နို့နှင့် ဥ များ လုံလောက်ဖူလုံပြီး ဈေးနှုန်းလည်း သက်သာမှုရှိစေရန်အပြင် ပြည်ပသို့ပင် တင်ပို့နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းသွားကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။

**ကိုးကား**

- ၃၁-၈-၂၀၂၆နှင့် ၂၂-၉-၂၀၂၆ ထုတ် သတင်းစာများ။

# ရွှေဟသ်ာရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် လူလည်ပတ်ကား ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားပြုလုပ်



**ရန်ကုန် စက်တင်ဘာ ၂၇**

ရွှေဟသ်ာ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် လူလည်ပတ်ကား ရုပ်သံဇာတ်လမ်းတွဲကန်တော့ပွဲပေး အခမ်းအနားကို စက်တင်ဘာ ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်ကြီး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူလည်ပတ်ကား ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို မင်းတော်ဝင်က ရေးသားထားပြီး မင်းတော်ဝင်နှင့် ပိုင်စိုးသူမောင်တို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ဝင့်ဥမ္မာကျော်က ရွှေဟသ်ာရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပုံဖော်ရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲလေးက ဟာသဇာတ်မြူးလေးပါပဲ။ ကျွန်တော်က နယ်ဘက်ကနေ ရန်ကုန်မှာ အလုပ်လုပ်ဖို့အတွက် ကြိုးစားရင်းနဲ့ ပိုက်ဆံအလိမ်ခံလိုက်ရတယ်။ အဲဒီတော့ နယ်ဘက်ကနေ ရန်ကုန်ကိုသွားနိုင်ခြေရှိတဲ့ လူတွေကို စည်းရုံးပြီးတော့ သူတို့ပိုက်ဆံတွေနဲ့ ရန်ကုန်တက်လာတယ်။ မြယာတို့ကျတော့ ရန်ကုန်မြို့ခံလူလည်တွေပါ။ နယ်လူလည်နဲ့ မြို့လူလည်တွေဆုံကြတဲ့အခါ ဘာတွေဖြစ်လာမလဲပေါ့။ အဲဒီလို ဇာတ်လမ်းမျိုးလေးပါ"ဟု သရုပ်ဆောင် မင်းတော်ဝင်က ပြောပြသည်။

လူလည်ပတ်ကား ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် မင်းတော်ဝင်၊ ပိုင်၊ ထူးခြား၊ သွေးသစ်လင်း၊ လင်းမြတ်၊ ဦးဇော်ကြီး၊ အာကာဖြိုး၊ မြယာ၊ ခိုင်စု၊ ဖူးမြတ်နိုး၊ ဂွမ်းပုံကြီး စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။ ASH

# တေးသံရှင် ပူစူး၊ ဉာဏ်လင်းအောင်တို့၏ သီချင်းတွေထဲကအမှတ်တရများ တေးဂီတဖျော်ဖြေပွဲ ပြုလုပ်မည်

**မန္တလေး စက်တင်ဘာ ၂၇**

တေးသံရှင် ပူစူး၊ ဉာဏ်လင်းအောင်တို့၏ သီချင်းတွေထဲက အမှတ်တရများ တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theater Bar ၌ ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ပူစူးထံမှ သိရသည်။

အဆိုပါ တေးသံရှင် ပူစူး၊ ဉာဏ်လင်းအောင်တို့၏ သီချင်းတွေထဲက အမှတ်တရများ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို The Square Theater Bar တွင် ပင်တိုင် တီးခတ်ပေးနေသည့် တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုး တီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




"သီချင်းတွေထဲက အမှတ်တရများဆိုတဲ့အမည်နဲ့ တေးဂီတဖျော်ဖြေပွဲလေးကို The Square Theater Bar မှာ ကျွန်တော်နဲ့ ဉာဏ်လင်းအောင်တို့ အကောင်းဆုံး သီဆိုဖျော်ဖြေသွားမှာပါ။ သီချင်းတွေကို နားထောင်ရုံတင်မဟုတ်ဘဲ Live နဲ့တူတူခံစားခွင့်ရမှာမို့ လာခဲ့ဖို့မမေ့ကြပါနဲ့လို့ တိုက်တွန်းချင်ပါတယ်"ဟု တေးသံရှင် ပူစူးက ပြောပြသည်။

တေးသံရှင် ပူစူး၊ ဉာဏ်လင်းအောင်တို့၏ သီချင်းတွေထဲကအမှတ်တရများ တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၂ ရက် ညနေ ၆ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# မြန်မာ့ရုပ်ရှင်နေ့နှင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် မေသန်းနုက အလှူငွေကျပ် ငါးသိန်း လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၇**

ယခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အနုပညာလောကသားများက အလှူငွေများကို ပါဝင်လှူဒါန်းလျက်ရှိရာ သရုပ်ဆောင် မေသန်းနုက အလှူငွေကျပ် ငါးသိန်းကို စက်တင်ဘာ ၂၆ ရက်က လာရောက်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

ယခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံကြီးတွင် ပြောင်းရွှေ့ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ရုပ်ရှင်သက်ကြီး ပူဇော်ကန်တော့ပွဲကတော့ နှစ်စဉ် အစဉ်အလာမပျက် မြန်မာ့ရုပ်ရှင်နေ့မှာပဲ ကျင်းပပါတယ်။ အောက်တိုဘာ ၁၃ ရက်မှာ အစဉ်အလာအတိုင်း ကျင်းပမှာမို့ အနုပညာရှင်၊ အတတ်ပညာရှင်တွေက အလှူငွေတွေ ပါဝင် လှူဒါန်းနေကြပါတယ်။ စက်တင်ဘာ ၂၆ ရက်က သရုပ်ဆောင် မေသန်းနုက အလှူငွေကျပ် ငါးသိန်း လာရောက်လှူဒါန်းပါတယ်။ ဒီနှစ်မှာတော့ ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဝဇီရာကဇာတ်ရုံကြီးမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ အရင်နှစ်တွေကတော့ ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံးက ရွှေရတုခန်းမမှာ ကျင်းပခဲ့ပါတယ်။ နေရာအခက်အခဲကြောင့် သက်ကြီးရုပ်ရှင်မိဘတွေအားလုံးကို မဖိတ်ကြားနိုင်ပါဘူး။ ဒီနှစ်ကတော့ ကျန်းမာရေးအရ မတက်ရောက်နိုင်သူတွေကလွဲရင် တက်ရောက်နိုင်သူအားလုံးကို ဖိတ်ကြားမှာဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

ထို့ပြင် ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် နိဗ္ဗာန်ဈေးကိုလည်း ဆိုင်ခန်းပေါင်း ၄၀ ဖွင့်လှစ်ကာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်းအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# My Darling California ဇာတ်ကားကို ကယ်လီဖိုးနီးယားပြည်နယ်၌ စတင်ရိုက်ကူးနေ

**နယူးယောက် စက်တင်ဘာ ၂၇**

My Darling California အမည်ရှိ လျှို့ဝှက်သည်းဖိုမှုခင်းဇာတ်ကားသစ်ကို ကယ်လီဖိုးနီးယားပြည်နယ်၌ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း စက်တင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားကို Magazine Dreams ဒါရိုက်တာ အယ်လီယာဘိုင်နမ်းက တာဝန်ယူရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

My Darling California ဇာတ်ကားသည် ၁၉၈၀ ပြည့်နှစ်ကာလ လော့စ်အိန်ဂျလိစ်မြို့တော်ကို နောက်ခံထားရိုက်ကူးမည့် လျှို့ဝှက်သည်းဖို မှုခင်းဇာတ်ကားဖြစ်သည်။

My Darling California ဇာတ်ကားတွင် မင်းသား ခရစ်အီဗန်၊ ခရစ်ပိုင်း၊ မစ်ကီမက်ဒီဆန်၊ မင်းသမီး ဂျက်ဆီကာချက်စတိန်း၊ ဒွန်ချက်ဒဲတို့ ပါဝင်သရုပ်ဆောင်လျက်ရှိပြီး အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ အယ်လီယာဘိုင်နမ်းကပင် တာဝန်ယူရေးသားပေးထားသည်။

အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# Scapegoat လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသား ဂျပ်လော ပါဝင်သရုပ်ဆောင်ဖွယ်ရှိ

**နယူးယောက် စက်တင်ဘာ ၂၇**

A24 ရုပ်ရှင်ကုမ္ပဏီ၏ Scapegoat အမည်ရှိ လျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ဂျပ်လော ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း စက်တင်ဘာ ၂၆ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် မင်းသား ဂျပ်လောသည် Scapegoat ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် A24 ရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေသည်။

အပြီးသတ်သဘောတူညီချက်ရရှိခဲ့ပါက မင်းသား ဂျပ်လောသည် Scapegoat ဇာတ်ကား၌ မင်းသမီး စကားလက်ဂျိုဟန်ဆင်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Scapegoat ဇာတ်ကားကို ဒါရိုက်တာ အာရီအက်စတားက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ရေးသားထားသည်။

လက်ရှိတွင် Scapegoat ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို A24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Scapegoat ဇာတ်ကားတွင် မင်းသမီး စကားလက်ဂျိုဟန်ဆင်နှင့်အတူ မင်းသား ဂျာကော့အယ်လ်လော်ဒီလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# President of the Republic of the Union of Myanmar U Min Aung Hlaing inspects Dagon University, University of Medicine (1), and Yangon University (Hlaing Campus) in Yangon Region and fulfills their requirements



President U Min Aung Hlaing inspects a lecture theatre at the University of Yangon (Hlaing Campus).

**Nay Pyi Taw September 27**

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by the members of his entourage, the Yangon Region chief minister, the Yangon Command commander and officials, inspected Dagon University, University of Medicine (1), and Yangon University (Hlaing Campus) in Yangon Region this morning.

**Dagon University**

The President and party arrived at Dagon University railway station in Dagon Myothit (East) Township and heard a report on placing of a YBS bus gate near the railway station for the convenience of students attending classes every day; selection of a place to build a bus terminal and a taxiway, building of platforms on both side of Bohmu Bahtoo road in the university campus and tar laying, and plans for properly painting lane markings and pedestrian crossings in the campus, presented by the chief minister and officials.

In response, the President said measures should be taken to reinforce the foundation of the bus terminal and taxiway. Pedestrian platforms should be built for the safety of students, and the availability of YBS buses for students during pick-up and drop-off times must be ensured, and gave guidance on other matters.

The President looked around the railway station yard and gave instructions on constantly keeping the station area clean and pleasant and systematic, taking constant necessary maintenance measures to keep the entire university compounds in accord with the standard norms, clearing of the bushes on both sides of the roads, trimming of large trees to let light through, creation of a university compound that is pleasant, clean and health-friendly, land filling to prevent waterlogging, establishment of a systematic network of drainage canals for proper flow of water, upgrading of roads in the campus and other matters.

On arrival at the Convocation Hall, the President and party heard a report on visions of the university, its functions and requirements, subjects taught at the university, presented by the Union Minister for Education and Rector of the University Dr. Chit Sein. The President gave necessary guidance.

The President inspected major renovation of the Convocation Hall, and the university sports ground. Regarding the upgrading of the sport ground and stands, the President said the sport ground should be developed into a standard facility, with a 400-meter track and the stands must be re-erected to meet the standard. He said arrangements should be made to hold student sport competitions at the training sport ground during the construction period of the facilities.

**University of Medicine (1), Yangon**

Afterward, the President and party members arrived at the construction site for the reconstruction of the former turtle-shell-shaped Multi-Purpose Assembly Hall within the compound of the University of Medicine (1), Yangon in Kamayut Township, which is being rebuilt in a modern style while retaining its original form, where they were welcomed and greeted by the rectors and responsible officials from the Universities of Medicine (1) and (2).

Later, the President inspected the construction site and, following briefings by the Union Minister for Construction, the Union Minister for Health, and responsible officials regarding current operations, stated that the historical photos and records of the original turtle-shell-shaped building must be carefully reviewed and analyzed to ensure the new facility retains its original form while taking on a modern appearance. He noted that because the planned hall is located adjacent to Pyay Road, a thoroughfare with heavy vehicular traffic, soundproofing systems must be systematically calculated and incorporated, and provided additional necessary instructions.

The iconic timber multi-purpose assembly hall, shaped like a turtle shell, was designed by British architect Raglan Squire and constructed between 1954 and 1956 within the compound of the Rangoon Institute of Technology. By around the 1980s, the structure had deteriorated due to tropical rainfall and the passage of time, leaving its wooden framework damaged, unusable for the public, and too costly to maintain long-term, which ultimately led to its demolition. Currently, in accordance with the guidance of the President, the turtle-shell-shaped building is being reconstructed in a modern style while preserving its original form.



President U Min Aung Hlaing gives guidance at the Dagon University.

**University of Yangon (Hlaing Campus)**

Next, the President and party members arrived at the University of Yangon (Hlaing Campus). At the administrative building briefing hall, Director General Dr. Than Zaw Oo of the Department of Higher Education, Ministry of Education, presented a briefing on facts regarding the Campus, the construction status of universities and academic halls, the distribution of hostels and lecture buildings by university across the campus, the construction of staff housing, and the location of lecture halls and theaters. He also detailed the current state of teaching, learning, and administrative infrastructure within the Hlaing University Campus, as well as additional infrastructure requirements. Following this, Rector Dr. Kay Thwe Hlaing of the Yangon University of Education briefed the delegation on the background history of the Yangon University of Education, the degrees currently offered, infrastructure needs for teaching and learning, and the status of budget utilization and project completion categorized by task for each financial year. *See Page 13*

# Vice President Daw Nan Ni Ni Aye addresses 2026 World Tourism Day Commemorative Ceremony



Vice President Daw Nan Ni Ni Aye addresses the 2026 World Tourism Day Commemorative Ceremony.

**Nay Pyi Taw September 27**

The commemorative ceremony for World Tourism Day 2026 was held this morning at the Myanmar International Convention Centre-1 (MICC-1) in Nay Pyi Taw. Daw Nan Ni Ni Aye, Vice President of the Republic of the Union of Myanmar and Chairperson of the National Tourism Development Central Committee, attended the event, delivered an opening address, and presented awards.

The ceremony was attended by Union Ministers who are members of the Central Committee, the Chairman of the Nay Pyi Taw Council, Chairs of Parliamentary Affairs Committees, Deputy Ministers, ambassadors from foreign embassies in Myanmar, heads of departments, chairpersons and representatives from hotel, tourism, and cultural committees, tourism experts, private tourism organization representatives, association leaders and officials, rectors from universities and colleges, heads of tourism management departments, students, invited guests, award recipients, and relevant officials.

First, artists from the Fine Arts Department under the Ministry of Culture, Hotels and Tourism performed an opening dance routine to the song "Technology Shaping the Earth."

In her address, the Vice President highlighted that the theme for this year's World Tourism Day is "Digital Agenda and Artificial Intelligence to Redesign Tourism." She stated that this theme serves as a timely, highly appropriate guide for advancing the tourism sector with foresight in harmony with the rapidly shifting technological currents of the modern world.

She noted that adopting artificial intelligence and digital technology not only creates better travel experiences for tourists, but also enables tourism businesses to streamline management, marketing, and decision-making processes. Conversely, while focusing on the benefits of technology, stakeholders must remain vigilant regarding security, personal data protection, accountability, transparency, and a human-centered approach.

The Vice President added that the State has eased entry visa regulations to facilitate smooth visits for international travelers to Myanmar. Furthermore, the tourism sector will achieve greater progress through continuous promotion via digital channels, participation in international travel expos representing Myanmar, and organizing familiarization trips.

She emphasized the importance of ensuring that adopting new technologies enhances rather than diminishes local employment opportunities, and that micro-, small-, and medium-sized enterprises (MSMEs)—such as local handicraft makers, guesthouse operators, and restaurateurs—reap the benefits of digitalization. Efforts must be made to connect the products of artisans and MSMEs to the global marketplace through digital platforms. In line with the theme and vision of World Tourism Day 2026, she urged everyone to collaborate, leverage modern innovations, and elevate the nation's tourism sector to a new standard.

After the speech, Union Minister for Information U Htein Lin presented a commemorative gift for World Tourism Day 2026 to the Vice President.

Next, the Vice President and attendees watched a video message from Ms. Shaikha Al Nuwais, Secretary-General of the World Tourism Organization, a documentary video on ongoing tourism initiatives in Myanmar, and a performance of the song "Travel and the World" by artists from the Fine Arts Department.

The Vice President then conferred honorary awards on foreign-invested hotels, citizen-invested hotels, and tour operating companies that demonstrated the highest service performance, as well as winners of the 2026 World Tourism Day color photography competition.

Following this, Union Minister at the President's Office U Tin Aung San presented awards to the winners of the short video, paper presentation, and article competitions, while Union Minister for Transport and for Digital Development and Communications U Mya Tun Oo conferred awards to higher-education and basic-education level essay competition winners.

The Vice President then took a commemorative group photo with attendees and toured the exhibition booths displayed for World Tourism Day 2026, including pavilions from the Ministry of Culture, Hotels and Tourism, MSME product showcases from regions and states (including the Nay Pyi Taw Council), the Myanmar Hotelier Association booth, and exhibits featuring winning photographs, articles, papers, essays, companies, and hotels.

World Tourism Day celebrations have been organized annually since 1980 under the auspices of the United Nations World Tourism Organization, marking its 46th anniversary this year.

MNA

*From Page 12*

Following the presentations, the President made inquiries regarding the reported details and stated that administrative matters for teachers and students, as well as teaching and learning procedures, within the Hlaing University Campus and Kamayut University Campus need to be consolidated to ensure smoother, faster, and more convenient operations. He emphasized that investing in education is constructing and shaping a modern and developed future nation; therefore, universities must continuously produce well-rounded, knowledgeable, and skilled human resources for the country. He added that universities and colleges across various regions and states must also produce educated human resources who can, as civil servants, serve for the benefit and development of their respective regions.

Furthermore, he stressed the need to systematically calculate the ratio of student enrollment to teaching/learning infrastructure and teaching staff across universities and subjects, and based on analysis, undertake the expansion of infrastructure where necessary or organize combined classes for subjects with low student numbers.

Regarding the construction of academic infrastructure, he highlighted that for key iconic structures representing a university's prestige and dignity—such as convocation halls—comprehensive evaluations must be conducted, and proposed sites as well as preliminary draft designs must be prioritized, selected, and executed systematically step-by-step with a view toward long-term benefits.

He instructed that the Yangon University of Economics, Yangon University, and the Yangon University of Education be analyzed in terms of student-to-staff ratios and infrastructure requirements to find solutions for consolidating their setups.

Additionally, he noted that the structural integrity of university buildings must be re-measured, evaluated, and compiled based on their intended use and capacity to ensure systematic standard compliance, after which he gave further necessary directives.

Afterward, the President inspected the ground conditions and layout of university buildings within the Yangon University (Hlaing Campus)—including lecture theaters, classroom buildings, academic departments, library facilities, and student dormitories—and provided necessary instructions based on reports presented by responsible officials, according to news reports.

MNA

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# တောင်ကိုရီးယားလေတပ်က ပြည်တွင်းကုမ္ပဏီ KAI ထံမှ ပထမဆုံး KF-21 Boramae တိုက်လေယာဉ်တစ်စီး လက်ခံရရှိ




တောင်ကိုရီးယားနိုင်ငံ လေတပ်သည် ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သော KAI ထံမှ အမှတ်စဉ်လိုက် အမြောက်အမြား စတင်ထုတ်လုပ်လျက်ရှိသည့် ပထမဆုံး KF-21 Boramae တိုက်လေယာဉ် တစ်စီးကို တရားဝင်လက်ခံရရှိခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၂၄ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

ယခုကဲ့သို့လက်ခံရရှိခြင်းသည် မိမိနိုင်ငံအတွင်း တိုက်ခိုက်ရေးလေယာဉ် ထုတ်လုပ်တပ်ဆင်နိုင်ရေးအတွက် ဆယ်စုနှစ်များစွာ ကြိုးပမ်းလာခဲ့သည့် တောင်ကိုရီးယားနိုင်ငံ၏ အရေးပါသော မှတ်တိုင်တစ်ရပ်ဖြစ်သည်။

Tail Number 26-001 တပ်ဆင်ထားသည့် အဆိုပါ KF-21 တိုက်လေယာဉ်သည် လေသူရဲနှစ်ဦး လိုက်ပါမောင်းနှင်နိုင်သည့် နှစ်ယောက်မောင်းပုံစံဖြစ်သည်။

တောင်ကိုရီးယားလေတပ်၏ ပထမဆုံး KF-21 လေသူရဲအဖြစ် အရည်အချင်းပြည့်မီသူများအနက် တစ်ဦးဖြစ်သည့် ဗိုလ်မှူး Han Jae-seok က လက်ခံရရှိမှုဆိုင်ရာ စာရွက်စာတမ်းများတွင် လက်မှတ်ရေးထိုးခဲ့ပြီးနောက် KF-21 တိုက်လေယာဉ်ကို စတင်မောင်းနှင်ပျံသန်းခဲ့မှုကို ပြည်တွင်းထုတ် FA-50၊ TA-50 နှင့် T-50 လေယာဉ်များက အုပ်စုဖွဲ့ပျံသန်း၍ အစောင့်အကြပ်ပြုလုပ်ခဲ့သည်။

Young Hawk ဟု အမည်ပြောင်ပေးထားသည့် KF-21 တိုက်လေယာဉ်သည် စတုတ္ထမျိုးဆက်လွန် တိုက်လေယာဉ်အမျိုးအစားဖြစ်ပြီး တောင်ကိုရီးယား၏ ယခင်မျိုးဆက် F-4 နှင့် F-5 တိုက်လေယာဉ်များနေရာတွင် အစားထိုးအသုံးပြုရန်ဖြစ်သည်။

KAI ကုမ္ပဏီသည် ၂၀၂၈ ခုနှစ်ထိ Block I လေကြောင်းစီးချင်းထိုး KF-21 တိုက်လေယာဉ်အစင်း ၄၀ ပေးပို့ရန် စီစဉ်ထားပြီး၊ ၂၀၃၂ ခုနှစ်ထိ တိုက်ခိုက်ရေးစွမ်းရည်များ ပိုမိုမြင့်မားသည့် Block II ဘက်စုံသုံး တိုက်လေယာဉ် အစင်း ၈၀ ကို ဆက်လက်ပေးပို့သွားရန် စီစဉ်ထားကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံသည် KF-21 တိုက်လေယာဉ်ကို ၂၀၂၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် တိုက်ပွဲဝင်အသင့် အပြည့်အဝဖြန့်ကြက် အသုံးပြုနိုင်သည့်အဆင့်သို့ ရောက်ရှိနိုင်ရန် မျှော်မှန်းထားသည်။

တောင်ကိုရီးယားနိုင်ငံ၏ KF-21 တိုက်လေယာဉ် ကိုယ်ထည်သည် အလျား ၁၇ မီတာ (၅၇ ပေ)၊ တောင်ပံအကျယ် ၁၁ မီတာ (၃၆ ပေ) ရှိပြီး လောင်စာဆီ အများဆုံး ၆၀၀၀ ကီလိုဂရမ် သယ်ဆောင်နိုင်ပါသည်။

တိုက်ခိုက်ရေးစွမ်းရည်အတွက် M61A2 Vulcan ၂၀ မီလီမီတာ ဆုံလည်အမြောက်၊ ပဲ့ထိန်းဗုံးနှင့် ပဲ့ထိန်းမဲ့ဗုံးများ၊ ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်များ၊ ဝေဟင်မှမြေပြင်ပစ်ဒုံးကျည်များနှင့် သင်္ဘောဖျက်ဒုံးကျည်များ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် အဆင့်မြင့် ရေဒါများ၊ ပစ်မှတ်ရှာဖွေသတ်မှတ်ရေးစနစ်များနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များ အပါအဝင် ကာကွယ်ရေးနှင့် ပစ်မှတ်ထောက်လှမ်းရေးစနစ်များစွာကိုလည်း တပ်ဆင်ထားပါသည်။

KF-21 တွင် Hanwha/General Electric F414 အင်ဂျင်နှစ်လုံး တပ်ဆင်ထားပြီး စုစုပေါင်း အင်ဂျင်စွမ်းအားမြင်းကောင်ရေ ၁၁၀၀၀၀ ရှိသည်ဟု ဖော်ပြထားသည်။ အများဆုံး အမြန်နှုန်းမှာ Mach 1.8 (တစ်နာရီလျှင် ၂၂၂၃ ကီလိုမီတာ)၊ အမြင့်ဆုံး ပျံသန်းနိုင်သည့်အမြင့်မှာ ၁၆၇၀၀ မီတာ (၅၄၇၉၀ ပေ) နှင့် ပျံသန်းစစ်ဆင်နိုင်သည့် အကွာအဝေးမှာ ရေမိုင် ၁၅၀၀ (၂၇၇၈ ကီလိုမီတာ) ခန့်ရှိကြောင်း သိရသည်။

**S. Korea Accepts First KF-21 Boramae Production Fighter Jet,24 September 2026 ကို ဘာသာပြန်ဆိုထားပါသည်။**

# နယ်သာလန်နိုင်ငံက ဩစတြေးလျကုမ္ပဏီ EOS နှင့် ပူးပေါင်း၍ ဒရုန်းတန်ပြန်ရေး လေဆာလက်နက်ထုတ်လုပ်ရန်စီစဉ်နေ

နယ်သာလန်နိုင်ငံသည် ဩစတြေးလျနိုင်ငံအခြေစိုက် Electro Optic Systems (EOS)ကုမ္ပဏီက ဒီဇိုင်းရေးဆွဲထုတ်လုပ်ထားသော နည်းပညာကိုအသုံးပြု၍ ဒရုန်းများအား တန်ပြန်တိုက်ဖျက်နိုင်သည့် လေဆာလက်နက် နိုင်ငံအတွင်း၌ ထုတ်လုပ်ရန် စီစဉ်နေကြောင်း Defence Blog သတင်းဌာနက စက်တင်ဘာ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နယ်သာလန်နိုင်ငံ စစ်လက်နက်ဝယ်ယူရေးနှင့် တပ်ဖွဲ့ဝင်ရေးရာဝန်ကြီး Derk Boswijk သည် ယခုသီတင်းပတ်အတွင်း EOS ကုမ္ပဏီနှင့် ရည်ရွယ်ချက်စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။ EOS ကုမ္ပဏီသည် Apollo စွမ်းအားမြင့် လေဆာကို ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သည်။

နယ်သာလန်ကာကွယ်ရေးဝန်ကြီးဌာနနှင့် EOS ကုမ္ပဏီတို့သည် လက်ရှိလေဆာနည်းပညာကို ပြည့်စုံသော လက်နက်စနစ်တစ်ရပ်အဖြစ် ဖွံ့ဖြိုးတည်ဆောက်ရန်နှင့် နယ်သာလန်ဦးဆောင်သည့် ဥရောပထောက်ပံ့ရေးကွင်းဆက်ဖြင့် ပံ့ပိုးနိုင်မည့် ထုတ်လုပ်ရေးစက်ရုံတစ်ရုံကို နယ်သာလန်နိုင်ငံအတွင်း တည်ဆောက်နိုင်ခြင်း ရှိ၊ မရှိလေ့လာသွားရန် ရည်ရွယ်ထားသည်။

EOS ကုမ္ပဏီအနေဖြင့်လည်း ၎င်း၏ လေဆာစနစ်များကို ဖွံ့ဖြိုးတည်ဆောက်ခြင်းနှင့် ထုတ်လုပ်ခြင်းနှစ်ရပ်စလုံးကို နယ်သာလန်နိုင်ငံအတွင်း၌ ဆောင်ရွက်သွားရန် ရည်ရွယ်ထားသည့်အပြင် နယ်သာလန်နိုင်ငံကို ၎င်း၏ဥရောပ အခြေစိုက်စခန်းအဖြစ် အသုံးပြုသွားရန် စီစဉ်ထားသည်။ ဖွံ့ဖြိုးတည်ဆောက်မှု အောင်မြင်ပါက နယ်သာလန်နိုင်ငံက အဆိုပါ လေဆာလက်နက်စနစ်များကို အများအပြားဝယ်ယူရန် စီစဉ်ထားသည်။ သို့သော် ဝယ်ယူမည့်အရေအတွက်၊ ကုန်ကျစရိတ်နှင့် ဝယ်ယူမှုဆိုင်ရာ ဆုံးဖြတ်ချက်ချမည့်အချိန်တို့ကို ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

စွမ်းအားမြင့်လေဆာစနစ်သည် လျှပ်စစ်စွမ်းအင်ကို ပစ်မှတ်အပေါ် အာရုံစူးစိုက်ထားသော လေဆာရောင်ခြည်အဖြစ် ပြောင်းလဲပေးပြီး ပစ်မှတ်ကို အပူဖြင့်လောင်ကျွမ်းစေခြင်း သို့မဟုတ် လုပ်ဆောင်နိုင်စွမ်း ပျက်ပြားစေခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ လေဆာစနစ်တစ်ကြိမ် အသုံးပြုတိုက်ခိုက်ရာတွင် ဒုံးကျည် သို့မဟုတ် ကျည်ဆန်အစား လျှပ်စစ်စွမ်းအင်ကို အသုံးပြုခြင်းဖြစ်သဖြင့် လျှပ်စစ်ဓာတ်အားနှင့် အအေးပေးစနစ်လုံလောက်နေလျှင် ခဲယမ်းကုန်ခန်းသွားမည့် အခြေအနေမရှိပေ။ ထို့အချက်ကြောင့် ဒုံးကျည်အခြေပြု လေကြောင်းရန်ကာကွယ်ရေးစနစ်များထက် ပိုမိုထိရောက်ပြီး အသုံးပြုစရိတ်လည်း ပိုမိုသက်သာနိုင်ကြောင်း နယ်သာလန် ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

EOS ကုမ္ပဏီသည် Apollo လေဆာစနစ်ကို အရွယ်အစားသေးငယ်သော Quadcopter ဒရုန်းများမှ အလေးချိန် ၆၀၀ ကီလိုဂရမ်ခန့်ထိရှိသော စစ်ဘက်လေယာဉ်များအပါအဝင် ဒရုန်းများကို တိုက်ဖျက်နိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားသည်။ ထို့ပြင်လေဆာရောင်ခြည်ဖြင့် ပစ်မှတ်၏ အာရုံခံကိရိယာများကို အဝေးမှ အသုံးမပြုနိုင်အောင် ပြုလုပ်နိုင်ကြောင်းလည်း EOS ကုမ္ပဏီက ထုတ်ပြန်ထားသည်။



Apollo လေဆာစနစ်၏ ထုတ်လွှတ်စွမ်းအားမှာ ၅၀ ကီလိုဝပ်မှ ၁၅၀ ကီလိုဝပ်ခန့်ထိရှိပြီး ကုန်တင်သင်္ဘော ကွန်တိန်နာအတွင်း တပ်ဆင်အသုံးပြုနိုင်သကဲ့သို့ ယာဉ်ပေါ်တွင်လည်း တပ်ဆင်အသုံးပြုနိုင်သည်။

EOS ကုမ္ပဏီ၏ ဖော်ပြချက်အရ Apollo စနစ်တွင် အမေရိကန်၏ ပို့ကုန်ထိန်းချုပ်ရေး စည်းမျဉ်းများအောက်တွင် ကျရောက်သည့် အမေရိကန်ထိန်းချုပ်နည်းပညာမပါဝင်သည့်အပြင် မိမိတို့နိုင်ငံအတွင်း ကိုယ်တိုင်တည်ဆောက်ထုတ်လုပ်လိုသော ဖောက်သည်နိုင်ငံများအတွက် နည်းပညာအပြည့်အစုံ လွှဲပြောင်းပေးနိုင်သည်။

EOS ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Andreas Schwer က ယခုနှစ် ဇွန်လတွင် နယ်သာလန်အတွက် လေဆာစနစ်ကို ၂၀၂၈ ခုနှစ်ဝန်းကျင်တွင် ပေးပို့ရန် စီစဉ်ထားကြောင်း ပြောကြားခဲ့သော်လည်း ကုမ္ပဏီအနေဖြင့် မူလအစီအစဉ်ထက်စော၍ ၂၀၂၇ ခုနှစ် နှစ်လယ်ပိုင်းခန့်တွင်ပင် လေဆာလက်နက် အစိတ်အပိုင်းများကို ပထမဆုံးပေးပို့နိုင်ဖွယ်ရှိကြောင်း သိရသည်။

**Netherlands to build anti-drone laser with Australia's EOS ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း စုစုပေါင်းဧက ၉၃၂၀ စိုက်ပျိုးမည်



ယခင်နှစ်က ဆီမုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

**တမူး စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း စုစုပေါင်းဧက ၉၃၂၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့်ပန်းနှမ်း ဧက ၉၃၂၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ဆီမုန်ညင်းနဲ့ ပန်းနှမ်း ဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးသွားပါမယ်။ ဆီမုန်ညင်းနဲ့ ပန်းနှမ်းကို ဆီအဖြစ်အသုံးပြုကြသလို ဆေးအဖြစ်အသုံးပြုကြပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြသည်။

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့်ပန်းနှမ်း စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဆီမုန်ညင်း ဧက ၃၀၀၀၊ ပန်းနှမ်း ဧက ၁၃၀၊ တမူးမြို့နယ်တွင် ဆီမုန်ညင်း ဧက ၄၈၇၀၊ ပန်းနှမ်း ဧက ၂၂၀ နှင့် ခါမ်းပါတ်မြို့တွင် ဆီမုန်ညင်း ဧက ၁၀၅၀၊ ပန်းနှမ်း ဧက ၅၀ စုစုပေါင်း ဧက ၉၃၂၀ ဖြစ်ကြောင်း သိရသည်။

ဆီမုန်ညင်းနှင့် ပန်းနှမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီမုန်ညင်းနှင့် ပန်းနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)




# နတ်တလင်းမြို့နယ် ကုက္ကိုလ်မြောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**နတ်တလင်း စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုက္ကိုလ်မြောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန် စိုက်ပျိုးရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၁၁ ဒသမ ၁ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကုက္ကိုလ်မြောင်ကျေးရွာရှိ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၁၁ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်ထံမှ သိရသည်။

**သန္တာ**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကျားကဏန်းပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကျားကဏန်းပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားကဏန်း ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ကျားကဏန်း ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ကျားကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ ပုံမှန် တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဘက်ကနေ တင်ပို့တဲ့ ရေထွက်ကုန်အဓိက ဈေးကွက်တစ်ခုပါ။ တင်ပို့ရောင်းချခဲ့တဲ့ ကျားကဏန်းတွေက လတ်ဆတ်မှုနဲ့ အရွယ်အစား အလေးချိန်အပေါ် မူတည်ပြီး ဈေးအပြောင်းအလဲ ရှိပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။



လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ကျားကဏန်းအသေး တစ်ပိဿာလျှင် ငွေကျပ် ၂၁၅၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀၊ အကြီးတစ်ပိဿာလျှင် ၂၉၅၀၀ မှ ၃၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းယန်းမြို့နယ် နောင်ဟွိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယန်း စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ မိုင်းလွေကျေးရွာအုပ်စု နောင်ဟွိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ နောင်ဟွိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းဖြစ်သော စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်ထားမှု၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ နောင်ဟွိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ ထုတ်ချေးထားကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ဒဂုံတက္ကသိုလ် ဘူတာရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

## ယာဉ်ရပ်နားဝင်းနှင့် ယာဉ်လှည့်ကွင်းနေရာတည်ဆောက်ရာ၌ မြေသားအောက်ခံဖောင်ဒေးရှင်းကြံ့ခိုင်မှုရှိစေရေးဆောင်ရွက်သွားရန်၊ ကျောင်းသား၊ ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာအသုံးပြုနိုင်ရေး လူသွားပလက်ဖောင်းများထည့်သွင်း တည်ဆောက်သွားရန်နှင့် ကျောင်းဆင်း၊ ကျောင်းတက်ချိန်များ၌ YBS ဘတ်စကားများကို အချိန်နှင့်တစ်ပြေးညီ စီမံပြေးဆွဲပေးသွားရန်လို . . .

ရှေ့ဖုံးမှအဆက်

### ဒဂုံတက္ကသိုလ်

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်ဘူတာရုံသို့ ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်ဘူတာရုံအနီး ကျောင်းသား၊ ကျောင်းသူများ နေ့စဉ်အဆင်ပြေချောမွေ့စွာ ကျောင်းတက်ရောက်နိုင်ရန် YBS ဘတ်စကား ဂိတ်ထားရှိနိုင်ရေး ယာဉ်ရပ်နားဝင်းနှင့် ယာဉ်လှည့်ကွင်း တည်ဆောက်နိုင်မည့် လျာထားနေရာရွေးချယ်ထားရှိမှု၊ ကျောင်းအတွင်းရှိ ဗိုလ်မှူးဗထူးလမ်း လမ်းဘေးဝဲယာ လူသွားပလက်ဖောင်းများ ဆောင်ရွက်ခြင်းနှင့်ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေ၊ တက္ကသိုလ်ဝင်းအတွင်း ယာဉ်ကျောမျဉ်းနှင့် လူကူးမျဉ်းကျားများ စနစ်တကျဆေးရေးဆွဲသွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ယာဉ်ရပ်နားဝင်းနှင့် ယာဉ်လှည့်ကွင်းနေရာ တည်ဆောက်ရာ၌ မြေသားအောက်ခံဖောင်ဒေးရှင်း ကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်သွားရန်၊ ကျောင်းသား၊ ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့်သွားလာအသုံးပြုနိုင်ရေး လူသွားပလက်ဖောင်းများ ထည့်သွင်းတည်ဆောက်သွားရန်နှင့် ကျောင်းဆင်း၊ ကျောင်းတက်ချိန်များ၌ YBS ဘတ်စကားများကို အချိန်နှင့်တစ်ပြေးညီ စီမံပြေးဆွဲပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကိုလမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘူတာရုံယာဒ်ဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဘူတာနယ်နိမိတ်အတွင်း စည်းကမ်းစနစ်တကျဖြစ်စေရေးနှင့် သန့်ရှင်းသာယာလှပရေး အမြဲမပြတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒဂုံတက္ကသိုလ်ဇရိယာတစ်ခုလုံး အနေဖြင့်လည်း တက္ကသိုလ်အင်္ဂါရပ်နှင့် အညီဖြစ်စေရေးလိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းဘေးဝဲယာရှိ ချုံနွယ်များကို ရှင်းလင်းသွားရန်နှင့် သစ်ပင်ကြီးများကိုလည်း အလင်းဖွင့်ခုတ်ထွင်ခြင်းများဆောင်ရွက်သွားရန်လိုပြီး သန့်ရှင်းသာယာလှပသည့်၊ ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် တက္ကသိုလ်ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖော်ဆောင်ပေးသွားရန်လိုကြောင်း၊ ရေဝပ်ဇရိယာများ မရှိစေရေးအတွက်လည်း မြေဖို့ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများစနစ်တကျဖော်ထုတ်ပေးခြင်းများဆောင်ရွက်သွားရန်လိုကြောင်း၊ ကျောင်းတွင်းလမ်းများကိုလည်း သတ်မှတ်ချက်များနှင့်အညီဖြစ်စေရေး စနစ်တကျပြန်လည်အဆင့်မြှင့်တင်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမသို့ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာချစ်စိန်တို့က တက္ကသိုလ်၏မျှော်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ တက္ကသိုလ်၏လိုအပ်ချက်များ၊ ဘာသာရပ်များအလိုက် သင်ကြားပေးလျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအကြီးစား ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် တက္ကသိုလ်အားကစားကွင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်းနှင့် ပွဲကြည့်စင်အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဘောလုံးကွင်းကို မီတာ ၄၀၀ ပြေးလမ်းပါစံကိုက်ကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်နှင့် ပွဲကြည့်စင်ကိုလည်း သတ်မှတ်ချက်များနှင့် အညီဖြစ်စေရေးပြန်လည်တည်ဆောက်သွားရန်လိုကြောင်း၊ အားကစားကွင်းအဆင့်မြှင့်တင်ခြင်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း ကျောင်းအားကစားပွဲများကို လေ့ကျင့်ရေးအားကစားကွင်း၌ ဆောင်ရွက်နိုင်ရေးစီမံပေးထားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### ဆေးတက္ကသိုလ်(၁)ရန်ကုန်

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ် ဆေးတက္ကသိုလ် (၁) ရန်ကုန်ဝင်းအတွင်း ရှေးယခင်ကတည်ရှိခဲ့သည့် လိပ်ခုံးပုံ(MULTI–PURPOSE ASSEMBLY HALL)အဆောက်အအုံကို မူလပုံစံမပျက် ခေတ်မီဆန်းသစ်သည့်အသွင်ဖြင့် အသစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ဆေးတက္ကသိုလ်(၁) နှင့် (၂)တို့မှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တည်ဆောက်ရေးလုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် ယခင်ကတည်ရှိခဲ့သည့် လိပ်ခုံးပုံအဆောက်အအုံ၏သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ မှတ်တမ်းမှတ်ရာများကို ပြန်လည်ကြည့်ရှုလေ့လာဆန်းစစ်၍ မူလပုံစံမပျက်ခေတ်မီဆန်းသစ်သည့်အသွင်ဖြင့် လိပ်ခုံးပုံအဆောက်အအုံဖြစ်စေရေး စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုတည်ဆောက်မည့် လိပ်ခုံးပုံအဆောက်အအုံသည် မော်တော်ယာဉ်များ အသွားအလာများပြားသည့် ပြည်လမ်းမကြီးဘေးတွင်တည်ရှိသည်ဖြစ်၍ အသံထိန်းစနစ်များကိုလည်း စနစ်တကျတွက်ချက်ထည့်သွင်း ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ ယခင်က အထင်ကရအဆောက်အအုံတစ်ခုအဖြစ်ကျော်ကြားတည်ရှိခဲ့သည့် လိပ်ခုံးပုံသစ်သားခန်းမကြီး (MULTI–PURPOSE ASSEMBLY HALL) အဆောက်အအုံကို ဗြိတိသျှဗိသုကာပညာရှင် Ragian Squireက ဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်ပြီး ၁၉၅၄–၁၉၅၆ ခုနှစ်များအတွင်း ရန်ကုန်စက်မှုတက္ကသိုလ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် အဆိုပါလိပ်ခုံးသစ်သားခန်းမကြီးကို ၁၉၈၀ ပြည့်နှစ်များဝန်းကျင်ခန့်တွင် ယိုယွင်းပျက်စီးလာခြင်း၊ အပူပိုင်းမိုးရေချိန်နှင့် ကာလကြာမြင့်မှုတို့ကြောင့် သစ်သားဖွဲ့စည်းပုံများ ပျက်စီးယိုယွင်းလာကာ လူအများအသုံးပြုနိုင်မှုမရှိတော့ခြင်း၊ ရေရှည်ပြုပြင်ထိန်းသိမ်းရန် ကုန်ကျစရိတ်ကြီးမားလှခြင်းတို့ကြောင့် ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ မူလပုံစံမပျက် ခေတ်မီဆန်းသစ်သည့်အသွင်ဖြင့် အဆိုပါလိပ်ခုံးပုံအဆောက်အအုံကို ပြန်လည်တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

### ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)သို့ရောက်ရှိကြပြီး အုပ်ချုပ်မှု

## ကရင်ပြည်နယ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၆ ဒုတိယနေ့ ဆက်လက်ကျင်းပ



ဘားအံ စက်တင်ဘာ ၂၇

ကရင်ပြည်နယ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၆ ကို ပြည်နယ်၏ မြို့တော် ဘားအံမြို့တွင် စက်တင်ဘာ ၂၆ ရက်နှင့် ၂၇ ရက် နှစ်ရက်တာကျင်းပလျက်ရှိပြီး ယနေ့ဖိုရမ်ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဖိုရမ်တွင် ပြည်ထောင်စုအတိုင်ပင်ခံကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ (၃) ကိုယ်စားလှယ် ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစသိန်းကျော်က ကရင်ပြည်နယ်အတွင်း လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားမြှင့်တင်ခြင်း၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် လူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်ရေးစာတမ်းကိုလည်းကောင်း၊ အဖွဲ့ (၄) ကိုယ်စားလှယ် ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မာလာထွန်းက ကရင်ပြည်နယ်အတွင်း နည်းပညာသက်ရောက်မှုများ ဉာဏ်ရည်တုနည်းပညာ AI စနစ်ထူထောင်ရေး၊ ဆိုက်ဘာ(Cyber)၊ Online Security၊ လူမှုကွန်ရက်(Social Media) ကွန်ရက်အဖွဲ့များ ထိရောက်သော သတင်းမှန်ပြန်ကြားရေး စာတမ်းကိုလည်းကောင်း ဖတ်ကြားကြသည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရန်ကုန်ပညာရေးတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက ရန်ကုန်ပညာရေးတက္ကသိုလ် ခြောက်ထပ်စာသင်ဆောင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**ပညာရေးအရ ရင်းနှီးမြှုပ်နှံခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကောင်းကို ပုံဖော်တည်ဆောက်နေခြင်းပင်ဖြစ်သည့်အတွက် နိုင်ငံအတွက် အသိပညာအတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကို တက္ကသိုလ်များမှ စဉ်ဆက်မပြတ်မွေးထုတ်ပေးသွားရန်လို၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ကောလိပ်များအနေဖြင့်လည်း ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်၍ ဒေသ၏ကောင်းရာကောင်းကျိုးများကို နိုင်ငံ့ဝန်ထမ်းများအဖြစ် ပြန်လည်အကျိုးပြုတာဝန်ထမ်းဆောင်နိုင်ရေးဆောင်ရွက်သွားကြရန်လို . . .**

အဆောက်အအုံ ရှင်းလင်းဆောင်ခန်းမ၌ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်ဦးက လှိုင်တက္ကသိုလ်များနယ်မြေဆိုင်ရာအချက်အလက်များနှင့် တက္ကသိုလ်များ၊ စာသင်ဆောင်များ တည်ဆောက်ထားရှိမှုအခြေအနေ၊ လှိုင်တက္ကသိုလ်နယ်မြေအတွင်း တက္ကသိုလ်များအလိုက် အိပ်ဆောင်များနှင့်စာသင်ဆောင်များ တည်ရှိမှုအခြေအနေ၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ထားရှိမှု၊ စာသင်ဆောင်များ၊ Theater များ တည်ရှိမှုနှင့် လှိုင်တက္ကသိုလ်များနယ်မြေအတွင်း သင်ကြားမှု၊ သင်ယူမှုနှင့် အုပ်ချုပ်မှုအခြေခံအဆောက်အအုံများ၏အခြေအနေနှင့် ထပ်မံလိုအပ်လျက်ရှိသည့် အခြေခံအဆောက်အအုံဆိုင်ရာများနှင့် ပတ်သက်၍လည်းကောင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်က ရန်ကုန်ပညာရေးတက္ကသိုလ်၏ နောက်ခံသမိုင်းကြောင်းဆိုင်ရာများနှင့် ပေးအပ်လျက်ရှိသည့်ဘွဲ့များ၊ သင်ကြား၊ သင်ယူမှုဆိုင်ရာ အခြေခံအဆောက်အအုံ လိုအပ်ချက်များနှင့် ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများအလိုက် ခွင့်ပြုရရှိသည့် ဘဏ္ဍာငွေသုံးစွဲမှု၊ လုပ်ငန်းပြီးစီးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ မေးမြန်းကာ လှိုင်တက္ကသိုလ်များနယ်မြေနှင့် ကမာရွတ်တက္ကသိုလ်နယ်မြေတို့အတွင်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များတစ်စုတစ်စည်းတည်းဆောင်ရွက်နိုင်ရေးနှင့် သင်ကြားသင်ယူမှုဆိုင်ရာကိစ္စရပ်များ ပိုမိုလျင်မြန်အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးပေါင်းစည်းထားရှိနိုင်ရန်လိုကြောင်း၊ ပညာရေးအရ ရင်းနှီးမြှုပ်နှံခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကောင်းကို ပုံဖော်တည်ဆောက်နေခြင်းပင်ဖြစ်သည့်အတွက် နိုင်ငံအတွက် အသိပညာအတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကို တက္ကသိုလ်များမှ စဉ်ဆက်မပြတ်မွေးထုတ်ပေးသွားရန် လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ကောလိပ်များအနေဖြင့်လည်း ပညာတတ်လူသားအရင်းအမြစ်ကောင်းများမွေးထုတ်၍ ဒေသ၏ကောင်းရာကောင်းကျိုးများကို နိုင်ငံ့ဝန်ထမ်းများအဖြစ် ပြန်လည်အကျိုးပြု တာဝန်ထမ်းဆောင်နိုင်ရေးဆောင်ရွက်သွားကြရန် လိုကြောင်း၊ တက္ကသိုလ်များအလိုက် ဘာသာရပ်များအလိုက် တက်ရောက်ကြသည့် ကျောင်းသားဦးရေအချိုး၊ သင်ကြားသင်ယူမှု အခြေခံအဆောက်အအုံနှင့် သင်ကြားရေးဝန်ထမ်းအချိုးတို့ကို စနစ်တကျတွက်ချက်၍ လိုအပ်ပါက အခြေခံအဆောက်အအုံတိုးချဲ့တည်ဆောက်ခြင်းများဆောင်ရွက်ပေးခြင်း၊ လူဦးရေအနည်းငယ်သာရှိသည့် ဘာသာရပ်များကို စုပေါင်းသင်ကြားစေခြင်းတို့ကို လေ့လာဆန်းစစ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သင်ကြား၊သင်ယူမှုအခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ကဲ့သို့သော တက္ကသိုလ်တစ်ရပ်၏ အဓိကပြယုဂ်နှင့် ဂုဏ်ဒြပ်ဖြစ်သည့် အရေးကြီးအဆောက်အအုံများတည်ဆောက်ရာ၌ ဘက်ပေါင်းစုံက စဉ်းစားတွက်ချက်ခြင်း၊ အဆိုပြုနေရာနှင့် အဆိုပြုပုံစံ ဒီဇိုင်းအကြမ်းများရေးဆွဲ၍ ဦးစားပေးအဆင့်အလိုက် သတ်မှတ်ရွေးချယ်ခြင်းတို့ကို အဆင့်ဆင့် စနစ်တကျဆောင်ရွက်တည်ဆောက်သွားကြရန်နှင့် ရေရှည်အကျိုးကိုကြည့်၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စီးပွားရေးတက္ကသိုလ်(ရန်ကုန်)၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးတက္ကသိုလ်တို့ကို ကျောင်းသားဦးရေနှင့် သင်ကြားရေးဝန်ထမ်းများ၏ အချိုး၊ အခြေခံအဆောက်အအုံ လိုအပ်ချက်အချိုးတို့ကို ဆန်းစစ်လေ့လာတွက်ချက်၍ တစ်စုတစ်စည်းတည်းဖြစ်စေရေး စုစည်းဆောင်ရွက်နိုင်မည့်အခြေအနေများကို အဖြေရှာဆောင်ရွက်သွားကြရန်လိုကြောင်း၊ တက္ကသိုလ်များအလိုက် အခြေခံအဆောက်အအုံများ၏ အသုံးပြုမည့်အကြောင်းအရာ၊ လူဝင်ဆံ့မှုတို့အလိုက် အဆောက်အအုံ ကြံ့ခိုင်မှုများကိုလည်း ပြန်လည်တိုင်းတာဆန်းစစ်ပြုစု၍ စနစ်တကျဖြစ်စေရေးဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက်နိုင်ငံတော်သမ္မတသည် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)အတွင်း လှည့်လည်၍ Theaterများ၊ စာသင်ဆောင်များ၊ ဘာသာရပ်အလိုက်စာပေဌာနများ၊ စာကြည့်တိုက်ဆောင်ရွက်ထားရှိမှုများ၊ ကျောင်းသား၊ ကျောင်းသူများ၏အဆောင်များ စသည်ဖြင့် တက္ကသိုလ်အဆောက်အအုံ အကွက်ချဆောင်ရွက်ထားရှိမှုမြေပြင်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

---

ထို့အတူ ဖိုရမ်ပထမနေ့က ကရင်ပြည်နယ်လူငယ်စင်တာ၌ အစုအဖွဲ့လေးဖွဲ့ခွဲ၍ ဆွေးနွေးခဲ့ကြသည့် ကရင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများရပ်တန့်ရေးနှင့် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းတည်ဆောက်ရေး၊ ကရင်ပြည်နယ်အတွင်း ပဋိပက္ခဒဏ်ခံရသူများအတွက် ပြန်လည်ထူထောင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရေးနှင့် ဒေသဖွံ့ဖြိုးမှုတိုးတက်ရေး၊ ကရင်ပြည်နယ်အတွင်း လူမှုရေး၊ပညာရေး၊ကျန်းမာရေးနှင့်အားကစားမြှင့်တင်ခြင်း၊ယဉ်ကျေးမှုဖလှယ်ရေးနှင့်လူမျိုးပေါင်းစုံအတူယှဉ်တွဲနေထိုင်ရေးခေါင်းစဉ်များကို အဖွဲ့လိုက်သုံးသပ်၍ ရှေ့လုပ်ငန်းစဉ်စီမံချက်များကိုတက်ရောက်လာသူများနှင့်အတူ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အလားတူ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်မင်းက ဆွေးနွေးသုံးသပ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်စီမံချက်များအပေါ် အကြံပြုပြောကြားပြီး မြန်မာလူငယ်များဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဗဟို)MYDAဥက္ကဋ္ဌကသုံးသပ်ချက်၊ ရှေ့လုပ်ငန်းစဉ်စီမံချက်များကို အကြံပြုဆွေးနွေးကာ အဖွဲ့လိုက်ဆွေးနွေးခဲ့ကြသည့် ခေါင်းစဉ်အကြောင်းအရာများအလိုက် သုံးသပ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်စီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် ကရင်ပြည်နယ်ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၆ ဆုံးဖြတ်ချက်စာတမ်းကိုပါဝင်ဆွေးနွေးခဲ့ကြသူများက ဖတ်ကြားကြသည်။

ဆက်လက်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဖိုရမ်သည် အခမ်းအနားတစ်ရပ်အဖြစ် ကျင်းပပြီးစီးသွားမည်မဟုတ်ဘဲ ပြည်နယ်၏ငြိမ်းချမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုအသိုက်အဝန်းများအကြား အပြန်အလှန်နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်မျိုးဆက်များအတွက် ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်ရေးတို့အတွက် အတွေးအမြင်များ၊ အတွေ့အကြုံများ၊ အကြံပြုချက်များနှင့် လက်တွေ့လုပ်ငန်းစဉ်များကို အတူတကွ ဆွေးနွေးဖော်ထုတ်ခဲ့ကြသည့် အရေးပါသော ပလက်ဖောင်းတစ်ရပ်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယမန်နေ့ကလည်း ကရင်ပြည်နယ်လူငယ်စင်တာ၌ အစုအဖွဲ့ လေးဖွဲ့ခွဲ၍ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ စာတမ်းလေးစောင်ကိုဆွေးနွေးခဲ့ပြီး ထိုသို့ဆွေးနွေးမှုကို ပြည်ထောင်စုအတိုင်ပင်ခံကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဦးဇော်အေးမောင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ၏ အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်မင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်သူ ဦးသက်နိုင်ဝင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးပြီး သက်ဆိုင်ရာစာတမ်းများအလိုက် ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

အခမ်းအနားသို့ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှု ပညာဌာနမှူးများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဆုရရှိကြသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “ကမ္ဘာမြေကို ပုံဖော်မည့် နည်းပညာ” သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ ဆောင်ပုဒ်မှာ “ခရီးသွားကဏ္ဍဆန်းသစ်ဖို့ ဒစ်ဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာသုံးကြစို့” (Digital Agenda and Artificial Intelligence to Redesign Tourism) ဖြစ်ကြောင်း၊ ယင်းဆောင်ပုဒ်သည် ခေတ်သစ်ကမ္ဘာကြီး၏ လျင်မြန်စွာပြောင်းလဲနေသည့် နည်းပညာရေစီးကြောင်းနှင့်အညီ ခရီးသွားလုပ်ငန်းကို အမြော်အမြင်ရှိရှိနှင့် တိုးမြှင့်ဆောင်ရွက်နိုင်ရန် အလွန်သင့်လျော်ပြီး အချိန်ကိုက်ဖြစ်သည့် လမ်းညွှန်ချက်တစ်ခုဖြစ်ကြောင်း။

ဉာဏ်ရည်တုနှင့် ဒစ်ဂျစ်တယ်နည်းပညာများကိုအသုံးပြုခြင်းသည် ခရီးသွားဧည့်သည်များအတွက် ပိုမိုကောင်းမွန်သည့် ခရီးသွားအတွေ့အကြုံများကို ဖန်တီးပေးနိုင်သကဲ့သို့ ခရီးသွားလုပ်ငန်းဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များအတွက်လည်း လုပ်ငန်းစီမံခန့်ခွဲမှု၊ ဈေးကွက်ရှာဖွေမှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများကို ပိုမိုထိရောက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း နည်းပညာကိုအသုံးချရာတွင် နည်းပညာ၏ အကျိုးကျေးဇူးများကို အာရုံစိုက်ရမည်ဖြစ်သကဲ့သို့ လုံခြုံရေး၊ ကိုယ်ရေးအချက်အလက် ကာကွယ်ရေး၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုနှင့် လူသားဗဟိုပြုမှု အစရှိသည့်အချက်များကိုလည်း အလေးထားသတိပြု ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံကို နိုင်ငံတကာက ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် အဆင်ပြေချောမွေ့စေရန် ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကိစ္စရပ်များတွင် ဖြေလျှော့မှုများပြုလုပ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတကာတွင်ကျင်းပသည့် ခရီးသွားပြပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းများ ပါဝင်ပြသခြင်း၊ ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်များ ဆောင်ရွက်ခြင်းများအပြင် ဒစ်ဂျစ်တယ်နည်းပညာသုံး ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်သွားကြမည်ဆိုပါက ခရီးသွားလုပ်ငန်းပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

နည်းပညာအသစ်များကို အသုံးပြုသည့်အခါ ဒေသခံပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းများ ထိခိုက်မသွားဘဲ ပိုမိုကောင်းမွန်လာရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖြစ်ကြသည့် ဒေသထွက်လက်မှုပညာလုပ်ငန်းရှင်များ၊ တည်းခိုခန်းလုပ်ငန်းရှင်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များပါ ဒစ်ဂျစ်တယ်စနစ်၏ အကျိုးကျေးဇူးကိုခံစားရရှိရန် အရေးကြီးကြောင်း၊ လက်မှုလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များက ထုတ်လုပ်ရောင်းချသည့် ထုတ်ကုန်ပစ္စည်းများကို ဒစ်ဂျစ်တယ်ပလက်ဖောင်းများမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်တွင် ရောင်းချနိုင်အောင် ချိတ်ဆက်ပေးရမည်ဖြစ်ကြောင်း၊ ယနေ့ကျရောက်သည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ရည်မှန်းချက်နှင့်အညီ ချမှတ်ထားသည့် ဆောင်ပုဒ်အတိုင်း ခေတ်မီနည်းပညာဆန်းသစ်မှုများကို တီထွင်ဖန်တီးအသုံးချပြီး နိုင်ငံတော်၏ခရီးသွားကဏ္ဍကို အဆင့်အတန်းသစ်တစ်ခုထိတက်လှမ်းနိုင်အောင် အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတထံ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက်ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ် Ms. Shaikha Al Nuwais ၏ သတင်းစကားရုပ်သံဗီဒီယိုနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ခရီးသွားလုပ်ငန်းအမျိုးအစား Video ကိုလည်းကောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ “ခရီးသွားခြင်းနှင့် ကမ္ဘာ”သီချင်းဖြင့် သီဆိုကပြဖျော်ဖြေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဝန်ဆောင်မှုစွမ်းဆောင်ရည်အကောင်းဆုံး ပထမဆုရရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်မှ တာဝန်ရှိသူများကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ဒုတိယသမ္မတက ဝန်ဆောင်မှုစွမ်းဆောင်ရည်အကောင်းဆုံး ဆုရရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များ၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဟိုတယ်များ၊ ခရီးလှည့်လည်ရေးလုပ်ငန်းကုမ္ပဏီများနှင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် Short Video ပြိုင်ပွဲ၊ စာတမ်းဖတ်ပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပြခန်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ MSME ထုတ်ကုန်ပြခန်းများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်ပြခန်း၊ ဆုရရှိခဲ့ကြသည့် ဓာတ်ပုံ၊ ဆောင်းပါး၊ စာတမ်း၊ စာစီစာကုံး၊ ကုမ္ပဏီများနှင့် ဟိုတယ်များမှ ပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့၏ ဦးဆောင်မှုဖြင့် ၁၉၈၀ ပြည့်နှစ်မှစတင်ပြီး နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ ယခုနှစ်သည် ၄၆ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) မိုးဦးရာသီသို့ ကျရောက်လာပြီဖြစ်၍ ကျွဲ၊နွားများ ကာကွယ်ဆေးများကို ထိုးနှံကြရန်၊

(၂) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၃) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျပုံမှန်ဆောင်ရွက်ရန်၊

(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊

(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားသည်ဟု သံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆက်သွယ်ရန်၊

(၆) ရောဂါဖြစ်သော တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်းမပြုရန်၊

(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျမြေမြှုပ်ဖျက်ဆီးရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များ၊ တိရစ္ဆာန်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးမှုများရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံ(ထန်းတပင်)၌ ကျောက်ကပ်သန့်စင်စက်တပ်ဆင်ပြီး စမ်းသပ်လည်ပတ်



ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံ(ထန်းတပင်)၌ ဆေးကုသမှုဝန်ဆောင်မှုအပြင် ကျောက်ကပ်သွေးသန့်စင်ဆေးကြောသည့် ဝန်ဆောင်မှုတိုးချဲ့ဆောင်ရွက်နိုင်ရေး ကျောက်ကပ်သန့်စင်စက်တပ်ဆင်ပြီး စမ်းသပ်လည်ပတ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စမ်းသပ်လည်ပတ်မှုကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့နံနက်ပိုင်းတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အောက်တိုဘာလအတွင်း အာမခံအလုပ်သမားလူနာများကို ကျောက်ကပ်သွေး သန့်စင်ပေးနိုင်ရေး လိုအပ်သောဆေးပစ္စည်းများ အမြန်ဝယ်ယူနိုင်ရေး မှာကြားသည်။

ဆက်လက်၍ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ကျောက်ကပ်သွေးသန့်စင်လုပ်ငန်းအတွက် လိုအပ်သော ရေသန့်စက်တပ်ဆင်မှုလုပ်ငန်းများ ပြီးစီးမှု၊ ဆက်စပ်ပစ္စည်းများ ဝယ်ယူနိုင်ရေး ဆောင်ရွက်နေမှုများနှင့် ရွှေပြည်သာနှင့် လှိုင်သာယာမြို့နယ်အတွင်းရှိ အာမခံအလုပ်သမားများ ကျောက်ကပ်သွေး သန့်စင်လုပ်ငန်းများ ဆောင်ရွက်လိုပါက အလုပ်သမားဆေးရုံ (ထန်းတပင်)၌ လာရောက်ဆေးကုသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် နာတာရှည် ကျောက်ကပ်ရောဂါ ခံစားနေရသော အာမခံ အလုပ်သမားလူနာများကို ကျောက်ကပ်သွေးသန့်စင်သည့် ဝန်ဆောင်မှုများကို အလုပ်သမားဆေးရုံကြီး (ရန်ကုန်)တွင် ၈/၂၀၂၆ လထိ အာမခံအလုပ်သမားလူနာဦးရေ ၅၃၀ အတွက် ဆေးကြောသည့် အကြိမ် ၃၀၄၅ ကြိမ်နှင့် အလုပ်သမားဆေးရုံကြီး(မန္တလေး)တွင် အာမခံအလုပ်သမားလူနာ ၃၀၈ ဦး အတွက် ဆေးကြောသည့်အကြိမ် ၂၅၄၂ ကြိမ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် အမှတ်(၂၇) အာနန္ဒာဘုရားလမ်းနှင့် မေဃဝတီကျောင်းလမ်းထောင့် ဘဝမြင့်ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နည်းပညာအထောက်အကူပြုရုံး(ရန်ကုန်) အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းများအနေဖြင့် အလုပ်ရှင်များ လိုအပ်သည့်ကျွမ်းကျင်သင်တန်းများပို့ချပေးနိုင်ရေး မျက်ခြည်မပြတ်ဆောင်ရွက်ရန်နှင့် သင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ မိမိဌာနများ၊ သင်တန်းကျောင်းများ အစဉ်မပြတ် ကောင်းမွန်မှုရှိစေရေး တာဝန်ကျဝန်ထမ်းများအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ အကြိမ် ၂၅၉၀ မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၈၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်ထိ ရက် ၂၀ ကျော်ကြာ ကျင်းပသွားမည်

မကွေး စက်တင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီး၏ အကြိမ် ၂၅၉၀ မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၈၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်ထိ ရက် ၂၀ ကျော်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း ယမန်နေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည့် ဗုဒ္ဓပူဇနိယပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြသလွန်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပရေးဦးစီးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်နိုင်ရေးနှင့် လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များ မဖြစ်ပေါ်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြရန်၊ ယခုနှစ်တွင် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်းအပြင် မီးပုံးပျံလွှတ်တင်ခြင်းအစီအစဉ်များ ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် မီးဘေးအန္တရာယ် မဖြစ်စေရေးအတွက်လည်း သက်ဆိုင်ရာတာဝန်ရှိသူများက တာဝန်ယူ ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးလုပ်ငန်းအစီအမံများ ဆွေးနွေးတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



အစည်းအဝေးအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ မကွေးမြသလွန်ဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် မီးပုံးပျံလွှတ်တင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဘုရားပွဲတော်ကွင်း၌ လုပ်ငန်းများစတင် ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘုရားဖူးပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု လွယ်ကူစွာ ရရှိနိုင်ရေးအတွက် ကျန်းမာရေးဌာနများဖွင့်လှစ်ပေးရန်၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးတို့ကို စနစ်တကျစီစဉ်ဆောင်ရွက်ထားရှိရန်၊ ဈေးဆိုင်ခန်းများ ခင်းကျင်းရောင်းချရာတွင် စနစ်တကျရှိစေရေးနှင့် စားသောက်ကုန်များ သန့်ရှင်းလတ်ဆတ်မှုရှိစေရေးတို့ကို စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲကျင်းပ



ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် စက်တင်ဘာ ၂၇

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းသား ရိုးရာအကအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်းမှ အမေရိကန် ဒေါ်လာ ၂ ဒသမ ၆၆၇ သန်း ကုန်သွယ်နိုင်ခဲ့

မြစ်ကြီးနား စက်တင်ဘာ ၂၇

မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်းကို နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ တရားမဝင်ကုန်သွယ်မှုများ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေးနှင့် နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများရရှိရေးအတွက် ဩဂုတ် ၂၉ ရက်က စတင်ဖွင့်လှစ်၍ ကုန်စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၂၅ ရက်ထိ သွင်းကုန်၊ ပို့ကုန်ယာဉ် ၆၁ စီး ကုန်သွယ်မှုတန်ဖိုး စုစုပေါင်းအမေရိကန်ဒေါ်လာ ၂ ဒသမ ၆၆၇ သန်း ကုန်သွယ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါစခန်းအတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စခန်းဧရိယာအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့ မွန်းလွဲပိုင်းက ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေး OSS အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ကုန်စည်စီးဆင်းမှုလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး၊ ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေး၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဒေသတွင်း စားသောက်ကုန် ပြတ်လပ်မှုမဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ထိုသို့တွေ့ဆုံစဉ် စခန်းဖွင့်လှစ်ပြီး ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေ၊ ကုန်စစ်ဆေးရေးစခန်းအတွင်း လိုအပ်ချက်များနှင့်စခန်းအတွင်း လမ်းများတိုးချဲ့ဆောင်ရွက်မှု၊ အခြေခံအဆောက်အအုံများ တည်ဆောက်နေမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ စခန်းအတွင်း ကုန်တင်ယာဉ်ကြီးများရပ်နားနိုင်ရေး ခြံစည်းရိုးနှင့် သံပန်းတံခါးစနစ်တကျ တပ်ဆင်ကာရံဆောင်ရွက်ထားရှိမှု၊ ရေတွင်းတူးဖော်ခြင်း၊ ရေစင်၊ ရေချိုးခန်းနှင့် ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များ နားနေဆောင်တည်ဆောက်နေမှု၊ ကုန်တင်ယာဉ်ကြီးများ ဝင်ထွက်သွားလာမှု အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ရေး စခန်းပတ်လည်တွင် မြေသားလမ်းပြုပြင်တိုးချဲ့ခြင်းလုပ်ငန်းနှင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ အဆိုပါလမ်းပိုင်းအတွင်း Box Culvert တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်ပြီးစီးရေးအတွက် ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **ပြည်နယ်(ပြန်/ဆက်)**





ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုကူညီရေးအဖွဲ့များက ပလောက်မြို့အမှတ်(၁)ရပ်ကွက်အတွင်း ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုကူညီရေးအဖွဲ့များက သရက်ချောင်းမြို့ ကျောက်မြောင်းရပ်ကွက်အတွင်း ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

## ❑ ကူညီကယ်ဆယ်ရေးမှ

ပလောက်မြို့ အမှတ် (၁) ရပ်ကွက်အတွင်း ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။ အလားတူ ထားဝယ်ခရိုင် သရက်ချောင်းမြို့နှင့် လောင်းလုံးမြို့တို့တွင်လည်း စက်တင်ဘာ ၂၆ ရက်နှင့် ယနေ့ နံနက်ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်း၍ ထားဝယ်မြစ်ရေ မြင့်တက်မှုကြောင့် မြို့ပေါ်ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသည့်နေရာများရှိ ရေဘေးသင့်ပြည်သူများကို ယာယီရေဘေးကူညီကယ်ဆယ်ရေး စခန်းများဖွင့်လှစ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် အရေးပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။**(၅၀၁)**

## ✱ ဓာတ်အားခိုးယူမှုမှ

လျှပ်စစ်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် ပိုင်ရှင်ဖြစ်သူ ဦးထက်အောင်လှိုင်၊ ဦးကျော်ခိုင်တို့နှင့် မန်နေဂျာ ဦးနေမင်းအောင်တို့ကို စမ်းချောင်းမြို့မရဲစခန်းတွင် အမှုအမှတ် (ပ-၃၉၉/၂၀၂၆) ဖြင့် အမှုဖွင့်လှစ်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရှိ Control Center များ၏ နည်းပညာအဆင့်မြှင့်တင်လာနိုင်သည့်အတွက် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုများ ပိုမိုဖော်ထုတ်လာနိုင်သည်နှင့်အမျှ လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ပြည်သူများကို ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးနိုင်လျက်ရှိသည်။ ပြည်သူများအနေဖြင့်လည်း လျှပ်စစ်ဓာတ်အားစည်းကမ်းတကျသုံးစွဲကြရန်နှင့် ဓာတ်အားခိုးယူသုံးစွဲမှုများတွေ့ရှိပါက Call Center များသို့ ဆက်သွယ်သတင်းပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စမ်းချောင်းမြို့နယ် ရှိုင်ရယ် ခတ္တာဟိုတယ်ရှိ CT မီတာအမှတ် (YCB-001232)ကို စက်တင်ဘာ ၂၄ ရက်တွင် အဖွဲ့ဖြင့် စစ်ဆေးနေစဉ်။**



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ● အားကောင်းသော လေဖိအားနည်းရပ်ဝန်းမှ

အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)အဖြစ်သို့ ရောက်ရှိခဲ့သည်။

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားကာ မုန်တိုင်းငယ်(Depression)အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၃၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက် နေရာကွက်၍မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေ ခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်တစ်ခုခုသို့ ပထမဦးစားပေးလျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာဦးစီးဌာန)က ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်သို့ ပထမဦးစားပေးလျှောက်ထားသူများသည်** တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသော တက္ကသိုလ်များသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့** ပထမဦးစားပေး လျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါ လျှောက်လွှာလက်ခံမည့်နေရာ ရှစ်ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန(နေပြည်တော်)
(ခ) ဆေးတက္ကသိုလ်(၁) ရန်ကုန်
(ဂ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
(ဃ) ဆေးတက္ကသိုလ်(မန္တလေး)
(င) ဆေးတက္ကသိုလ်(မကွေး)
(စ) ဆေးတက္ကသိုလ်(တောင်ကြီး)
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာ နှီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန် စာအုပ်တွင်ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် **တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်း**နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁၆ ရက်ထိ စနေနေ့၊ တနင်္ဂနွေနေ့၊ ရုံးပိတ်ရက်များ အပါအဝင်(ပိတ်ရက်မရှိ)လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ငါးမြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများကို တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းသွားသည့်နေရာများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာမိုင် (၁၁/၆ နှင့် ၁၁/၇) ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားကာ ဆည်မြောင်းတာ ပြိုကျမှု ဖြစ်ပွားခဲ့သည့်နေရာနှင့် အဆိုပါနေရာ အနီးတစ်ဝိုက် မြစ်ရေတိုက်စားမှုကြောင့် မြေသားထပ်မံပြိုကျမှု ဖြစ်ပေါ်ခဲ့သည့် နေရာများတွင် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တာကိုယ်ထည်တိုက်စား၍ ပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှုကာကွယ်နိုင်ရန် အတွက် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ တာမိုင်အမှတ် (၁၁ / ၅ နှင့် ၁၁ / ၆ )ကြားတွင် ယာယီပန်းတာတည်ဆောက်ပြီးစီးသည့်နေရာ၏ Upstream Slope နှင့် Downstream Slope နေရာများ၌ သဲအိတ်စီ၍ တာခြေထောက်ခြင်း လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက် ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်း ဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ခုနစ်ခုနှင့် ကျေးရွာအချို့တွင် ရေဝင်ရောက်မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဝဝန်မြစ်ရေသည် ယနေ့တွင် လေးမျက်နှာမြို့နယ်အတွင်း ၅ ပေ ၉ လက်မခန့်၊ ရေကြည်မြို့နယ်အတွင်း ၇ ပေ ၉ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ၈ ပေ ၇ လက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း ၄ ပေ ၄လက်မခန့်၊ ကျောင်းကုန်းမြို့နယ်အတွင်း ၅ ပေ ၈ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

❍ **မီးပုံးပျံလွှတ်တင်မည်မှ**

ဝိုင်းဝန်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် လူငယ်တွေနဲ့ ဌာနဆိုင်ရာ၊ ဒေသခံတွေစုပေါင်းပြီး လုပ်ဆောင်တာဖြစ်ပြီးတော့ မြန်မာ့အလှနဲ့ မြန်မာ့ယဉ်ကျေးမှုကို တွေ့မြင်ရမယ့် အထူးစည်ကားတဲ့ ပွဲတော်တစ်ခုဖြစ်မှာပါ” ဟု Bagan Lover မှ ဦးပြည့်စုံက ပြောသည်။

ထိုသို့ မီးပုံးပျံလွှတ်တင်ရာတွင် ပလတ်စတစ်နှင့် စက္ကူဖြင့်ပြုလုပ်ထားသည့် မီးပုံးပျံများကို အလိုတော်ပြည့်ဘုရား၊ ဓမ္မရံကြီးဘုရားနှင့် Sunset ကုန်းတို့တွင် နေရာသုံးနေရာခွဲ၍ လွှတ်တင်သွားမည်ဖြစ်ပြီး ဒေသစုံမှ ခတ်ပုံဝါသနာရှင်များ၊ ပန်းချီဆရာများ၊ မြန်မာ့ရှုခင်းအလှ ရိုက်ကူးသူများနှင့် မီဒီယာအဖွဲ့များလည်း လာရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပုဂံဒေသ၏ သီတင်းကျွတ်ပွဲတော်ကို မီးပုံးပျံများတွင် ငွေပဒေသာပင်ချိတ်ဆွဲ၍ ပုံသကူပစ်သော ကုသိုလ်ပြုသည့် အစီအစဉ်၊ ပွဲတော်၌ အညာဒေသထွက် အစားအစာများကို နွှားလှည်းပေါ်တွင် ရောင်းချပေးသည့် အစားအစာပွဲတော် အစီအစဉ်အပါအဝင် အခြားအစီအစဉ်များစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီမံဆောင်ရွက်နေကြောင်း သိရသည်။

ပုဂံဒေသ၏ ခရီးသွားရာသီ အစဖြစ်သည့် သီတင်းကျွတ်ပွဲတော်တွင် ပထမဆုံးအကြိမ်အဖြစ် မီးပုံးပျံအလုံးရေ များစွာလွှတ်တင်၍ မြတ်ဗုဒ္ဓအား အလင်းရောင်ဖြင့် ပူဇော်ခြင်းကို ခရီးသွားများ ကုသိုလ်ယူနိုင်ရန်နှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများပုဂံဒေသ၏ သီတင်းကျွတ်လပြည့်နေ့ညအလှကို အားပါးတရ ကြည့်ရှုခံစားနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သစ္စာ(MNA)**

**၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၇ ရက်**
**ခတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၃၀၀၀၀ကျပ်။

**ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

❖ **နဂါးလှေလှော်ပြိုင်ပွဲမှ**

ငွေတံဆိပ်တစ်ခု ထပ်မံရရှိသဖြင့် စုစုပေါင်း ငွေသုံးခုနှင့် ကြေးနစ်ခုရရှိခဲ့သည်။

မြန်မာနိုင်ငံအသင်းသည် တရုတ်နိုင်ငံ ဟန်ကျိုးမြို့တွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၃ ရက်ထိ ကျင်းပမည့် ကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော် လက်ရည်စစ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် ယွမ်လင်မြို့မှ ဆက်လက် သွားရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



နေပြည်တော် စက်တင်ဘာ ၂၇ နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ်လင်းထွဋ် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် ယနေ့တွင် ပြင်ဦးလွင်မြို့ တပ်မတော်ဆေးရုံ ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းကြသည့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူးနှင့် တပ်မတော်ဆေးရုံ တပ်မှူးတို့က အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လာမည့်နွေရာသီတွင် လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၇**

လာမည့်နွေရာသီတွင် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေး ဆောင်ရွက်ထားမှုအခြေအနေကို ယမန်နေ့က ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မရမ်းကုန်းမြို့နယ်ရုံး ဓာတ်အားခွဲရုံ၊ တော်ဝင်ဓာတ်အားခွဲရုံ၊ ၁၀ မိုင်ဓာတ်အားခွဲရုံ၊ လှော်ကားပင်မဓာတ်အားခွဲရုံ၊ ရွာမ ဓာတ်အားပေးစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လာမည့်နွေရာသီ ဓာတ်အားသုံးစွဲမှုမြင့်မားချိန်တွင် ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် ဗီဒါအသစ်များ တိုးချဲ့တပ်ဆင်၍ ဝန်အားမျှဖြန့်ဖြူးရေး၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ကြံ့ခိုင်မှုရှိစေရန် ကြိုတင်စစ်ဆေး ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ထားရှိရေးတို့ကို အသေးစိတ်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်

" The Age of Longevity: Rethinking Systems for Longer Lives"

၁.၁၀.၂၀၂၆ နေပြည်တော်

## ■ နေရာကွက်၍မိုးကြီးနိုင်မှု

မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေ မှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီးမြောက်ပိုင်းနှင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ် တောင်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၁၅(က)တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

### ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်နေ



**ဗန်ကောက် စက်တင်ဘာ ၂၇**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းမှ စတင်၍ ယနေ့ထိ မိုးသည်းထန်စွာ ရွာသွန်းပြီး မြို့၏နေရာအများ အပြားတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေကြောင်း ယနေ့သတင်း များအရ သိရသည်။

ဗန်ကောက်မြို့၏ မြို့လယ် ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် မိုးရေချိန် စင်တီမီတာ ၃၀ ကျော်ထိ ရှိခဲ့ပြီး ရေကြီးမှုအခြေအနေ ပိုမို ဆိုးရွားခဲ့ကြောင်း တာဝန်ရှိသူများ က ပြောကြားသည်။

ဗန်ကောက်မြို့ရှိ ခရိုင် ၅၀ ကို ရေကြီးရေလျှံမှုဘေးအန္တရာယ်ဇုန် အဖြစ် သတ်မှတ်ထားပြီး အရေး ပေါ်ခိုလှုံရာစခန်း ၂၀၀ ကျော် ဖွင့်လှစ်ထားကာ လူပေါင်း ၄၂၀၀ ခန့် ရွှေ့ပြောင်း ခိုလှုံနေထိုင်လျက်ရှိ ကြောင်း၊ ထို့ပြင် ထိုင်းနိုင်ငံတစ်ဝန်း ပြည်နယ် ၂၁ ခုရှိ လူပေါင်း ၈၄၀၀၀ ကျော် ရေကြီးမှုဒဏ်ခံနေရ ကြောင်း၊ လက်ရှိတွင် ရေကြီးမှု ကြောင့် လမ်းများပေါ်တွင် မော်တော်ယာဉ်များ သွားလာ၍မရ တော့သဖြင့် လမ်းပန်းဆက်သွယ် ရေး ခက်ခဲနေကြောင်း ထိုင်းအစိုးရ က ထုတ်ပြန်ခဲ့သည်။

ထိုင်းမိုးလေဝသဌာနကလည်း မိုးသည်းထန်စွာ ရွာသွန်းမှုသည် ဆက်လက်ဖြစ်ပေါ်နိုင်ကာ ရေကြီး ခြင်း၊ မြစ်ရေလျှံခြင်းနှင့် မြေပြို ခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ပြည်သူများကို သတိပြုနေထိုင် ကြရန် သတိပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အင်ဒိုနီးရှားနိုင်ငံ မောင့်ရင်ဂျန်နီတောင်တွင် လောင်ကျွမ်းနေသောတောမီး ထိန်းချုပ်ရခက်နေပြီး သစ်တောမြေ ၇၂၃ ဒသမ ၂ ဟက်တာထိ မီးလောင်ပျက်စီးခဲ့

**ဂျကာတာ စက်တင်ဘာ ၂၇**

အင်ဒိုနီးရှားနိုင်ငံ မြောက်လွမ် ဘက်နယ်မြေတွင် တည်ရှိသည့် မောင့်ရင်ဂျန်နီတောင်တွင် တော မီးလောင်ကျွမ်းမှု ဖြစ်ပွားရာမှ ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိလာပြီး သစ်တောမြေ ၇၂၃ ဒသမ ၂ ဟက်တာထိ မီးလောင် ပျက်စီးခဲ့ကြောင်း အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် စက်တင်ဘာ ၂၂ ရက်တွင် စတင်လောင်ကျွမ်းခဲ့ခြင်း ဖြစ်ပြီး ယနေ့တွင် တောမီး ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင် အင်အား အမြောက်အမြားဖြင့် တောမီးကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေပြီး တောမီးလောင်ကျွမ်းမှု ဖြစ်ပွား နေသည့် သစ်တောမြေ ၇၂၃ ဒသမ ၂ ဟက်တာအနက် သစ်တောမြေ ၇၄ ဒသမ ၁၆၁ ဟက်တာထိသာ တောမီးကို ထိန်းချုပ်နိုင်ပြီဖြစ် ကြောင်း သိရသည်။



"မောင့်ရင်ဂျန်နီ တောင်မှာ လောင်ကျွမ်းနေတဲ့ တောမီးဟာ ထိန်းချုပ်ရခက်တဲ့ အဆင့်ကို ရောက်ရှိနေပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်ပေးနိုင်ဖို့ ကြိုး စားပေးနေပါတယ်။ တောမီး လောင်ကျွမ်းမှု ဖြစ်ပွားနေတဲ့ သစ်တောမြေ ၇၂၃ ဒသမ ၂ ဟက် တာရှိနေပြီးတော့ သစ်တောမြေ ၇၄ ဒသမ ၁၆၁ ဟက်တာကိုဘဲ ထိန်းချုပ်ထားနိုင်ပါတယ်။ လေ တိုက်နှုန်းတွေလဲ မြင့်မားနေ တဲ့အတွက် တောမီးဟာတစ်နေရာ ကနေတစ်နေရာ ကူးစက်တာ မြန်ဆန်နေပါတယ်"ဟု အင်ဒို နီးရှား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ အဖွဲ့အစည်း မှ တာဝန်ရှိသူ မာတာရမ် က ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# အမေရိကန် အရှေ့မြောက်ဘက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရ

**ဝါရှင်တန် စက်တင်ဘာ ၂၇**

အမေရိကန်နိုင်ငံ အရှေ့ မြောက်ဘက်ပိုင်း ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းနေပြီး မိုးရေချိန်မြင့်မားစွာ ရွာသွန်းခဲ့ သည့်အတွက် မြစ်ရေလျှံတက်ကာ ရေကြီးရေလျှံမှု ဖြစ်ပွားနေပြီး ဒေသခံများ ဘေးလွတ်ရာရွှေ့ ပြောင်းနေရကြောင်း အမေရိကန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးအဖွဲ့အစည်းက ထုတ်ပြန် သွားခဲ့သည်ဟု ယနေ့သတင်းများ တွင် ဖော်ပြထားသည်။

မုန်တိုင်းကြောင့် မိုးသည်းထန် စွာရွာသွန်းနေခြင်းဖြစ်ပြီး နယူး ဂျာစီပြည်နယ်တွင် ရေကြီးရေလျှံမှု အခြေအနေ အဆိုးရွားဆုံးဖြစ်ပြီး နယူးဂျာစီပြည်နယ် ဝိုင်းဝုဒ်မြို့မှ ဒေသခံများ ဘေးလွတ်ရာရွှေ့ ပြောင်းနေရကြောင်း၊ မုန်တိုင်း ကြောင့် သစ်ပင်ကြီးတချို့ လဲကျခဲ့ သကဲ့သို့ ဓာတ်တိုင်တချို့ ကျိုးကျ ခဲ့ခြင်းကြောင့် လျှပ်စစ်မီးပြတ် တောက်မှုများဖြစ်ပေါ်ပြီး လူနေ အိမ် ၁၁၉၀၀၀ ကျော်ထိ လျှပ်စစ် မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရ ကြောင်း၊ အန္တရာယ်ဇုန်အတွင်း နေထိုင်သော ဒေသခံများ ဘေး လွတ်ရာရွှေ့ပြောင်း နေရခြင်းဖြစ် ပြီး ဒေသခံအရေအတွက်ကို စိစစ် နေဆဲဖြစ်ကြောင်း သိရသည်။

"မုန်တိုင်းကြောင့် အရှေ့ မြောက်ဘက်ပိုင်းဒေသတွေမှာ မိုး သည်းထန်စွာ ရွာသွန်းနေပြီး မြစ် ရေလျှံတက်မှုကြောင့် ရေကြီး ရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ မုန်တိုင်း အားပိုကောင်းလာနိုင်တဲ့ အတွက် လာမဲ့ရက်အတွင်း ရေကြီး ရေလျှံမှု အခြေအနေ ပိုဆိုးလာနိုင် ပါတယ်။ ရေဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးအတွက် ကြိုတင် ပြင်ဆင်မှုတွေ ပြုလုပ်ဖို့ အသိပေး ထားပြီးဖြစ်ပါတယ်"ဟု အမေရိ ကန် သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးအဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အီတလီနိုင်ငံ မောင့်အက်တနာမီးတောင်မှ မီးတောင်ပြာများထွက်ပေါ်ပြီး ကာတာနီးယားလေဆိပ် လေယာဉ်ခရီးစဉ်များ ရပ်ဆိုင်းခဲ့ရမှုဖြစ်ပေါ်

**ရောမ စက်တင်ဘာ ၂၇**

အီတလီနိုင်ငံ စစ္စလီကျွန်းရှိ မောင့်အက်တနာ မီးတောင်၏ အရှေ့မြောက်မီးတောင်ဝမှ မီး တောင်ပြာများ ပြင်းထန်စွာ ထွက် ပေါ်လာခြင်းကြောင့် ကာတာနီး ယား အပြည်ပြည်ဆိုင်ရာ လေဆိပ် ၌ လေယာဉ်ခရီးစဉ်များ ရပ်ဆိုင်းခဲ့ရ မှုဖြစ်ပေါ်ခဲ့ကြောင်း ယနေ့သတင်း များအရ သိရသည်။

အီတလီအမျိုးသား ဘူမိရူပ ဗေဒနှင့် မီးတောင်ဗေဒသိပ္ပံ (INGV)၏ စောင့်ကြည့်မှုအရ မောင့် အက်တနာမီးတောင်မှ ထွက်ပေါ် လာသည့် မီးတောင်ပြာများသည် လေးကီလိုမီတာခန့်ထိ မြင့်တက် ခဲ့ပြီး တောင်ဘက်သို့ ရွေ့လျားပျံ့နှံ့ ခဲ့ကြောင်း၊ ထိုအခြေအနေကြောင့် လေယာဉ် ပျံသန်းမှုများအတွက် လေကြောင်းဆိုင်ရာ မီးတောင် သတိပေးအဆင့်ကို အမြင့်ဆုံးဖြစ် သည့် အနီရောင်အဆင့် သတ် မှတ်ခဲ့ရကြောင်း သိရသည်။

မီးတောင်ပြာများ လေထု အတွင်း ပျံ့နှံ့လာခြင်းကြောင့် မြင်ကွင်းဝေဝါးကာ ပြာမှုန်များ လေယာဉ်အင်ဂျင်အတွင်း ဝင်ပါက အန္တရာယ်များသဖြင့် ကာတာ နီးယား အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လေယာဉ်ဆင်းသက် မှုများကို စက်တင်ဘာ ၂၆ ရက် တွင် ရပ်ဆိုင်းခဲ့ပြီး လေယာဉ်ခရီး စဉ်တချို့ကို အခြားလေဆိပ်များ သို့ လမ်းကြောင်းပြောင်းပေးခဲ့ရ ကြောင်း သိရသည်။

ကာတာနီးယား အပြည်ပြည် ဆိုင်ရာလေဆိပ်သည် အီတလီ နိုင်ငံ၏ ခရီးသည် အသွားအလာ များသည့် လေဆိပ်များအနက် ပဉ္စမမြောက် အများဆုံးလေဆိပ် ဖြစ်သဖြင့် မောင့်အက်တနာ မီးတောင်၏မီးတောင်ပြာထွက်ရှိမှု သည် လေကြောင်းခရီးစဉ်များ အပြင် ခရီးသွားလုပ်ငန်းအပေါ်ပါ သက်ရောက်မှု ရှိစေကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အိန္ဒိယနိုင်ငံ မဟာရက်ရှ်သရာပြည်နယ်တစ်ဝန်း မိုးခေါင်မှုပြဿနာဖြင့် ဆိုးရွားစွာရင်ဆိုင်နေရ

**နယူးဒေလီ စက်တင်ဘာ ၂၇**

အိန္ဒိယနိုင်ငံ မဟာရက်ရှ်သရာ ပြည်နယ်တစ်ဝန်း မိုးခေါင်မှု ပြဿနာဖြင့် ဆိုးရွားစွာရင်ဆိုင် နေရကြောင်း မဟာရက်ရှ်သရာ ပြည်နယ်ဝန်ကြီးချုပ်ရုံးက ထုတ် ပြန်သွားခဲ့သည်ဟု ယနေ့သတင်း များတွင် ဖော်ပြထားသည်။

မဟာရက်ရှ်သရာပြည်နယ် သည် အိန္ဒိယနိုင်ငံ၏ အချမ်းသာ ဆုံးသော ပြည်နယ်အဖြစ် သတ် မှတ်ထားပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဦးစား ပေးသည့် ပြည်နယ်လည်းဖြစ် ကြောင်း၊ မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် အတွက်ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ ထိခိုက်မှုရှိလာသည့် အတွက် ပြည်နယ်၏ စီးပွားရေး တိုးတက်မှုကို အဟန့်အတားဖြစ် စေနိုင်ကြောင်း၊ မိုးခေါင်မှုပြဿနာ ဖြင့် ရင်ဆိုင်နေရခြင်းသည် အယ်နီ ညိုရာသီဥတုကြောင့်ဖြစ်ပြီး အယ် နီညိုရာသီဥတုမှာလည်း ပုံမှန် ထက် အားကောင်းနေသည့် အတွက်ကြောင့် မိုးခေါင်မှုပြဿနာ အရေးပေါ်အဆင့်ထိ ရောက်ရှိခဲ့ ခြင်းဖြစ်ကြောင်း သိရသည်။

"မဟာရက်ရှ်သရာပြည်နယ် တစ်ဝန်း မိုးခေါင်မှုတွေဖြစ်ပေါ်နေ ပြီးတော့ မိုးခေါင်မှုဟာ ပြည်နယ်ရဲ့ ၇၅ ရာခိုင်နှုန်းသော ဒေသတွေမှာ ဖြစ်ပေါ်နေခြင်းဖြစ်ပါတယ်။ မိုး ခေါင်မှုပြဿနာကိုလဲ အရေး ပေါ်အဆင့်အဖြစ် သတ်မှတ်ထား ပါတယ်။ မိုးခေါင်မှုပြဿနာ ကြောင့် နောက်ဆက်တွဲရိုက်ခတ် မှုတွေများလာနိုင်တယ်။ ဒါကြောင့် လည်း သောက်သုံးရေကို ပုံမှန် အတိုင်းပေးဝေနိုင်ဖို့ စီမံချက် တွေနဲ့ ဆောင်ရွက်သွားဖို့အတွက် အရေးပေါ်အစည်းအဝေး ခေါ်ယူ သွားပါမယ်"ဟု မဟာရက်ရှ် သရာပြည်နယ် ဝန်ကြီးချုပ်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြား သွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# အချစ်နှင့် သစ္စာ

ညွန့်ဝင်း(နတ်တလင်း)



(၁)

မို့မို့၏မိဘများသည် ချမ်းချမ်းသာသာထဲက မဟုတ်။ သို့သော်လည်း မို့မို့ကိုတော့ လိုအပ်သည်မရှိ ဂရုစိုက်ခဲ့သည်။ ရတတ်သမျှ ခြိုးခြံချွေတာ၍ မို့မို့ကို ပညာတတ်အောင်သင်ပေးခဲ့သည်။ သည်တော့ မို့မို့ ဘဝမှာ မင်းသမီးလေးလို လှလှပပနှင့်နေပြီး ပညာ သင်ခဲ့ရသည်။

မို့မို့ဆယ်တန်းအောင်တော့ တက္ကသိုလ်ဆက် တက်သည်။ တက္ကသိုလ်ကျောင်းသူဘဝမှာ နှလုံး သားလှုပ်ရှားတတ်သည်ဟု ဆိုကြ၏။ မို့မို့လည်း မိန်းကလေးထဲက မိန်းကလေးမို့ ချစ်တတ်သည့် နှလုံးသားရှိသည်။ ဆိုရလျှင် မို့မို့နှလုံးသားကို လှုပ်ခတ်စေခဲ့သူ တစ်ဦးနှင့်ချစ်ခဲ့သည်။ နှစ်ကိုယ်တူ ကြည်ဖြူ၍ ချစ်ခဲ့ကြသည်ဆိုတော့လည်း မိုးမမြင် လေမမြင်ချစ်ခဲ့သည်။ သို့သော်လည်း မို့မို့တို့ သန့်သန့်စင်စင်ပဲ ချစ်ခဲ့ကြသည်။ ပညာစုံသည့် တစ်နေ့ မိဘများကို အသိပေးခွင့်တောင်း၍ ချစ်သူ နှစ်ဦးအတူနေရန် လက်ထပ်ကြမည်ဖြစ်သည်။

သို့သော်လည်း တစ်ခါတစ်ရံ မမျှော်လင့်သော အရာတွေ ဖြစ်တတ်သည်ကို မို့မို့အတွက်တော့ လက်တွေ့တကယ်ကြုံရသည်။ မို့မို့ ကျောင်းပြီးခါနီး တစ်နှစ်အလို အဖေကျန်းမာရေးဖောက်ခဲ့လေသည်။ ထို့ကြောင့် မိသားစုစစ်စစ်စီစီနှင့် ကျောင်းတက်နေ ရသော မို့မို့လည်း ဒုက္ခဖြစ်ရသည်။ မို့မို့ကျောင်းစရိတ် အခက်အခဲဖြစ်လာတော့ အဖေ့အသိမိတ်ဆွေ တစ်ဦးက ဝင်၍ကူညီသည်။ ထိုအသိ မိတ်ဆွေက ပညာရေးဌာန အကြီးအကဲတစ်ဦးဖြစ်သည်။ အတိအကျပြောရလျှင် တိုင်းပညာရေးမှူးတစ်ဦးက မို့မို့ကို ကျောင်းဆက်ထားပေးခဲ့သည်။ သို့နှင့် မို့မို့ဘွဲ့ တစ်ခုရခဲ့သည်။

အကြောင်းကြောင့် အကျိုးဆက်ဖြစ်လာသည်ဟု ဆိုရမည်ဖြစ်သည်။ မို့မို့ကို ကျောင်းဆက်ထားပေးသူ တိုင်းပညာရေးမှူး၏ သားက မို့မို့ကို လက်ထပ် ခွင့်ပြုရန် ကြောင်းလမ်းလာခြင်းဖြစ်သည်။ မို့မို့ မိဘများက သမီးကို ထိုသူနှင့် လက်ထပ်စေချင်သည်။ ထိုသူက တိုင်းပညာရေးမှူး၏ သားဖြစ်ရုံသာမက ငွေကြေးဥစ္စာပြည့်စုံသူ ရဲအရာရှိတစ်ဦး လည်းဖြစ်သည်။

ထို့ကြောင့် ကျေးဇူးရှင်၏သား ရာထူးဂုဏ်ငွေ ပြောစရာမရှိသူကို မိဘတို့က သဘောတူသည်မှာ မဆန်းပါ။ မို့မို့ကတော့ အခက်တွေ့နေရပြီ။ မိမိ ချစ်သူကိုထားပြီး အခြားယောကျ်ားသား တစ်ဦးနှင့် လက်ထပ်ရမည်ဆိုသည်မှာ မဖြစ်နိုင်ပေ။ မို့မို့ မိမိ ချစ်သူကို သစ္စာမဖောက်နိုင်။ ချစ်သူနှင့် ချစ်ခင် မေတ္တာမျှစဉ်ကတည်းက လက်ထပ်ဖို့ထိ ရည်ရွယ် ခဲ့ပြီးသားဖြစ်သည်။ တစ်ဖက်ကို ကြည့်ပြန်တော့ လည်း ထောက်ထားရမည့် ကျေးဇူးတွေရှိနေသည်။ တစ်ဖက်မှာလည်း ချစ်သူအပေါ် ထားရှိရမည့် ကတိ သစ္စာကရှိနေသည်။ စဉ်းစားလေ ခက်ခဲလေနှင့်ပင် အလေးသာရမည့်ဘက်ကို ရွေးချယ်၍မရ။

ကျေးဇူးရှင်၊ မိဘနှင့် ချစ်သူတို့ကြားတွင် ဦးနှောက်နှင့်နှလုံးသားတို့ လွန်ဆွဲနေရကာ မို့မို့ မည်သို့ ဆုံးဖြတ်ရမည်ကို မသိတော့ပေ။

(၂)

"သမီးကို ဖေဖေ ပြောစရာရှိတယ်"

အဖေက မို့မို့ကိုကြည့်ပြီး လေးနက်သည့်အသွင် နှင့် စကားစသည်။ အဖေ့ပုံစံကိုကြည့်ပြီး တစ်ခုခု ထူးထူးခြားခြား ပြောမည်ကို ခန့်မှန်းမိသည်။

"ပြောပါ ဖေဖေ"

"သမီးမှာ ချစ်သူရှိပြီးသားနော်"

မို့မို့မှာ ချစ်သူရှိတာ အဖေလုပ်သူက သိနေသည်။ ချစ်သူနှင့် တက္ကသိုလ်သက်တမ်းတစ်လျှောက် တွဲခဲ့ တာဆိုတော့ အဖေသိနေတာလည်း ဖြစ်သင့်သည့် ကိစ္စဟု မို့မို့တွေးသည်။

"ဟုတ်ကဲ့ ဖေဖေ"

ဖေဖေက မို့မို့မျက်နှာကို တစ်ချက်အကဲခတ်သလို ကြည့်ပြီး စကားဆက်သည်။

"သမီးချစ်သူကို အဆက်ဖြတ်လိုက်တော့ သမီး လက်ထပ်လို့မဖြစ်ဘူး"

"ဖေဖေတို့ သဘောတူတဲ့ ဦးလေးအရာရှိရဲ့ သားကြောင့်လား"

ဖေဖေက ခေါင်းကို ဖြည်းညှင်းစွာရမ်းရင်း အကြောင်းစုံကို ပြောပြသည်။ ဖေဖေပြောပြသော မို့မို့ချစ်သူ၏အကြောင်းကို ကြားကြားချင်းမယုံချင်။ ဟုတ်သည်လေ၊ မို့မို့ချစ်သူသည် မို့မို့တစ်ခါမျှမျှော် လင့်မထားသည့် လောင်းကစားသမားတစ်ယောက် ဖြစ်နေသည်ကို သိလိုက်ရခြင်းမဟုတ်လား။

မို့မို့နှင့် ချစ်ကျွမ်းခဲ့သည့် တက္ကသိုလ်သက်တမ်း တစ်လျှောက်မှာ လောင်းကစားသမားနှင့်တူသည့် သွင်ပြင်လုံးဝမတွေ့ရအောင်ပင် ချစ်သူက ရိုးသား ဖုံးအုပ်နေခဲ့သည်။

"ဘာဖြစ်လို့ မို့ကို ဖုံးကွယ်ထားခဲ့တာလဲကွယ်"

မို့မို့ မည်သည်ကို ယိုးမယ်ဖွဲ့ရမည်လည်းမသိ။ ချစ်သူကို ချစ်ခဲ့ပြီးမှ မပစ်ခွာရက်ပါ။ သို့သော် မိန်းကလေးတစ်ယောက်အတွက် ရိုးသားကြိုးစား သော အိမ်ထောင်ဖက်ကိုသာ လက်ထပ်သင့်သည် ဆိုသောစကားကို မို့မို့ ငယ်ငယ်ကတည်းက နားရည် ဝခဲ့သလို နားလည်းလည်ခဲ့ပြီးဖြစ်သည်။

"ဖေဖေ စိတ်ချမ်းသာအောင်နေပါ။ မို့ ဖေဖေ စိတ်ချမ်းသာအောင် နေပါ့မယ်"

မို့မို့ စကားသည် တိုက်ရိုက်အဖြေ မဟုတ်သော်လည်း ဖေဖေလိုချင်သည့် ဆုံးဖြတ်ချက်သည် မို့မို့ ရင်ထဲမှာ ရှိနေသည်ဆိုတာ ဖေဖေသိပေလိမ့်မည်။ ပြုံးယောင်သန်းသွားသည့်မျက်နှာနှင့် ဖေဖေသည် မို့မို့ကို ဘာမျှဆက်မပြောတော့ပေ။

အမျိုးသမီးတစ်ဦး၏နှလုံးသားဦးစားမပေးသော ဦးနှောက်ဆုံးဖြတ်ချက်ကို ချစ်သူနားလည်လိမ့် မည်ဟု မို့မို့မျှော်လင့်သည်။ ကျွန်မက ရိုးသားတဲ့ မိသားစုက အမျိုးသမီးပါဆိုသောစကားကို ချစ်သူကို ပြောခွင့်မရသည့်တိုင် ရင်ထဲမှာတော့ ဘာသာရေရွတ် မိခဲ့သည်။

မိမိကို လက်ထပ်ရန်ကမ်းလှမ်းခဲ့သော ခင်ပွန်း လောင်းရဲအရာရှိကို မို့မို့လက်ထပ်ခဲ့သည်။ အိမ်ထောင်ကျပြီးတော့ သျှောင်နောက်ဆံထုံးပါ ဆိုသလို ခင်ပွန်းသည်ဘက် ယောက္ခမအိမ် လိုက်နေ ရသည်။ ချစ်သူနှင့် ကွေကွင်းခဲ့ရသည်ကလွဲပြီး မို့မို့ဘဝ ပြည့်ပြည့်စုံစုံချမ်းချမ်းသာသာနေရသည်။ အိမ်မှုကိစ္စ အနည်းငယ်ကူညီရုံသာ လုပ်ရသည်။ အခြားပင်ပင်ပန်းပန်းအလုပ်ဆို၍ ခင်ပွန်းသည်က ဘာတစ်ခုမျှ မခိုင်းသကဲ့သို့ ယောက္ခမများက လည်းချစ်သည်။

အိမ်ထောင်သက် တစ်နှစ်အတွင်းမှာ မို့မို့တို့ အိမ်ထောင်ကို မယိမ်းယိုင်မပြိုလဲအောင် ထပ်မံ ချည်နှောင်မည့် ကြိုးတစ်ချောင်းက မို့မို့ဝမ်းမှာစွဲကပ် ခဲ့ချေပြီ။ မို့မို့သားလေးတစ်ယောက် မွေးဖွားခဲ့သည်။ သို့သော် မို့မို့အတွက် သံယောဇဉ်ကြိုးသစ်တစ်ချောင်း စွဲမြဲခဲ့သလို သံယောဇဉ်ကြိုးကြီးတစ်ချောင်းကား ဆွေးမြည့်ကျိုးပျက်ခဲ့ပြန်သည်။

ယခင်ကတည်းက ကျန်းမာရေးတရှောင်ရှောင် ဖြစ်နေသော ကျေးဇူးရှင်မွေးသဖခင် ဘဝတစ်ပါး သို့ ပြောင်းသွားခဲ့သည်။ တစ်ယောက်တည်းဖြစ် သွားသော မိခင်ဆီ နေ့စဉ်ရက်ဆက်ရောက်တတ် သော မို့မို့သည် နောက်ပိုင်းတွင် အိမ်မှုကိစ္စတွေ ကြောင့် အရောက်ကျဲလာသည်။ ယောက္ခမအိမ်မှာ အမေကို ခေါ်ထားဖို့ဆိုတာလည်း ခက်ခဲမည်ဖြစ် သကဲ့သို့ အမေကလည်း လိုက်နေမည်မဟုတ်ဟု သိနေသည်။

ယောက္ခမအိမ်တွင်နေရင်း မို့မို့ စီးပွားရေးမှာ ကားနှစ်စီးနှင့် အတွင်းပစ္စည်း ပြည့်ပြည့်စုံစုံပိုင်ဆိုင် နိုင်ခဲ့ပြီဖြစ်သည်။ သို့သော်လည်း မိခင်အရေး၊ သား အရေး၊ လင်အရေးတွေနှင့် စိတ်ထဲမှာတော့ ယခင်က လောက် အေးအေးရှင်းရှင်းမရှိနိုင်ဖြစ်လာခဲ့သည်။

(၃)

လောကဓံတရားရှစ်ပါးတွင် အကောင်းတစ်လှည့် အဆိုးတစ်လှည့်ဟုဆိုထားလေတော့ မို့မို့အတွက် စည်းစိမ်ဥစ္စာနှင့် စိတ်ချမ်းမြေ့ခြင်းတွေ ကြုံရပြီး ယခုတစ်ခါ အဆိုးဘက်ကို လှည့်ခဲ့လေပြီလားမသိ။ အကောင်းသားကြီး ခင်ပွန်းသည်က မည်သည့်အချိန် က အစပျိုးနေခဲ့မှန်းမသိသော ကင်ဆာရောဂါဆိုးကြီး ဖြစ်နေပြီဟု အတိအလင်းသိရသည်။

"သတ္တဝါတစ်ခု ကံတစ်ခုပေါ့ မို့ရယ် အစ်ကို့ကို အကုန်အကျ အလွန်အမင်းခံပြီး ကုမနေပါနဲ့တော့။ မို့နဲ့ သားလေးနောင်ရေးရှိတယ်လေ"

ခင်ပွန်းသည်ကို ချစ်၍ လက်ထပ်ခဲ့တာမဟုတ် သော်လည်း ဇနီးမယားကောင်းတစ်ယောက်၏ တာဝန်ကို အမြဲကျေပွန်ခဲ့သူပီပီ ခင်ပွန်းသည်၏ ရောဂါကို ကြိုးစားကုရန် စီစဉ်သည်။ ခင်ပွန်းသည် ကို ဆေးကုရန် မတ်တူးကားတစ်စီးကို ရောင်းလိုက်ရ သည်။ ထို့ပြင် ယုတ်လျော့လာသော စီးပွားရေးကို တတ်နိုင်သလောက်အထောက်အပံ့ရရန် ယောက္ခမ အရာရှိကြီးစီစဉ်ပေးသော ကျောင်းဆရာမအလုပ်ကို လုပ်ဖြစ်ခဲ့သည်။

ကျောင်းဆရာမအလုပ်တစ်ဖက်နှင့် ခင်ပွန်း သည်ကို တာဝန်မလစ်ဟင်းအောင် အပင်ပန်းခံပြုစု သည်။ စီးပွားရေးကို ကျွမ်းကျွမ်းကျင်ကျင်မလုပ် တတ်သော်လည်း တတ်စွမ်းသလောက် ကြိုးစားလုပ် ခဲ့သည်။ နယ်မှာနေသော မို့မို့တို့သည် ခင်ပွန်းကို ရက်ရှည်ဆေးခန်းသွားပြတိုင်း မိတ်ဆွေရင်း တစ်ယောက်၏အိမ်မှာ တည်းခိုရသည်။

"မို့တို့မှာ အသိမိတ်ဆွေဆိုလို့ ရန်ကုန်မှာ သူပဲ ရှိတယ် အစ်ကို"

"မို့ အသိမိတ်ဆွေဆိုတာက..."

ခင်ပွန်းသည်က မေးလာသည်။ ရေရှည်ဖုံးကွယ် ထားလျှင် မို့မို့မရိုးသားရာကျမည်။ တစ်သက်လုံး စောင့်ထိန်းလာသည့် ဇနီးမယားကောင်းဂုဏ်သိက္ခာ ကို အကျမခံနိုင်။ ထို့ကြောင့် ယခုတည်းခို၍ ဆေးကုနေသောအိမ်သည် မို့မို့၏ ချစ်သူဟောင်း အိမ်ဖြစ်ကြောင်း၊ သို့သော် မို့မို့က ဇနီးမယားကောင်း သစ္စာကိုမည်သည့်အခါမျှ ဖောက်မည်မဟုတ်ကြောင်း ပြောပြလိုက်သည်။

"မို့ကိုတော့ တစ်လွဲမထင်နဲ့နော် မို့က လက်ခံမှာ မဟုတ်ဘူး"

ရိုးသား၍သစ္စာရှိသော မို့မို့က မိမိကို မဟုတ် သော စွပ်စွဲမှုလုပ်လျှင်လည်း ခင်ပွန်းသည် သာမက မည်သူ့ကိုမျှ လက်ခံမည်မဟုတ်ချေ။ အမှန်တော့ စီးပွားရေးကျဆင်းလာမှုကြောင့် ခင်ပွန်းသည်၏ ဆေးကုစရိတ်ထဲက တည်းခိုခ အပိုမထွက်စေရန် တစ်ချိန်က ငယ်ချစ်၏အိမ်၌ အကူအညီတောင်းခံ တည်းခိုရခြင်းဖြစ်သည်။ သို့သော် မဖောက်ပြန်သော ကိုယ်ကျင့်သိက္ခာကို တန်ဖိုးထားသူ တစ်ဦးဆိုတာ မို့မို့ ကိုယ့်ကိုယ်ကိုယ်သိသည်။ ထို့ကြောင့် မိတ်ဆွေ ဟောင်းတစ်ယောက်၏ အိမ်မှာတည်း၍ သားကို ဆေးကုပေးနေသည်ဆိုသော ချွေးမကို သိပ်သဘော မကျစေကာမူ ယောက္ခမများလည်း မို့မို့ကို တောင် တောင်အီအီ မပြောခဲ့ချေ။

စာမျက်နှာ ၂၅ သို့ á

# မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၁၄၈၀ စိုက်ပျိုးမည်



ယခင်နှစ်က ထောပတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၁၄၈၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် မြို့နယ်အလိုက် ထောပတ်ပဲ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၉၉၅ ဧက၊ ဘုတလင်မြို့နယ်တွင် ၈၅ ဧကနှင့် ချောင်းဦးမြို့နယ်တွင် ဧက ၄၀၀ စုစုပေါင်း ၁၄၈၀ ဧက ဖြစ်ကြောင်း၊ ထောပတ်ပဲ စိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ ထောပတ်ပဲ ဧက ၁၄၈၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ထောပတ်ပဲစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ ထောပတ်ပဲဟာ ဈေးကောင်းရရှိတဲ့အတွက်ကြောင့် အားထား စိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ထောပတ်ပဲကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

---

á **စာမျက်နှာ ၂၄ မှအဆက်**

မို့မို့သည် ကင်ဆာရောဂါရှင် ခင်ပွန်းသည်ကို အတတ်နိုင်ဆုံး ပြုစုယုယခဲ့သည်။ ငြီးငြင်မှုလည်း လုံးဝမဖြစ်ခဲ့။ သို့သော် မို့မို့ အလွန်ပင်ပန်းခဲ့သည်။ ကင်ဆာရောဂါသည်တို့၏ ထုံးစံအတိုင်း ခင်ပွန်းသည်လည်း နောက်ဆုံးတော့ မရဏရွာသို့ သွားခဲ့ချေသည်။

"သွားတော့ အစ်ကိုရေ"

ခင်ပွန်းသည်အလောင်းကို သင်္ဂြိုဟ်သည့်နေ့က မို့မို့မျက်ရည်မကျခဲ့သော်လည်း ရင်ထဲကတော့ သံယောဇဉ်နှုတ်ဆက်စကားလေး ဤသို့ ရေရွတ်မိခဲ့သည်။

အချိန်ကာလတို့သည် တဖြည်းဖြည်းရွေ့လျားကုန်ဆုံးခဲ့သော်လည်း မို့မို့ ကိုယ့်ဘဝရှေ့ရေးကို မစဉ်းစားဖြစ်ပါ။ ခင်ပွန်းသည်ဆုံးပြီး ယောက္ခမအိမ်တွင်သာ သားအမိနှစ်ဦးဆက်နေခဲ့သည်။

မိခင်ရှိသေးသည်ဆိုသော်လည်း အလှူမြင့်တွင် နေသားကျနေသော သားအတွက် အမေ့ဘက်က အဘွားအိမ်သည် သဟဇာတမဖြစ်နိုင်မှန်း မို့မို့ သိနေသည်။ တစ်ခါ မို့မို့အနေနှင့် ခင်ပွန်းသည် မရှိတော့သော်လည်း ချွေးမကြီး သမီးကြီးနေရာ ဝင်နေရသည်။ မတ်ယယ်များ၏ ဇနီးများကလည်း ယောက္ခမထံက အခွင့်အရေးယူဖို့လောက်သာ သိသည်။ ယောက္ခမ၏အနွံအတာကိုကား မည်သူမျှမခံချင်ကြ။ မို့မို့ကတော့ ယောက္ခမကို တတ်နိုင်သလောက်ပြုစုရင်း သားကိုလည်း လူတစ်လုံးသူတစ်လုံးဖြစ်အောင် မြေတောင်မြှောက်ရဦးမည်ဖြစ်သည်။

(၄)

လူ့သဘာဝသည် အနှစ်ထက် အကာကိုသာ မြင်တတ်ကြည့်တတ်ကြသည်။ အကာဆိုတာကလည်း မြင်သာသည့်အရာဖြစ်ပြီး တပ်မက်ဖွယ်ဖြစ်နေတတ်သည်။ မို့မို့က ဟန်ဆောင်အကာသဘောမပြုမူ မပြောဆိုတတ်။ ငယ်ငယ်ကတည်းက အရိုးခံအတိုင်း တဲ့တိုးပြောဆိုတတ်သည်။ ၎င်းကပင် မို့မို့နှင့် လင်ညီအစ်မ ချွေးမငယ်များနှင့် မတူခြားနားသည့်အချက်ဖြစ်နေသည်။ ယောက္ခမလူကြီးတွေကလည်း အပေါ်ယံနှမ်းဖြူးသည့် ချွေးမငယ်များကို သဘောကျအရေးပေးချင်သလိုရှိ၏။

တကယ်တမ်း အပင်ပန်းခံအနွံအတာခံသည့် မို့မို့ကိုတော့ အပြောမတတ်၍ သဘောမဟပ်သလိုဖြစ်နေချေသည်။

"ညည်းအေ ယောက္ခမကို မိဘလိုသဘောထားရင် အပြောတွေပြင်ပါ။ ရုပ်ကလေးနဲ့မလိုက်အောင် မရိုင်းပျပါနဲ့"

တစ်ခါတလေ ယောက္ခမဖြစ်သူက အထင်လွဲပြောဆိုလာတတ်သည်။ မို့မို့ ဘာမျှပြန်မပြောဘဲ ရေငုံနှုတ်ပိတ်သည်းခံနေခဲ့သည်။ မိမိဘက်က နှုတ်စကားဖြင့် မတုံ့ပြန်မိအောင် ထိန်းနိုင်ခဲ့သော်လည်း မျက်ဝန်းကိုတော့ မဟန့်တားနိုင်ခဲ့။ ဝေ့ဝဲလာသော မျက်ရည်ကို မျက်တောင်အစုံဖြင့်ပုတ်ခတ်ရင်း ရှောင်ထွက်ခဲ့သည်ချည်းဖြစ်သည်။

ကြာလာတော့ သားကိုပင် ခပ်စိမ်းစိမ်းနေပစ်ချင်သလို ဖြစ်မိသည်။ သူတို့ဘက်က သွေးသားဆိုသော်လည်း ကိုယ်မွေးထားသောရင်သွေးဆိုသည့် မိဘမေတ္တာစိတ်က လွှမ်းမိုးသွားသည့်အခါ သားနှင့် မိဘကတော့ ပုံမှန်ပြန်ဖြစ်သွားသည်သာပင်။ ယောက္ခမနှင့် လင်ညီအစ်မများ၏တစ်ဖက်သတ်ရန်လိုမှုများကို သည်းမခံနိုင်သည့်အဆုံး စိတ်ပြေလက်ပျောက် တစ်နေရာသို့ ထွက်ခဲ့မိသည်။ သားကတော့ သူ့ဘဝရှေ့ရေးအတွက် ပညာများဆက်လက်သင်ယူနေသည်။ အဘွားနှင့် အမေကြားကိုလည်း ဘယ်တော့မှ မဝင်တတ်ခဲ့။

ယခုတော့ မို့မို့ အပြင်တစ်နေရာမှာ ခဏနေရင်း စိတ်ချမ်းသာမှုတော့ ရနေသည်။ သည်အချိန်မှာ မို့မို့ကို မိတ်ဆွေတစ်ယောက်က စိတ်ချမ်းသာမှု ပေးနိုင်နေသည်။ သူကတော့ မို့မို့၏ချစ်သူဟောင်းဖြစ်သည်။ ချစ်သူမှာက အိမ်ထောင်မရှိ။ မို့မို့ခင်ပွန်းဆေးကုသခဲ့စဉ်က ကြည်ကြည်ဖြူဖြူ လက်ခံကူညီခဲ့သလို ယခုလည်း မို့မို့ကို သန့်စင်သောမိတ်ဆွေမေတ္တာဖြင့်သာ ကူညီစောင့်ရှောက်သူဖြစ်သည်။

"မို့ ဒီအိမ်မှာ ပျော်သလောက်နေပါ။ မိတ်ဆွေတစ်ယောက်လို ကူညီပါ့မယ်"

"ရပါတယ်ရှင် မို့ အကြာကြီးလဲမနေပါဘူး။ မို့ကို အခုလို စောင့်ရှောက်ပေးတာပဲ ကျေးဇူးတင်လှပါပြီ"

မို့မို့ ချစ်သူဟောင်းဆီမှာ ခေတ္တခိုလှုံရင်း စိတ်ညစ်ပြေပျောက်ခဲ့သည်။ သို့သော် ရိုးသားစွာဆက်ဆံခဲ့သော မိတ်ဆွေတို့အဖို့ အချိန်တန်လျှင် အိမ်ပြန်ရမည်ဖြစ်သည်။ မှန်ပါသည်။ မို့မို့ အချိန်တန်တော့လည်း အိမ်ပြန်ခဲ့ပါသည်။ စောင့်ထိန်းရမည့် ကျင့်ဝတ်တွေရှိသလို သားဆိုသည့် မည်သည့်အခါမျှ မပြတ်တောက်နိုင်သည့် ကြိုးတစ်ချောင်းကလည်း ရှိနေသည်။ မို့မို့ ပြန်တော့ ကြည့်နေသည့် ချစ်သူဟောင်း၏ သံယောဇဉ် အရိပ်ကို မြင်နေရသော်လည်း မို့မို့စိတ်ကို မို့မို့ နိုင်သည်။

ထို့ကြောင့် "မို့ စိတ်ညစ်ရင် အချိန်မရွေးလာနေပါ"ဟူသောစကား ဦးသန်းလာသော ချစ်သူ့စကားကို မပွင့်တပွင့်အပြုံးလေးနှင့်သာ အားနာတုံ့ပြန်ခဲ့သည်။

မို့မို့ အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ပြန်ခဲ့ပါသည်။ သားအတွက် နောက်ထပ်အဖေတစ်ယောက်ဆိုတာ မရှိစေရသလို တစ်သက်လုံး စောင့်ထိန်းခဲ့သည့် မြန်မာအမျိုးသမီးတစ်ဦး၏ မျိုးစောင့်တရားကိုလည်း မကျိုးမပျက်ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်သည်။

အိမ်ပြန်ရောက်တော့ သားနှင့်သူ၏ အဘွားတို့ စကားပြောနေတာ တွေ့ရသည်။ ယောက္ခမကလည်း မို့မို့ကို ကြည်ကြည်ဖြူဖြူမျက်နှာထားနှင့် ဆက်ဆံလာသည်။

"မေမေ ထွက်သွားတော့ အန်တီလေးတို့နှစ်ယောက်နဲ့ ဘွားဘွားနဲ့ စကားများကြတယ်"ဟု သားက ပြောပြသည်။ ယောက္ခမအပေါ် အနွံအတာခံ ပြုစုယုယမှုမရှိဘဲ အခွင့်အရေးကိုသာယူတတ်သည့် ချွေးမငယ်များအကြောင်း ယောက္ခမကြီးသိသွားပြီး စကားများကြခြင်းဖြစ်ကြောင်း မို့မို့ သိရှိနားလည်လိုက်သည်။

ယခုတော့ မို့မို့နှင့် ယောက္ခမတို့ ဆက်ဆံရေးပြေလည်သွားကြပြီဖြစ်သည်။ တစ်အိမ်လုံးတွင် မို့မို့၏လက်ခြေချည်းဖြစ်သကဲ့သို့ အားလုံးကလည်း မို့မို့၏စီမံခန့်ခွဲမှုအောက်တွင် သဘောကျနှစ်ခြိုက်နေကြလေတော့သည်။

---

## အေးငြိမ်းဖို့ရည် တို့မြန်ပြည်

\- တစ်ဦးမှကွယ် ဘေးမတွေ့ဘဲ
အေးအေးမြေ့မြေ့ ဖြစ်စေချင်၊
ကရုဏာ အလှတရားနဲ့
ဆပွားလို့ကြွင်၊
ဝဲဂယက် သံသရာတစ်ခွင်
ရန်မပါချင်လို့ အတုံ့ကင်း၊
ဝဋ်ကြွေမွှာ အမောရဟတ်ကို
ဖောဖြတ်လို့ရှင်း။

\- ချစ်မေတ္တာ နှလုံးသွင်းလို့
ပြုံးခြင်းပဲ ဖြန့်ဝေသည်၊
အမုန်းဆို မြူတစ်စတောင်
မယူရချင်ပြီ၊
အလှပဲ ပေးဝေတည်
အေးစေရည်လို့ မြစေရေး၊
တတ်နိုင်ရာ အခါခါကမ်းပါပေ့
ကဗျာပန်းကြုံမွှေး။

\- ပြည်သားသူ မနွမ်းဆွေးဘဲ
ချမ်းအေးလို့ လှပါစေ၊
မေတ္တာကို အရပ်များသို့
မပြတ်ပွားလို့ဝေ၊
ရွှင်ကြစေ အေးကြစေ
ဘေးဘယာ့တွေ ကင်းစေကြောင်း၊
ကြင်နာစိတ်နဲ့ အခါခါရည်
မင်္ဂလာနိမိတ် သာယာတည်ဖို့
မြန်မာပြည် ကမ္ဘာတည်အေးအောင်ဖြင့်
စာပန်းချီ ကဗျာသီတေးရယ်နဲ့
အို..
တွေးလို့ဆုတောင်း။ ။

လွှမ်းလေးကို(သရက်)

---

# ဥတ္တရသီရိမြို့နယ် စည်သာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် စက်တင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စည်သာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၆ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉ ဒသမ ၅၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စည်သာအေးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# တိုးတက်လာသော ဒရုန်းနည်းပညာ

စံမြတ်ဘုန်း(စစ်ကိုင်း)



ယနေ့နည်းပညာခေတ်သည် ပိုမိုနက်ရှိုင်းလာသည့်အလျောက် ခေတ်မီကိရိယာအသစ်အဆန်းများဖြင့် တိုးတက်ပြောင်းလဲလျက်ရှိသည်။ ယခင်က ကြိုးများဆက်သွယ်၍ပြောဆိုခဲ့ရသည့် ဖုန်းများ၏နေရာတွင် လက်တစ်ပြားစာ စမတ်ဖုန်းများ ဝင်ရောက်နေရာယူလာခဲ့သည်။ စက်ပစ္စည်းထုတ်လုပ်သည့်ကုမ္ပဏီများသည် နည်းပညာအပြောင်းအလဲများကိုဖော်ဆောင်၍ လူကြိုက်များစေမည့် စက်ပစ္စည်းများကို ဦးစားပေးထုတ်လုပ်ခဲ့ကြသည်။ အိမ်သုံးပစ္စည်းများမှအစ ဖျော်ဖြေရေးသုံးပစ္စည်းများ၊ သုတေသနလုပ်ငန်းများအတွက် အသုံးပြုပစ္စည်းများ၊ စစ်ဘက်သုံးပစ္စည်းများ အစရှိသောနည်းပညာအခြေပြု စက်ပစ္စည်းအများစု ပေါ်ထွက်လာခဲ့သည်။ အဆိုပါစက်ပစ္စည်းအုပ်စုတွင် ဝေဟင်ထက်တွင် လူမပါဘဲ အဝေးထိန်းစနစ်ဖြင့်ပျံသန်းနိုင်သည့် ဒရုန်း(UAV–Unmanned Aerial Vehicle) နည်းပညာများလည်း ပါဝင်ခဲ့သည်။

နည်းပညာသတင်းရင်းမြစ်များအရ ဒရုန်းတစ်စင်းသည် လေထဲ၌ တည်ငြိမ်စွာပျံသန်းနိုင်ရေးအတွက် အခြေခံစနစ်လေးခုဖြင့် စနစ်တကျဖွဲ့စည်းတည်ဆောက်ထားရှိကြောင်း သိရသည်။ ကိုယ်ထည်တည်ဆောက်ရာတွင် လေတိုးသည့်ဒဏ် ခံနိုင်ရေးအတွက် ကာဗွန်ဖိုက်ဘာ၊ ပလတ်စတစ် အစရှိသောပစ္စည်းများကို အသုံးပြုခြင်း၊ မြေပြင်မှဝေဟင်သို့ ပျံတက်နိုင်ရေး လျှပ်စစ်မော်တာများနှင့်ဒလက်များကို တပ်ဆင်အသုံးပြုခြင်း၊ လိုအပ်သောလျှပ်စစ်စွမ်းအင်ရရှိရေးအတွက် ဘက်ထရီများကို အသုံးပြုခြင်းများပြုလုပ်ကြသည်။ ဒရုန်းတစ်စင်းတွင် ပါဝင်သောအာရုံခံကိရိယာများသည် အချက်အလက်များကို လက်ခံရယူနိုင်စွမ်းရှိပြီး တိမ်းစောင်းမှု၊ အရှိန်နှင့် မြေပြင်ဆင်းသက်မှုဆိုင်ရာအခြေအနေများကို တွက်ချက်ပေးနိုင်သည်။ အချို့သောဒရုန်းများတွင် GPS စနစ်ပါရှိပြီး ဒရုန်း၏တည်နေရာကိုဂြိုဟ်တုစနစ်ဖြင့် ရှာဖွေနိုင်ခြင်း၊ သတ်မှတ်လမ်းကြောင်း ရေးဆွဲပျံသန်းနိုင်ခြင်းများကို ဆောင်ရွက်နိုင်သည်။ ဒရုန်းများကို အဝေးထိန်းခလုတ်အသုံးပြုပြီး ရှေ့နောက်၊ ဘေးဘီဝဲယာမှ အတားအဆီးများကိုရှောင်ရှားခြင်း၊ ရပ်တန့်ခြင်းများ ပြုလုပ်ပေးနိုင်သည်။

ဒရုန်းအုပ်စုအမျိုးအစားများကို လေ့လာကြည့်ပါက ဒလက်လေးခုပါသောဒရုန်းများ၊ လေယာဉ်တောင်ပံပုံစံဒရုန်းများ၊ ဒလက်တစ်ခုတည်းပါသောဒရုန်းများဟူ၍ တွေ့ရှိရသည်။ ဒလက်လေးခုပါသောဒရုန်းများသည် တစ်နေရာတည်းတွင် တည်ငြိမ်စွာရပ်တည်နိုင်ခြင်းကြောင့် ဓာတ်ပုံရိုက်ခြင်း၊ ဗီဒီယိုရိုက်ခြင်းများပြုလုပ်ရာတွင် အသုံးဝင်သည်။ လေယာဉ်တောင်ပံပုံစံဒရုန်းများသည် ဘက်ထရီ သို့မဟုတ် လောင်စာဆီအသုံးပြုပျံသန်းနိုင်ပြီး နယ်မြေဒေသစူးစမ်းလေ့လာခြင်း၊ ကွင်းအကျယ်မြေပြင်အနေအထားကို မှတ်တမ်းတင်နိုင်ခြင်းများ ပြုလုပ်နိုင်သည်။ ဒလက်တစ်ခုတည်းပါသောဒရုန်းများသည် ရဟတ်ယာဉ်တစ်စင်းနှင့် ပုံစံဆင်တူပြီး ကုန်ပစ္စည်းကြီးကြီးမားမားကို အလွယ်တကူ သယ်ဆောင်နိုင်သည်။

ဒရုန်းအမျိုးအစားအလိုက် ဒရုန်းများ၏ ပျံသန်းနိုင်သည့်အမြင့်ပေ၊ လေထုအတွင်းဆက်တိုက်နေနိုင်သည့်အချိန်သည် အပျော်တမ်း၊ လုပ်ငန်းသုံးနှင့် စစ်ဘက်ဆိုင်ရာ၊ သုတေသနသုံးဟူ၍ ခွဲခြားတွေ့ရှိနိုင်သည်။ သာမန်အသုံးပြုနေကြသည့် ဒရုန်းများသည် ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၄၀၀ မှ ပေ ၂၀၀၀ ဝန်းကျင်ထိ ပျံသန်းနိုင်ကြသည်။ စစ်ဘက်ဆိုင်ရာထောက်လှမ်းရေးဒရုန်းများသည် အမြင့်ပေမြင့်မြင့်ပျံသန်းနိုင်ကြပြီး ဥပမာအားဖြင့် အမေရိကန်၏ RQ-4 Global Hawk ကဲ့သို့ စစ်ဘက်ဆိုင်ရာဒရုန်းကြီးများသည် ပေ ၆၀၀၀၀ အထက် မြင့်မားစွာပျံသန်းနိုင်သည်။ သာမန်ဒရုန်းများသည် ဘက်ထရီအကုန်မြန်လေ့ရှိပြီး ပုံမှန်မိနစ် ၂၀ မှ မိနစ် ၄၀ ခန့်သာ အကောင်းဆုံးပျံသန်းနိုင်ကြသည်။ နေရောင်ခြည်စွမ်းအင်သုံးဒရုန်းများနှင့် ဓာတ်ဆီစနစ်သုံးဒရုန်းများသည် လေထဲတွင် ရက်ပေါင်းများစွာဆက်တိုက်ပျံသန်းနိုင်စွမ်းရှိကြောင်း လေ့လာသိရသည်။

ခေတ်သစ်ဒရုန်းနည်းပညာများ တိုးတက်လာသည့်အလျောက် တည်ဆောက်မှုစွမ်းအား၊ အဖျက်စွမ်းအားများ၊ ကာကွယ်မှုစွမ်းအားများလည်း ပေါ်ပေါက်လာခဲ့သည်။ မျက်မှောက်ခေတ်ဒရုန်းများသည် နည်းပညာအကူအညီများဖြင့် သွားလိုရာလမ်းကြောင်းများရှာဖွေနိုင်ပြီး အတားအဆီးများကို ရှောင်ကွင်းပျံသန်းနိုင်သည်။ ထို့အတူ ဒရုန်းတွင် တပ်ဆင်ထားသည့် ကင်မရာအရည်အသွေးများမှာလည်း 4K မှ 8K ထိ ဗီဒီယိုအရည်အသွေးဖြင့် ရိုက်ကူးနိုင်ပြီဖြစ်သည်။ အပူချိန်ဖော်စနစ်ကင်မရာတပ်ဆင်အသုံးပြုသည့်ဒရုန်းများသည် ညအမှောင်၊ တောအုပ်အတွင်း၊ မီးခိုးများကို ဖောက်ထွင်း၍ သက်ရှိသက်မဲ့များကို ရှာဖွေနိုင်စွမ်းရှိသည်။ အလားတူ စစ်ဘက်ဆိုင်ရာအသုံးပြုသည့် ဒရုန်းများသည် ရေဒါမမိအောင်ပျံသန်းနိုင်ခြင်း၊ အလွန်ဝေးလံသည့်အကွာအဝေးထိပျံသန်းနိုင်ခြင်းနှင့် ပစ်မှတ်ကို အတိအကျဝင်ရောက်တိုက်ခိုက်နိုင်ခြင်း အစရှိသော အဆင့်မြင့်စွမ်းရည်များပါဝင်သည်။

အများအားဖြင့် ဒရုန်းများကို အသုံးပြုရာတွင် ရုပ်ရှင်ဓာတ်ကားများ၊ မင်္ဂလာဆောင်ပွဲများနှင့် သတင်းဓာတ်ပုံများရိုက်ကူးရာတွင် လှပသောရှုခင်းများရရှိရေးအတွက် အသုံးပြုခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းခွင်များတွင် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာပက်ဖျန်းခြင်းနှင့် သီးနှံစိုက်ခင်းများ၏ ကြီးထွားမှုဖြစ်စဉ်ကို စဉ်ဆက်မပြတ်စောင့်ကြည့်သည့်လုပ်ငန်းများပြုလုပ်နိုင်ခြင်း၊ သဘာဝဘေးကြုံတွေ့ရသည့်နေရာများတွင် လူများဝင်ထွက်သွားလာမရနိုင်သည့်နေရာများကို သွားရောက်ရှာဖွေပေးနိုင်ခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူများထံသို့ ဆေးဝါး၊ အရေးပေါ်ပစ္စည်းများပို့ဆောင်ပေးသည့် လုပ်ငန်းများကို အောင်မြင်စွာပြုလုပ်ပေးနိုင်သည်။ အချို့သောလုပ်ငန်းများအနေဖြင့် အစားအသောက်နှင့် ကုန်ပစ္စည်းပေးပို့ရာတွင် လူကိုယ်တိုင်သွားရောက်ပေးပို့ခြင်းအစား ကုမ္ပဏီ၊ လုပ်ငန်းများမှ မှာယူသည့်ပစ္စည်းများကို ဒရုန်းဖြင့်အိမ်တိုင်ရာရောက်ပို့ဆောင်ပေးသည့်စနစ်များ စမ်းသပ်အသုံးပြုနေသည်။

အနာဂတ်တွင် စွမ်းဆောင်ရည်မြင့် ဒရုန်းနည်းပညာများပေါ်ပေါက်လာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် ပိုမိုတွင်ကျယ်လာမည့် အလားအလာကောင်းများ တွေ့ရသကဲ့သို့ မသမာသောရည်ရွယ်ချက်များဖြင့် အများပြည်သူလုံခြုံရေးစနစ်များ ထိခိုက်လာနိုင်သည်။ မသမာသူများ၊ အကြမ်းဖက်အဖွဲ့အစည်းများက စျေးပေါပြီး အလွယ်တကူဝယ်ယူရရှိနိုင်သည့် ဒရုန်းများကိုပြုပြင်မွမ်းမံ၍ လက်လုပ်ဗုံးများ၊ ဖောက်ခွဲရေးပစ္စည်းများတပ်ဆင်၍ ပစ်မှတ်များဆီသို့ အသေခံတိုက်ခိုက်ခိုင်းခြင်းများပြုလုပ်ကြသည်။ ၎င်းတို့မှ တပ်ဖွဲ့များ၏ အင်အား၊ တည်နေရာ၊ လက်နက်တပ်ဆင်ထားမှုအခြေအနေများကို ခွင့်ပြုချက်မရှိဘဲ လျှို့ဝှက်ထောက်လှမ်းခြင်းနှင့် ဒရုန်းများဖြင့် မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းနှင့် တန်ဖိုးကြီးပစ္စည်းများကို နယ်စပ်ဖြတ်ကျော် သယ်ပို့ရာတွင်လည်း အသုံးပြုနိုင်သည်။

**❖ ဒရုန်းတစ်စင်းတွင်ပါဝင်သော အာရုံခံကိရိယာများသည် အချက်အလက်များကို လက်ခံရယူနိုင်စွမ်းရှိပြီး တိမ်းစောင်းမှု၊ အရှိန်နှင့် မြေပြင်ဆင်းသက်မှုဆိုင်ရာအခြေအနေများကို တွက်ချက်ပေးနိုင်သည်။ အချို့သောဒရုန်းများတွင် GPS စနစ်ပါရှိပြီး ဒရုန်း၏ တည်နေရာကို ဂြိုဟ်တုစနစ်ဖြင့် ရှာဖွေနိုင်ခြင်း၊ သတ်မှတ်လမ်းကြောင်း ရေးဆွဲပျံသန်းနိုင်ခြင်းများကို ဆောင်ရွက်နိုင်သည်။ ဒရုန်းများကို အဝေးထိန်းခလုတ်အသုံးပြုပြီး ရှေ့နောက်၊ ဘေးဘီဝဲယာမှအတားအဆီးများကို ရှောင်ရှားခြင်း၊ ရပ်တန့်ခြင်းများ ပြုလုပ်ပေးနိုင်သည်။ ❖**

နိုင်ငံတကာအနေဖြင့် ဒရုန်းများနှင့်သက်ဆိုင်သော ဥပဒေ၊ စည်းမျဉ်းချက်များထုတ်ပြန်ရန် လိုအပ်လာသည့်အလျောက် နိုင်ငံရေးအရ အရေးကြီးသော သမ္မတအိမ်တော်၊ စစ်ဘက်ဆိုင်ရာနေရာများ၊ အစိုးရရုံးစိုက်ရာနေရာများနှင့် အများပြည်သူလုံခြုံရေးအရ အရေးကြီးသည့်နေရာများအနီး ဒရုန်းပျံသန်းခြင်းကို တားမြစ်ပိတ်ပင်ထားကြသည်။ ထို့အတူ လေယာဉ်များဘေးကင်းလုံခြုံရေးအတွက် နိုင်ငံတကာလေဆိပ်နှင့် လေဆိပ်ဝန်းကျင် ဒရုန်းပျံသန်းခြင်းကို တင်းကျပ်စွာ ကန့်သတ်ထားကြသည်။ အပျော်တမ်းဒရုန်းများ၊ လုပ်ငန်းသုံးဒရုန်းများသည် သက်ဆိုင်ရာ လေကြောင်းအာဏာပိုင် အဖွဲ့အစည်းများတွင် မှတ်ပုံတင်ရန်နှင့် လိုင်စင်ရယူရန်လိုအပ်ပြီး ခွင့်ပြုချက်မရှိဘဲ လူနေရပ်ကွက်များ၊ လူစုလူဝေးရှိရာနေရာများပေါ်တွင်ပျံသန်းခြင်း၊ ဒရုန်းဖြင့် ဓာတ်ပုံချောင်းမြောင်းရိုက်ကူးခြင်းများပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အနှစ်ချုပ်အားဖြင့် နည်းပညာကုမ္ပဏီများအနေဖြင့် ဒရုန်းထုတ်လုပ်ရာတွင် ပိုမိုအဆင့်မြင့်တင်နိုင်ရေး စွမ်းအင်အခြေပြုဘက်ထရီများအစား ပေါ့ပါးသော ဆိုလာပြားများတပ်ဆင်အသုံးပြုခြင်း၊ လူ၏ထိန်းချုပ်မှုမပါသောဒရုန်းအချင်းချင်း ညှိနှိုင်းပျံသန်းနိုင်စေမည့်စနစ်အသုံးပြုခြင်း၊ AI နည်းပညာများကို ဒရုန်းများတွင် ထည့်သွင်းတည်ဆောက်ခြင်းများ ပြုလုပ်လာခဲ့ကြသည်။ ဒရုန်းနည်းပညာက အကျိုးရှိရှိအသုံးချမှုဆိုပါက ခေတ်သစ်လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုနိုင်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနယ်ပယ်တွင် ဒရုန်းများအသုံးပြုခြင်းဖြင့် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများကို တိကျစွာပက်ဖျန်းနိုင်သဖြင့် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာလေလွင့်မှုကို လျှော့ပါးသက်သာစေသည်။ သဘာဝပတ်ဝန်းကျင်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင် အသုံးပြုမည်ဆိုပါကလည်း တောမီးများလောင်ကျွမ်းမှုကို ကြိုတင်စောင့်ကြည့်နိုင်ခြင်း၊ သစ်တောများအလွန်အကျွံခုတ်ထွင်မှုကို တားဆီးကာကွယ်နိုင်ခြင်း၊ တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်စေရေး အဝေးမှစောင့်ကြည့်နိုင်ခြင်းများပြုလုပ်နိုင်သဖြင့် ဒရုန်းနည်းပညာက ရေရှည်တည်တံ့သော လူ့ဘောင်လောကအကျိုးဖြစ်ထွန်းရေးကိုအထောက်အကူပြုသည့် နည်းပညာတစ်ခုအဖြစ် ရှုမြင်လျက် ကောင်းသည့်ဘက်တွင် အသုံးချဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

- https://builtin.com/drones?utm_source=gemini
- https://thedronereference.com/?utm_source=gemini#
- https://www.af.mil/about-us/fact-sheets/display/article/104516/rq-4-global-hawk/

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၂၈၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**အရာတော် စက်တင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၂၈၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၉၀၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၂၈၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၇၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲတီစိမ်း ၉၉၀၃ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိမှာ ရိတ်သိမ်းလျက်ရှိပါတယ်၊ ဒီနေ့ထိ ဧက ၂၂၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးခဲ့ပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

အရာတော်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)

# သထုံမြို့နယ် ဒဂ်ဂါးဆိပ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**သထုံ စက်တင်ဘာ ၂၇**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေဖြင့် ဒဂ်ဂါးဆိပ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက ဒဂ်ဂါးဆိပ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေ ၁၂ သန်း စုစုပေါင်း ၂၇ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စုပေါင်း၍ ယခုနှစ် ဩဂုတ်လ တတိယပတ်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တပြေးညီ ပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း၊ ယခင်ကထက် ကျေးလက်နေပြည်သူများ လူမှုစီးပွားပိုမိုမြင့်မားတိုးတက်လာတော့မည်ဖြစ်ကြောင်း သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်ထံမှ သိရသည်။ **သန္တာ**

# ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကန့်ကြီးထောင့် စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန့်ကြီးထောင့်မြို့နယ် ဆန်စပါး၊ ဖွဲရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြ၍ သိရသည်။

ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဩဂုတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဖွဲနုများသည် ပြည်တွင်း၌ ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာ စသည့် မွေးမြူရေးလုပ်ငန်းသုံး အစာအဖြစ် အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၃၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲနုကို ပြည်တွင်းမှာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုတာများပါတယ်။ ပြည်ပဈေးကွက်လဲရှိပါတယ်။ စက်တင်ဘာလထဲမှာလဲ ဖွဲနုအိတ်တွေကို ရန်ကုန်ဈေးကွက်ကနေ ဝယ်ယူမှုများနေပါတယ်။ မွေးမြူရေးလုပ်ငန်းတွေ အပြိုင်လည်ပတ်လုပ်ကိုင်နေတာကြောင့် ရန်ကုန်ဈေးကွက်ကနေ အခုလို ဖွဲနုအိတ်တွေ အရောင်းအဝယ်ကောင်းလာတာပါ။ ဝယ်ယူအားကောင်းလာတော့ လယ်သမားတွေ၊ စက်သမားတွေ အလုပ်အကိုင်အဆင်ပြေနေပါတယ်"ဟု ကန့်ကြီးထောင့်မြို့နယ် ဆန်စပါး၊ ဖွဲရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြသည်။



ကန့်ကြီးထောင့်မြို့နယ်မှ ထွက်ရှိသည့် ဖွဲနုများကို ဒေသတွင်း မွေးမြူရေး လုပ်ငန်းရှင်များက အများဆုံးဝယ်ယူ လျက်ရှိသည့်အပြင် ရန်ကုန်ဈေးကွက်သို့လည်း တင်ပို့ရောင်းချလျက် ရှိကြောင်း၊ ဖွဲနုအိတ်ရေ ၁၀ လျှင် ငွေကျပ် ၃၁၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျေးသီးမြို့နယ် ပိုက်လိန်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**ကျေးသီး စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တူယားကျေးရွာအုပ်စု ပိုက်လိန်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်သိင်္ဂီဝင်းနှင့်ဝန်ထမ်းများက ပိုက်လိန်ကျေးရွာ၌ ရေထွက်ပင်ရင်းမှ ကျေးရွာအရောက် အရှည် တစ်မိုင်နှစ်ဖာလုံရှိ စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက တာဝန်ရှိသူများနှင့်အတူ အဆိုပါ လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါလုပ်ငန်းကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၉ ဒသမ ၃၀၃ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ယခုနှစ် ဩဂုတ်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ပိုက်လိန်ကျေးရွာရှိ ၃၃ အိမ်မှ လူ ၁၀၃ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေ ရာသီမရွေး ဖူလုံစွာ သောက်သုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ချိုသန်းညွန့်**

# စေတုတ္တရာမြို့နယ် ရေသောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေသောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် ၃၈ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရေသောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၃၁ ဒသမ ၄ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၈ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# အရွယ်မတိုင်မီ အိုမင်းရင့်ရော်စေသောအကြောင်း

ပေါက်ပေါက်

အသက်အရွယ် ကြီးရင့်လာသည်နှင့်သမျှ လောကသဘာဝအရ ရုပ်ဆင်းအင်္ဂါ အိုမင်းရင့်ရော်ခြင်းကို မည်သူမျှ ရှောင်လွှဲခြင်းငှာ မစွမ်းသာပေ။ သို့သော် တချို့သူများတွင် အရွယ်မတိုင်ခင် ပို၍ အိုစာသွားကြသည်ကို တွေ့ရသည်။ စီးပွားရေးကြောင့်သော်လည်းကောင်း ကျန်းမာရေးကြောင့်သော်လည်းကောင်း စိတ်ဖိစီးမှုကြောင့်သော်လည်းကောင်း အရွယ်မတိုင်ခင် အိုမင်းရင့်ရော်တတ်သည်။ ဖော်ပြပါ အကြောင်းအရာများအပြင် လူတစ်ဦးတွင် အရွယ်မတိုင်မီ အိုမင်းရင့်ရော်စေနိုင်သော အခြားအကြောင်းရင်းများစွာလည်း ရှိတတ်သဖြင့် သတိပြုဆင်ခြင်နိုင်ကြပါစေကြောင်း ရေးသားဖော်ပြလိုသည်။

**ဆေးလိပ်သောက်ခြင်း**

အရေပြားအတွင်းရှိ အဆီအိတ်မှထွက်သော အဆီတို့သည် အရေပြားကို သဘာဝအလျောက် ချောမွေ့စွတ်စိုစေရုံမျှမက ရောဂါပိုးမွှားများ ခန္ဓာကိုယ်အတွင်း မဝင်နိုင်ရန် တားဆီးကာကွယ်ပေးသည်။ သို့သော် ဆေးလိပ်သောက်ခြင်းက လူ့အရေပြားကို ခြောက်သွေ့စေသည့်အပြင်၊ အရေပြားတွန့်ရှုံ့စေသည်။ မျက်လုံးအောက်အရေပြားကို ပွဖောင်းရောင်မို့စေသည်။ ဆေးရွက်ကြီးတွင် ဓာတုဗေဒမျိုးစုံ စုစုပေါင်း ၄၀၀၀ ကျော်ပါဝင်နေပြီး ၎င်းတို့အနက် များစွာသော ဓာတ်များက လူ့ခန္ဓာကိုယ်ကို ဖျက်ဆီးပစ်သည်။ အထူးသဖြင့် နီကိုတင်းဓာတ်က သွေးကြောကျဉ်းခြင်းနှင့် အောက်ဆီဂျင်ပိတ်ဆို့ခြင်းကြောင့် အရေပြားဆဲလ်များ ပျက်စီးသွားကာ အရွယ်မတိုင်မီ အိုမင်းရင့်ရော်စေနိုင်သည်။

**ကွမ်းစားခြင်း**

ကွမ်းစားသူများ၏သွားသည် နီညိုမည်းပုပ်သော အရောင်သို့ သက်တမ်းရင့်လေ ကူးပြောင်းလေဖြစ်သည်။ ပါးပြင်အရေပြား ရဲတွတ်ခြင်း၊ နီညိုလာခြင်းမှတစ်ဆင့် အရေပြားများ သိသာစွာ ရင့်ရော်လာသည်။ ရုပ်ရည်လက္ခဏာ အိုစာသည်ထက် ဆိုးရွားသည်မှာ ကွမ်းသီး၊ ဆေးရွက်ကြီးတို့တွင်ပါရှိသော ကင်ဆာဖြစ်ပေါ်စေတတ်သည့် ဓာတုပစ္စည်းများက ကွမ်းစားသူအား တစ်ချိန်ချိန်တွင် ကင်ဆာရောဂါကို မလွဲမသွေ ခံစားရနိုင်ပါသည်။

**အရက်သောက်ခြင်း**

လူတချို့က အရက်ကို မအိုဆေးဟု ခေါ်ကြသည်။ အမှန်စင်စစ် မအိုဆေးဆိုသည်မှာ အသက်အရွယ် အိုမင်းသည်ထိ မနေရဘဲ လူ့သက်တမ်းတိုတောင်း၍ ငယ်ငယ်ရွယ်ရွယ် သေဆုံးတတ်ခြင်းဖြစ်သည်။ အခြေအနေအရ မလွှဲသာ၍သော်လည်းကောင်း ကြိုက်နှစ်သက်၍သော်လည်းကောင်း သောက်သုံးမိသည်ရှိသော် အကန့်အသတ်ဖြင့်သာ သောက်သုံးသင့်ပေသည်။ အရက်သည် ခန္ဓာကိုယ်အတွင်း ရေဓာတ်ခန်းခြောက်စေပြီး မျက်နှာပြင်အရေပြားများကို ကြမ်းစေသည်။ စွဲစွဲမြဲမြဲသောက်လျှင် အသည်းပျက်စီး၍ မျက်နှာဖောသွပ်လာသည်။ ထို့ပြင် အရက်က နှစ်ခြိုက်စွာ အိပ်ပျော်ခြင်းကို ဖျက်ဆီးပစ်သည်။ ထိုဆိုးကျိုးများက လျင်မြန်စွာ အိုမင်းရင့်ရော်စေသည်။

**ရေသောက်နည်းခြင်း**

ဥတုဘောဇနသင့်ဟကျမ်း၌ နံနက်စောစော ရေသောက်ခြင်းက ကိုယ်ဖောရောင်သောအနာ၊ ဝမ်းကိုက်နာ၊ ဝမ်းချုပ်သောအနာ၊ မျက်စိနာ၊ လေသလိပ်သည်းခြေတို့ကြောင့်ဖြစ်သော အနာတို့ကို နိုင်၍ အနှစ်တစ်ရာ ချမ်းသာစွာ အသက်ရှည်ရကြောင်း၊ မျက်နှာသစ်သောအခါ ရေကိုရှူခြင်းဖြင့် အရေပြားတွန့်ခြင်း၊ ဆံပင်ဖြူခြင်းတို့ကိုနိုင်၏ဟူ၍ ရေ၏အစွမ်းသတ္တိကို ရေးသားဖော်ပြထားသည်။ လူ့ခန္ဓာကိုယ်၏ ၆၀ ရာခိုင်နှုန်းသည် အာပေါဓာတ်မည်သော ရေဖြင့်တည်ဆောက်ထားသည်။ ၎င်းကို ထိန်းသိမ်းထားခြင်းဖြင့် အသားအရေခန်းခြောက်မှုကို ကာကွယ်နိုင်သည်။ ရေသည် အရိုးအဆစ်များ ဆန့်ကွေး ရာနေရာတွင် ချောဆီပမာ အကျိုးပြုရုံမက ကျောရိုးတစ်ခုလုံးကိုပါ အကွေးအဆန့်ကောင်းအောင် ကာကွယ်ပေးလျက်ရှိသည်။ ထို့ကြောင့် အရွယ်မတိုင်မီ မျက်စိမှုန်၊ ခါးကုန်းခြင်းကင်း၍ အဆစ်အမျက် ခိုင်မာမှုရှိရန် ရေများများသောက်ဖို့ လိုအပ်သည်။

**သွားကျန်းမာရေးကို လျစ်လျူရှုခြင်း**

သွားကျန်းမာရေးက လူ့ဥပမိရုပ်ကို များစွာ



အထောက်အကူပြုသည်။ သွားကျိုး၊ သွားကျဲ၊ သွားမညီခြင်းတို့က စကားပြောသံမပီမသ လုံးထွေးစေသည့်ပြင် နှုတ်ခမ်းအလှနှင့် မျက်နှာနုပျိုမှုတို့ကိုလည်း များစွာထိခိုက်စေသည်။ ထို့ပြင် နောက်ဆက်တွဲ ဆိုးကျိုးအဖြစ် အစာခြေစနစ်ကို လွန်ကျူးစွာ ထိခိုက်စေသည်။ ထိုအခါ အာဟာရဓာတ်မပြည့်ဝတော့ဘဲ ငယ်ငယ်ရွယ်ရွယ်နှင့် အိုတတ်သည်။ ထို့ကြောင့် သွားနှင့်ခံတွင်းကျန်းမာရေးအတွက် တစ်နေ့နှစ်ကြိမ်နှုန်းဖြင့် တစ်ကြိမ်လျှင် အနည်းဆုံး သုံးမိနစ်ခန့်ကြာအောင် သွားတိုက်သင့်သည်။

**ကိုယ်ကာယလေ့ကျင့်မှု အားနည်းခြင်း**

လူ့ခန္ဓာကိုယ် ကြွက်သားများသည် လှုပ်ရှားမှုမရှိလျှင် ဆုတ်ယုတ်လျင်မြန်၍ အသက်အရွယ်မတိုင်မီ အရေပြားလျော့ရဲခြင်း ဖြစ်ပေါ်လာစေသည်။ ကိုယ်ကာယလေ့ကျင့်ခန်း မှန်မှန်ပြုခြင်းက ကိုယ်ခန္ဓာ သန်စွမ်းစေရုံမျှမက စိတ်နှလုံးရွှင်ပြုံးစေသဖြင့် ကျန်းမာခြင်း အစစ်အမှန်ကို ခံစားရရှိစေကာ အချိန်မတိုင်မီ အိုမင်းရင့်ရော်ခြင်းဖြစ်စဉ်ကို နှောင့်နှေးသွားစေမည်ဖြစ်သည်။

**စိတ်ဖိစီးမှု လွန်ကဲခြင်း**

“ရုပ်” ကို “စိတ်” က ဆောင်ပါသည်။ စိတ်ဖိစီးမှုများခြင်း၊ အမျက်ဒေါသထွက်ခြင်းတို့က စိတ်ထောင်းကိုယ်ကြေ ဖြစ်စေသည်။ အထီးကျန်ဆန်လာပြီး ဦးနှောက်ကို လျင်လျင်မြန်မြန် ကျုံ့သွားသည်။ စိတ်ဖိစီးမှုလွန်ကဲခြင်းကြောင့် ရုပ်ကျအရွယ်အိုစေသည့်အပြင် ဟော်မုန်းများလည်း အဆမတန်ထွက်ရှိလာကာ အရေပြားသို့ အောက်ဆီဂျင်ပြတ်လပ်သဖြင့် ဝက်ခြံထွက်လာသည်။ ထို့ကြောင့် သင့်တင့်သော ကိုယ်လက်လှုပ်ရှားမှုပြုခြင်း၊ ယောဂကျင့်ခြင်း၊ အသက်ပြင်းပြင်းရှူခြင်း၊ လမ်းသွက်သွက်လျှောက်ခြင်းဖြင့် စိတ်ဖိစီးမှုကို အတတ်နိုင်ဆုံးလျှော့ချပါ။

**မိမိဝါသနာကို မိမိကိုယ်တိုင်လျစ်လျူရှုခြင်း**

မိမိဝါသနာအကြိုက်ဖြင့် အလိုက်အထိုက်မွေ့လျော်တတ်လျှင် ကိုယ်ကျန်းမာစိတ်ချမ်းသာပြီး အရွယ်ကျရောဂါရမှုမှ ကြိုတင်ကာကွယ်ထားနိုင်သည်။ သီချင်းဆိုခြင်း၊ ပန်းချီရေးဆွဲခြင်း၊ စာဖတ်ခြင်း၊ တူရိယာဂီတတီးမှုတ်ခြင်း၊ အားကစားလုပ်ခြင်း စသည့် ဝါသနာတစ်ခုခု ရှိနေသင့်သည်။

**ခန္ဓာကိုယ်ကို မနားမနေခိုင်းခြင်း**

အလုပ်တာဝန်များဖိစီး၍ အာရုံစိုက်လုပ်ကိုင်နေရသူတစ်ဦးသည် အခြားပုံမှန် အလုပ်လုပ်နေသူများထက် အရွယ်ကျလာလေ့ရှိသည်။

**ပိန်လှီနေခြင်း**

အလွန်ပိန်ခြင်းက မျက်နှာပေါ်က အဆီများ ခန်းခြောက်စေသည့်အပြင် အရေပြားတွဲကျစေသည်။ ထို့ကြောင့် သင့်တင့်မျှတစွာ စားသောက်ခြင်း လေ့ကျင့်ခန်းလုပ်ခြင်းဖြင့် ခန္ဓာကိုယ်အလေးချိန်ကို ပုံမှန်ထိန်းသိမ်းတတ်ဖို့လိုသည်။ မျက်နှာပေါ်က အရေးအကြောင်းတွေ ကာကွယ်ရန်အတွက် အိုမီဂါ-၃ ဖက်တီးအက်စစ်ကြွယ်ဝသော အဆီပါသော ငါးများ၊ ငါးကြီးဆီနှင့် သစ်ကြားသီးကဲ့သို့အခွံမာသီးတွေစားသုံးသင့်သည်။ အသားအရေ ကျန်းမာကောင်းမွန်စေရန် ဗီတာမင်စီကြွယ်ဝသော အသီးများနှင့် ကော်လာဂျင်ဓာတ်ကြွယ်ဝသော ဟင်းနုနယ်ရွက်၊ နေလောင်ဒဏ်ကြောင့် အသားအရေ မပျက်စီးစေရန် လိုင်စိုပင်နိဓာတ်ကြွယ်ဝသော ခရမ်းချဉ်သီးနှင့် ဂရိတ်ဖရုသီးတို့ကို စားသုံးသင့်သည်။

**အစားအသောက်လွန်ကျူးခြင်း**

အစားအသောက်မျိုးစုံ လွန်စွာခုံမင်ပြီး ထပ်ခါတလဲလဲ စားသောက်လေ့ရှိသူများမှာ အဝလွန်ပြီး ခန္ဓာကိုယ်အချိုးအစား ယိုယွင်းလာသည်။ အစားအသောက်ကို လိုအပ်သည်ထက်ပိုမိုစားသုံးခြင်းသည် အစာခြေစနစ်ကိုလည်း ထိခိုက်စေသည်။ အထူးသဖြင့် အဆင်သင့်ပြုပြင်ထားသော အစားအစာ (Processed Food) ကို စားသုံးခြင်းသည် ခန္ဓာကိုယ်အတွင်း သကြားဓာတ်နှင့် ကိုလက်စထရောသာမက အကျိုးမပြုသည့် အဆီဓာတ်ကို တိုးပွားစေသည်။ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါများဖြစ်ကာ ချုချာအိုစာသောဘဝသို့ ရောက်ရှိသွားသည်။

**အထီးကျန်ဆန်ခြင်း**

ဘဝတွင် မိသားစုပမာ ချစ်ခင်တွယ်တာရသော သူငယ်ချင်း၊ မိတ်ဆွေများ ရှိအပ်သည်။ ရင်ဘတ်ချင်းနီးသော မိတ္တဗလ ပေါများခြင်းက ပျော်ရွှင်မှုနှင့် ခွန်အားသစ်များကို တိုးပွားစေကာ အရွယ်မတိုင်မီ အိုမင်းမှုကို တိုက်ဖျက်ပေးနိုင်သည့် အကျိုးထူးများ ရရှိနိုင်သည်။ အထီးကျန်မှု၊ စိတ်ဓာတ်ကျဆင်းမှုများကို ဖယ်ရှားနိုင်သော ခွန်အားသစ်များကိုလည်း မိတ်ကောင်းဆွေကောင်းတို့ထံမှ ရရှိနိုင်သဖြင့် ကိုယ်စိတ်နှစ်ပါး နုပျိုလန်းဆန်းစေသည်။

**မျက်လုံးကို လက်ဖြင့်ပွတ်တိုက်ခြင်း**

မျက်ဝန်းတစ်ဝိုက်က အရေပြားများသည် လွန်စွာနူးညံ့သဖြင့် ထိုအရေပြားပေါ်ကို ဖိခြင်း၊ ပွတ်ဆွဲခြင်းက မျက်ကွင်းညိုခြင်းကို ဖြစ်စေသည်။ နူးညံ့သည့် မျက်ဝန်းတစ်ဝိုက်ကို မိတ်ကပ်ပွတ်လိမ်းခြင်းကလည်း အရေးအကြောင်းတွေ ပိုလာနိုင်စေ၍ ၎င်းနေရာကို မိတ်ကပ် (လုံးဝ) မလိမ်းသင့်ပေ။

**အိပ်ချိန် မမှန်ခြင်း**

အိပ်ရေးမဝခြင်းက ခွန်အားနှင့် အာရုံးစူးစိုက်မှုကျဆင်းစေရုံသာမက သွေးများကောင်းစွာလည်ပတ်စီးဆင်းမှု မရှိတော့သဖြင့် အရေပြားပေါ်မှာ အပြစ်အနာအဆာများ ဖြစ်စေသည်။ အရွယ်ရောက်ပြီးသူတိုင်း တစ်နေ့ကို ၇ နာရီ မှ ၈ နာရီကြာ အိပ်ရေးဝဝ အိပ်စက်ပါ။ တီဗီ၊ ကွန်ပျူတာ၊ ဖုန်းများမှ ထွက်လာသည့် အလင်းများက အိပ်စက်ခြင်းကို ထိခိုက်စေနိုင်သဖြင့် အိပ်ရာမဝင်ခင် နာရီဝက်ခန့်အလိုတည်းက ၎င်းတို့ကို မကြည့်ပါနှင့်။ နေ့စဉ်နှစ်ခြိုက်စွာအိပ်မပျော်ခြင်းက အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကို ဖြစ်စေသည်။ နေ့အချိန် ထိတွေ့ရသော ခရမ်းလွန်ရောင်ခြည်များ၏ အာနိသင်ကို အိပ်စက်အနားယူသည့် အရေပြားကသာ ဖြေဖျောက်ပေးနိုင်စွမ်းရှိသည်။

**မှောက်အိပ်ခြင်း**

ညစဉ်ညတိုင်း ခေါင်းအုံးပေါ် မှောက်၍အိပ်စက်ခြင်းက ရက် ၃၀ အတွင်းမှာပင် မျက်နှာပေါ်က အသားအရေကို သိသိသာသာ ထိခိုက်ပျက်စီးစေနိုင်သည်။ ဘေးတစောင်း အိပ်စက်ခြင်းကလည်း ထိုနည်းတူစွာပင် အသားအရေကို ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် မျက်နှာအသားအရေ မပျက်ယွင်းစေဖို့ ပက်လက်အနေအထား အိပ်စက်သင့်သည်။

**ပိုက်ဖြင့်စုပ်သောက်ခြင်း**

အရည်အမျိုးမျိုးကို ပိုက်ဖြင့်စုပ်သောက်ခြင်းနှင့် စီးကရက်ရှိုက်၍သောက်ခြင်းတို့က နှုတ်ခမ်းကြွက်သားများကို ကြိမ်ဖန်များစွာရှုံ့ခြင်း၊ နားခြင်း ပြုလုပ်ရခြင်းကြောင့် နှုတ်ခမ်းဝန်းကျင် အရေတွန့်ခြင်းကို ဖြစ်ပေါ်စေသည်။ နှုတ်ခမ်းတစ်ဝိုက် အရေးအကြောင်းများ ပိုလာစေနိုင်သည်။ နှုတ်ခမ်းဘေးအရေးကြောင်းများမှတစ်ဆင့် ရုပ်သွင်နုပျိုခြင်းကို ယိုယွင်းစေသည်။ ထို့ပြင် ဆော်ဒါ၊ ကော်ဖီ၊ အချိုရည်များကို တော်တော်နှင့်မြိုမချဘဲ အာခံတွင်းထဲ အချိန်ယူ၍ ငုံထားခြင်းကလည်း သွားများကိုပျက်စီး၍ အလှပျက်စေသည်။

**အလှပြင်ပစ္စည်း ရွေးချယ်မှုမှားယွင်းခြင်း**

အလှကုန်ဈေးကွက်ထဲတွင် ထူးခြားဆန်းသစ်သော အလှကုန်ပစ္စည်းစုံ၊ တံဆိပ်စုံရှိသည်။ တစ်ဦးနှင့်တစ်ဦး အသားအရေ ဖွဲ့စည်းထားပုံချင်း မတူညီကြပေ။ အလှကုန်ပစ္စည်းဓာတ်မတည့်ခြင်းက အသားအရေကို ဆိုးဆိုးရွားရွားပျက်စီး အိုမင်းသွားစေနိုင်သည်။ ထို့ကြောင့် သူများနှင့်လိုက်ဖက်သော်လည်း မိမိအသားအရေနှင့် လိုက်ဖက်လိမ့်မည်ဟု တထစ်ချ မယုံကြည်သင့်ပေ။

**မိတ်ကပ်များအလွန်အကျွံလိမ်းခြယ်ခြင်း**

မိတ်ကပ်သည် အရေပြားရှိအပေါက်ကလေးများမှ လေမဝင်အောင် ပိတ်ဆို့ထားခြင်းကြောင့် အရေပြား၏ ပရိုတင်းတစ်ရှူးကို ပျက်စီးစေသည့်အပြင် အရေပြားပေါ်တွင် လှိုင်းတွန့် အန့်အပြားဖြစ်ပေါ်ခြင်းနှင့် တွန့်ရှုံ့လာခြင်းတို့ပါ ဖြစ်စေသည်။ လိမ်းခြယ်ပြီးတိုင်း ညမအိပ်ခင် သေသေချာချာ သန့်စင်ဆေးကြောသင့်သည်။ မျက်နှာပေါ်မှရေကို အမြန်မသုတ်ဘဲ အရေပြားအတွင်းရေများ စိမ့်ဝင်လာသည်ထိ ထားရှိသင့်သည်။

သို့ဖြစ်ရာ ဖော်ပြပါအကြောင်းအရာများကို သတိပြုဆင်ခြင်နေထိုင်ခြင်းဖြင့် လူတိုင်းအရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကို ကာကွယ်နိုင်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၂၀၁၂ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**ပွင့်ဖြူ စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၂၀၁၂ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၆၀၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း အဆိုပါ စိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလဒုတိယပတ်မှ စတင် နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၀၁၂ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၄ ဒသမ ၄၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ မြေပဲ ၆၀၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေကို လက်ရှိမှာ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၂၀၁၂ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးချိန်မှာလဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းမှုရှိတာကြောင့် တစ်နှစ်ထက်တစ်နှစ် စိုက်ဧကတွေလဲ တိုးချဲ့စိုက်ပျိုးလာကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ အထွက်နှုန်းများ ကောင်းမွန်စေရေး၊ ပိုးမွှားကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်များကင်းရှင်းစေရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးတို့အတွက် စိုက်ခင်းများသို့ ကွင်းဆင်းစစ်ဆေးခြင်း၊ ကင်းထောက်မှတ်တမ်းများရယူခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ပေါင်းတည်မြို့နယ် ကြူတောကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင်းတည် စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြူတောကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကြူတောကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၉၀ကို ငွေကျပ်သန်း၂၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ်ငါးသန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၄ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

**အေးမြတ်**


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး စစ်သည်အစားခန့်ဝန်ထမ်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် အမှတ်(၁၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်နှင့် အမှတ်(၁)တပ်မတော် အသံလွှင့်တပ်တို့တွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများ အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန်အလိုရှိပါသည်-

(က) သတင်းကြေညာသူ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
( ခ ) သတင်းအယ်ဒီတာ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
( ဂ ) ဇာတ်လမ်း/ဇာတ်ညွှန်း(အမျိုးသား/အမျိုးသမီး)။
(ဃ) ထုတ်လုပ်ရေးမှူး(အမျိုးသား/အမျိုးသမီး)။
( င ) အစီအစဉ်မှူး(အမျိုးသား/အမျိုးသမီး)။
( စ ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဆ) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
( ဇ ) ကဇာတ် အဆို/အက(အမျိုးသား/အမျိုးသမီး)။

၂။ အထက်ဖော်ပြပါရာထူးအားလုံးအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
( ခ ) ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက် (၂၅)နှစ်ထက် မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/ အပျို ဖြစ်ရမည်။
( ဂ ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အအေးခန်းတွင် လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်(ယာယီဘွဲ့ထောက်ခံစာမရပါ)။
( င ) အနည်းဆုံးငါးနှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
( စ ) လျှောက်ထားသူနှင့် မိဘ၊ ညီအစ်ကို၊ မောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။
(ဆ) ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုအောင်မြင်ရမည်။
( ဇ ) ကျန်းမာရေးဆေးစစ်မှု အောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) သတင်းကြေညာသူ လျှောက်ထားသူများသည် ရုပ်ရည်သင့်တင့်လှပပြီး အသံကြည်လင်ပီသရမည်။ မျက်စိကောင်းမွန်ရမည်(မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ)။
( ခ ) အဆို/အက လျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးသီချင်းများအား ကောင်းမွန်စွာသီဆိုနိုင်ရမည်။ တစ်ဦးချင်း/စုပေါင်းယိမ်းအက ကပြနိုင်ရမည်။ ရုပ်ရည်သင့်တင့်ပြေပြစ်ရမည်။

၄။ ရွေးချယ်ခြင်းခံရပါက ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်အောင်မြင်ပြီး၍ ဝန်ထမ်းအဖြစ် စတင်ခန့်အပ်ခြင်းခံရပါက တပ်ကြပ်ကြီး(အစားခန့်) အဆင့် လစာနှုန်း ကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ ဖြင့် ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါတပ်များတွင် ၂၁-၉-၂၀၂၆ ရက်မှ ၈-၁၀-၂၀၂၆ ရက်အတွင်း လာရောက်ရယူလျှောက်ထားနိုင်ပါသည်-

(က) အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့။(ဖုန်း ၀၃၁ - ၆၀၂၇၈)
( ခ ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(နေပြည်တော်)၊ နေပြည်တော်။(ဖုန်း ၀၃၁ - ၇၄၂၇၄)
( ဂ ) အမှတ်(၁)တပ်မတော်အသံလွှင့်တပ်
သဇင် FM၊ ပြင်ဦးလွင်မြို့။ (ဖုန်း ၀၃၃- ၆၀၁၇၀)

၆။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/မြို့နယ်ရဲစခန်းတို့မှ ထောက်ခံစာမူရင်း၊ မိဘများသဘောတူညီကြောင်းထောက်ခံချက်၊ တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံတို့အား ပူးတွဲတင်ပြရမည်။

၇။ ပဏာမလူတွေ့စစ်ဆေးခြင်းကို မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့တွင် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာ လျှောက်လွှာတင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၈။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား(မှော်ဘီ)(ဖုန်း ၀၃၁-၆၀၂၇၈)၊ မြဝတီရုပ်မြင်သံကြား(နေပြည်တော်) (ဖုန်း ၀၃၁-၇၄၂၇၄)နှင့် သဇင် FM၊ ပြင်ဦးလွင် (ဖုန်း ၀၃၃-၆၀၁၇၀) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**၂။ ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

**၃။ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

**၄။ ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္တဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

**၅။ ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

**၁၁။ စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

**၁၂။ စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

**၁၃။ ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

**၁၄။ ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

**၁၅။ ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

**၁၆။ ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

**၁၇။ ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀,၀၀၀ | ကျပ် |

**၁၈။ ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**




ပင်ရင်းအရောင်း-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ကုန်ဆုံးသွားသောစွမ်းအားများ

DAGON MALTA FRESH နဲ့ ပြည့်စွမ်းထား




ပင်ရင်းအရောင်း- ဖုန်း - ၀၁ ၆၅၁၀၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင် ဆဋ္ဌမတိုက်တန်းရှိ အငှားချထားမည့် ဆိုင်ခန်းအမှတ်(၂၁)အတွက် ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင် ဆဋ္ဌမတိုက်တန်း၊ (၁၂.၅၀' x ၃၀')ရှိ ဆိုင်ခန်းအမှတ်(၂၁)ကို ဈေးပြိုင်တင်ဒါခေါ်ယူ၍ အောက်ဖော်ပြပါအစီအစဉ်အတိုင်း အငှားချထားမည်ဖြစ်ပါသည်-

(က) တင်ဒါတင်သွင်းမည့်သူသည် မြန်မာနိုင်ငံသား/ဗုဒ္ဓဘာသာဝင်ဖြစ်ရမည်။

| | | |
|---|---|---|
| (ခ) လျှောက်လွှာပုံစံ စတင်ရောင်းချမည့်နေ့ရက် | - | ၁-၁၀-၂၀၂၆ ရက်၊ ရုံးချိန်အတွင်း |
| (ဂ) လျှောက်လွှာပုံစံအရောင်းပိတ်မည့်နေ့ရက်/အချိန် | - | ၅-၁၀-၂၀၂၆ ရက်၊ (၁၆:၀၀)နာရီ |
| (ဃ) လျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးနေ့ရက်/အချိန် | - | ၁၀-၁၀-၂၀၂၆ ရက်၊ (၁၆:၀၀)နာရီ |
| (င) တင်ဒါဖွင့်မည့်နေ့ရက်/အချိန်/နေရာ | - | ၁၁-၁၀-၂၀၂၆ ရက်၊ (၁၀:၀၀)နာရီ ပြည်ပလှူဖွယ်ပြတိုက်၊ မဟာမုနိရင်ပြင်တော် |
| (စ) လျှောက်လွှာပုံစံ(၁)စုံ ဈေးနှုန်း | - | ကျပ် (၃၀,၀၀၀) |

၂။ လျှောက်လွှာပုံစံ ဝယ်ယူ/တင်သွင်းခြင်းကို တင်သွင်းမည့်သူကိုယ်တိုင် မှတ်ပုံတင်မူရင်းနှင့်တကွ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး၊ စီမံခန့်ခွဲရေးဌာနတွင် ဝယ်ယူ/တင်သွင်းရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၉-၄၄၄၀၁၀၆၀၀၄၊ ၀၉-၇၉၄၀၄၄၄၇၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံကော်မတီ
မဟာမုနိဂေါပကအဖွဲ့၊ မန္တလေးမြို့။

## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထက-မြို့သစ်၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မဖြိုးအိကျော်၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်း ဖြစ်ပါကြောင်း။

ဦးထွန်းဝင်း(၉/တသန(နိုင်)၀၆၆၈၃၉)

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၁ ရပ်ကွက်၊ ရတနာမြိုင်လမ်း၊ အမှတ် ၁၁၇ နေ မနှင်းဝေလွင် (ဘ) ဦးသိန်း(၁၂/အစန(နိုင်)၂၁၈၇၇၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-782761)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-788577001

## စားသောက်ဆိုင်ဝန်ထမ်းအလိုရှိ

အထွေထွေ - အမျိုးသမီး (၄) ဦး
လစာ - ၂၅၀၀၀၀ ကျပ်
စားရိတ်ငြိမ်း

မန္တလေးမြို့
09-663331320
09-403750763

## မီးလောင်မှုဖြစ်ပွားသည့်ပုံစံနှင့် မီးငြိမ်းသတ်ရန်နည်းလမ်းများ။

၁။ လူနှင့်အဝတ်အစားများကို မီးလောင်ခြင်း။
- ကြောက်လန့်တကြားမပြေးပါနှင့်။
- မြေကြီး(သို့) ကြမ်းပြင်ပေါ်သို့ လှဲချ၍ ခန္ဓာကိုယ်ကို လှိမ့်ပါ။
- ရေစိုသောအဝတ်စဖြင့် မီးလောင်သူကို ဖုံးအုပ်ပါ။



၂။ သစ်သား၊ စက္ကူများလောင်ကျွမ်းခြင်း။
- ရေ၊ ရေစိုအဝတ်(သို့) သဲ၊ မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ပါ။

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် စက်တင်ဘာ ၂၇

၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

ကြေးမုံ ယနေ့ဖတ်စရာ

**နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲ ကျင်းပ**

စာမျက်နှာ - ၁၉

**အသား၊ ငါး ဖူလုံဖို့ မွေးမြူရေး လုပ်ငန်းများ ဖော်ဆောင်စို့**

ဆောင်းပါး

စာမျက်နှာ - ၁၀

# ကမ္ဘာ့ဖလားနဂါးလှေလျှော်ပြိုင်ပွဲ တတိယနေ့တွင် မြန်မာအသင်းက ငွေတံဆိပ်တစ်ခု ထပ်မံရရှိသဖြင့် ငွေ သုံးခု၊ ကြေး နှစ်ခု ဆွတ်ခူးခဲ့

ရန်ကုန် စက်တင်ဘာ ၂၇

တရုတ်နိုင်ငံ ယွမ်လင်မြို့တွင် စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်ထိ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်၏ ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲ တတိယနေ့ နောက်ဆုံးပွဲစဉ် အမျိုးသားအလွတ်တန်း ၁၀ တက်လှော် ကီလိုမီတာ ၁၄၀၀၀ မာရသွန်နဂါးလှေလှော်ပြိုင်ပွဲတွင် ယူကရိန်းနိုင်ငံအသင်းက ပထမ၊ မြန်မာနိုင်ငံအသင်းက ဒုတိယနှင့် အိမ်ရှင်တရုတ်နိုင်ငံအသင်းက တတိယ ရရှိခဲ့ကြသည်။

အဆိုပါ ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအသင်းအနေဖြင့် စက်တင်ဘာ၂၅ ရက်က ငွေတံဆိပ်တစ်ခု၊ စက်တင်ဘာ ၂၆ ရက်က ငွေတံဆိပ်တစ်ခု၊ကြေးတံဆိပ်နှစ်ခုရရှိခဲ့ပြီး ယနေ့တွင်

စာမျက်နှာ ၂၁ ကော်လံ ၄ ❖

အမျိုးသားအလွတ်တန်း ၁၀ တက်လှော် ကီလိုမီတာ ၁၄၀၀၀ မာရသွန် နဂါးလှေလှော်ပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သည့် မြန်မာအသင်းကို တွေ့ရစဉ်။




# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သီတင်းကျွတ်ပွဲတော်၌ မီးပုံးပျံ အလုံး ၃၀၀၀၀ လွှတ်တင်မည်



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သီတင်းကျွတ်ပွဲတော်၌ မီးပုံးပျံအလုံး သုံးသောင်း လွှတ်တင်နိုင်ရန် ကြိုတင် စမ်းသပ် ဆောင်ရွက်နေစဉ်။

ပုဂံ စက်တင်ဘာ ၂၇

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေတွင် ယခုလာမည့် သီတင်းကျွတ်ပွဲတော်တွင် မီးပုံးပျံအလုံး ၃၀၀၀၀ လွှတ်တင်သွားမည်ဖြစ်ပြီး ထိုသို့လွှတ်တင်နိုင်ရန် ကြိုတင်စမ်းသပ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ဒီနှစ် ပုဂံသီတင်းကျွတ်ပွဲတော်မှာ မီးပုံးပျံ ၃၀၀၀၀ လွှတ်တင်ဖို့ရှိပါတယ်။ အဖိတ်နေ့နဲ့ လပြည့်နေ့မှာ နှစ်ရက်ခွဲပြီး လွှတ်တင်မှာပါ။မီးပုံးပျံပြုလုပ်ဖို့ မြင်းကပါရွာကို အပ်ထားပါတယ်။ တောင်ကြီးက မီးပုံးပျံအဖွဲ့လဲ ရောက်နေပါတယ်။ အလုံးရေများတဲ့အတွက် မီးသတ်ဌာနအပါအဝင် သက်ဆိုင်ရာဌာနအားလုံးနဲ့

စာမျက်နှာ ၂၁ ကော်လံ ၁ ❍

# လေဖိအားနည်းဆဲလ်အရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂၇

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီးမြောက်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင်

စာမျက်နှာ ၂၂ ကော်လံ ၄ ■

